ကြည်အေး

ရှူးဆေဝနှိုးအချိုမှာယ်

# ပရဒေလာကာနယ်



http://www.cherrythitsar.org

# ထူးဆန်းအံ့ဖွယ်ပရလောကနယ်

ကြည်ဦး

ရန်အောင်

စာပေ

၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

ဖုန်း - ၇၂၂၅၇၂

http://www.cherrythitsar.org

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ်
၄၄၉/၂၀၀၂ (၅)
မျက်နှာဖုံးခွင့်ပြုချက်
၄၉၈/၂၀၀၂ (၆)
ပုံနှိပ်ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ
မျက်နှာဖုံးပန်းချီ
စိုးအောင်
အုပ်ရေ
၁၀၀၀
စာအုပ်ချုပ်
ကိုမြင့်
အတွင်းပုံနှိပ်
ဦးတင်မောင်ဝင်း (၀၅၉၄၆) သင်းလဲ့ဝင်းပုံနှိပ်တိုက်
၁၊ ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်
ဦးထွန်းထွန်း (၀၂၇၂၆) (အောင်မြင့်ထွန်းပုံနှိပ်တိုက်)
၂၄၄၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးမောင်ကလေး (၀၀၆၅) သောကြာစာပေတိုက်
အမှတ် ၁၅၊ သြဘာလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး (၄၀၀ ကျပ်)

ရန်အောင်စာပေ

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်သူများအား ဆန့်ကျင်ကြ၊
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

ရန်အောင်စာပေ

http://www.cherrythitsar.org

# စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

# လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| * စကားလက်မွန် | ၃ |
| * အဘိုးပေးသည့် ဆေးတံပိုး | ၁၅ |
| * ပရလောကမှ ချစ်မောင်နှမ | ၂၇ |
| * ပြိတ္တာနှင့် နပန်းလုံးခဲ့သော ငတိုး | ၄၁ |
| * ဝိညာဉ်စံအိမ် | ၅၅ |
| * ပြောမယုံ ကြုံဖူးမှသိ | ၇၉ |
| * ဘဝစက်ဝိုင်းကြီး ချာချာလည် | ၉၂ |
| * ဘိုးသူတော်ကပေးသည့်အရင်းအနှီး | ၁၀၈ |
| * ပြာပုံစခန်းမှ လွမ်းကျိန်စာ | ၁၁၉ |
| * နှစ်ဘဝစံ | ၁၄၁ |
| * ဘယ်မှာမှန်းသိနိုင်ပါ | ၁၅၈ |


ရန်အောင်စာပေ

http://www.cherrythitsar.org

# စကားလက်မွန်

ပုထုဇဉ်တို့၏ ကွယ်လွန်ချိန်တွင် လားရာရောက်ရာ "ဂတိငါးပါး" ဟူ၍ ရှိသည်။ ထိုဂတိငါးပါးသည်ကား ဒေဝဂတိ (နတ်ပြည်–ဗြဟ္မာပြည်)၊ မနုဿဂတိ (လူ့ပြည်)၊ နိရယဂတိ(ငရဲပြည်) တို့ဖြစ်သည်။ ဘုရားရှင်ဟောကြားတော်မူထားသည့် ဇာတ်တော်များ၌ တွေ့ရသည်မှာ (ပြိတ္တာဟူသည် အပါယ်လေးပါးသတ္တဝါတို့တွင် အပါအဝင်ဖြစ်သော်လည်း လူ့ပြည်လောကအတွင်းမှာပင် တောအုံ၊ ချုံကြားသစ်ပင်ကြီးငယ်များကို မှီခို၍ ဆင်းရဲမှုကြီးစွာ ခံစားနေရသော သတ္တဝါများပင်ဖြစ်သည်)ဟု ဆိုထား၏။

ပြိတ္တာဟု ဆိုထားသော်လည်း သရဲ၊ တစ္ဆေ၊ မြေဖုတ် ဘီလူး၊ မကောင်းဆိုးဝါး၊ မင်ကြောင်စသည်ဖြင့် အားလုံးပါဝင်သည်။ သူတို့သည် လူ့ဘဝတွင် ရှိစဉ်အခါက မိမိကိုယ်တိုင်လည်း ဒါနမရှိ၊ သူတစ်ပါး လှူဒါန်းသည်ကိုလည်း ငြူစူဝန်တိုစိတ်ရှိခြင်း၊ တားမြစ်ခြင်း၊ အန္တရာယ်ပြုခြင်း စသည်များကို ပြုကျင့်ခဲ့ကြသူများ ဖြစ်လေသည်။ မိမိပြုလုပ်ခဲ့သော မိမိ၏ကံကြောင့် ပြိတ္တာဘဝသို့ ရောက်ရခြင်း၊ အစာငတ်မွတ် ခေါင်းပါးခြင်းစသည့် ဘေးဒုက္ခများကို နှစ်ပေါင်းရာထောင်မက ခံစားကြရသည်။ ဘုရားတစ်ဆူနှင့်တစ်ဆူ အကြား ကာလပတ်လုံးအထိ အဝတ်မဲ့၊ အစားမဲ့ဘဝဖြင့် နေကြရသည်။ ထမင်းတစ်လုံးကိုမျှ ပင်ပန်းကြီးစွာရှာကြ၍ စားသောက်ကြရသည်။

ရန်အောင်စာပေ

ဤအဖြစ်ကို ဗိမ္ဗိသာရမင်းကြီးကိုယ်တိုင် နန်းရင်ပြင်၌ လျှောက်သွားစဉ် ကိုယ်ထင်ပြ၍ ခြောက်လှန့်ကာ အဝတ်နှင့်အစား ကို တောင်းဆိုကြသည့် ပြိတ္တာများ၏ဘဝကို ဓမ္မပဒဝတ္ထုတော်ကြီး တွင် တွေ့ရသည်။ ဘုရားအမှူးရှိသော သံဃာတော်များကို သင်္ကန်း လှူခြင်း၊ ဆွမ်းလှူခြင်း၊ ကျောင်းဇရပ်စသည် လှူတန်းခြင်းဖြင့် ပြိတ္တာတို့အတွက် အဝတ်အစားနှင့် နေရာထိုင်ခင်းများကို ရစေ သည်ဟု ထိုဝတ္ထုတွင် ဖော်ပြထား၏။

အချို့သူတို့သည် ဘဝကိုပေါ့ဆစွာ နေထိုင်ခဲ့ကြသည်။ ရခဲလှစွာသော လူ့ဘဝကြီးကိုရပါလျက် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးကို ယုံကြည်ကိုးကွယ်မှုမထားဘဲ ဖြစ်ရာဘဝ၌ ပျော်ပျော်ကြီးနေကာ မေ့မေ့လျော့လျော့ နေခဲ့ကြသည့် အတွက် လားရာဂတိမကောင်းကြဘဲ ဆင်းရဲဒုက္ခကြီးစွာဖြင့် ခံစား ကြရလေသည်။ တစ်ဘဝများဖြစ်သည်ဟု ဤသူများကို ခေါ်ကြရ မည်ဖြစ်သည်။

အချို့သူတို့ကား တမလွန်ဘဝကိုလည်း လက်မခံ၊ လားရာ ဂတိရှိသည်ကိုလည်း ယုံကြည်မှုမထားဘဲ ပြက်ရယ်ပြုခဲ့ကြသည်။ ဒါန၊ သီလ၊ ဘာဝနာကိုလည်းကျောခိုင်းထားကာ “ဒီဘဝ ဒီကိုယ်၊ နောင်ဘဝ နောင်ကိုယ်”ဟု သဘောထားကြသည်။ နောင်ဘဝ နောင်ကိုယ်ဟု ဘဝကိုအလေးမထားသူများအတွက် သာဓကတစ်ခု ကို တင်ပြလိုပါသည်။

ရန်အောင်စာပေ

အသက်ရှစ်ဆယ်နားသို့ ကပ်နေပြီဖြစ်သော စာရေးသူ၏ ဘဝတွင် ဤအတွေ့အကြုံများစွာ ရှိခဲ့သည့်အနက်မှ တစ်ခုကို တင်ပြလိုပါသည်။ စာရေးသူ၏ မိဘမျိုးရိုးသည် လယ်ယာလုပ်ကိုင်သူများဖြစ်ကြလေရာ စာရေးသူ၏ အဘွားလက်ထက်တွင် ထူးဆန်းသော အတွေ့အကြုံတစ်ခု ဖြစ်ခဲ့ဖူးလေသည်။ ထိုအတွေ့အကြုံသည်ကား အဘွားတို့ထံမှ ငွေငါးဆယ် ချေးယူသွားသည့် ကိုဘိုးကျွန်းဆိုသူသည် နောင်နှစ် စပါးပေါ်ချိန်တွင် ဤငွေကိုပြန်ဆပ်ပါမည်ဟု ကတိပေးသွားသည်။ သို့သော် ကိုဘိုးကျွန်းသည် စပါးပေါ်ချိန်မရောက်မီမှာ ကွယ်လွန်သွားရှာပြီးလျှင် "ငွေငါးဆယ်ကို ဆပ်ရဦးမယ်"ဟူသော ကွယ်လွန်ချိန်၌ စွဲလမ်းသွားသော စိတ် ကြောင့် အဘွားတို့ထံမှာ ကျွဲဖြစ်လာသည်။

ကျွဲကလေး ရိုးရိုးဖြစ်လာလျှင် ပြဿနာမဟုတ်၊ ယခုသော်ကား ဘိုးဘိုးကျွန်းသည် အဘွားကိုအိပ်မက်လာပေးသည်။ "အစ်မရယ် အစ်မငွေငါးဆယ်ကို မဆပ်နိုင်လို့ ကျွန်တော် အစ်မတို့အိမ်က မိကွယ်ကြီးဝမ်းမှာ ဝင်စားလာပါတယ်။ ထိပ်မှာ အဖြူကွက်ပါလာတာ ကျွန်တော်ပဲ။ ကျွန်တော့်ကို ခိုင်းချင်ရာခိုင်းပါ"လို့ အိပ်မက်ထဲမှာ ကိုဘိုးကျွန်းဟာ မျက်ရည်တွေသုတ်ပြီးပြောသတဲ့။ အဘွားမှာအိပ်မက်ကို ခဏခဏသတိရပြီး စိတ်မကောင်းဖြစ်နေရသည်။ ကျွဲနွားဆိုသည်မှာ တစ်ကောင်သာလျှင် မွေးဖွားရိုးရှိပါသော်လည်း အဘွားတို့မွေးထားသည့် ကျွဲမကြီးမိခင်မှာ ထူးဆန်းစွာဖြင့် အမြွှာပူးအဖြစ် နှစ်ကောင်မွေးလာသည်။ နှစ်ကောင်လုံး ကျွဲထီးကလေးများဖြစ်သည်။



http://www.cherrythitsar.org

တစ်ကောင်မှာ အိပ်မက်ထဲမှာ ကိုဘိုးကျွန်းပြောသွားသည့်အတိုင်း ထိပ်မှာ အဖြူကွက်ပါလာလျှင် အဘွားတစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ "ဩော် . . . ဖြစ်ရလေတယ် ဘိုးကျွန်းရယ်"ဟု ပင် ညည်းတွားမိသည်။

ထိုကျွဲကလေးကို "ဘိုးကျွန်း"ဟု ခေါ်လိုက်လျှင် လှည့်ကြည့်သည်။ ဤသို့ဖြင့် ကျွဲကလေးမှာ ကျွဲကြီးဖြစ်လာသည်အထိ သူ့ကို အဘွားတို့က မခိုင်းရက်ပါ။ ဝန်တင်လှည်းများကိုလည်း မရုန်းခိုင်းပါ။ အနည်းအပါး ပေါ့ပေါ့ပါးပါးလောက်သာ ခိုင်းခဲ့သည်။ ဘိုးကျွန်းတစ်နှစ်သားအရွယ် ရှိလာသည့်တစ်နေ့တွင် သူ၏ဘဝဟောင်းမှ သားသမီးများသည် သူတို့အဖေသေ၍ အဘွားတို့ထံမှာ ကျွဲဖြစ်နေသည်။ ကျွဲကိုလည်း "ဘိုးကျွန်း"ဟု အမည်ပေးထားသည် ဟုဆိုကာ အသရေဖျက်မှုဖြင့် အဘွားတို့ကို တရားစွဲသည်။ အဘွားတို့ကလည်း ကျွဲကို တရားရုံးသို့ခေါ်သွားပြကာ တရားသူကြီးမျက်မှောက်မှာပင် "ဘိုးကျွန်းဟုတ်သလား၊ ဘိုးကျွန်းသေပြီး ဝင်စားလာတယ်လို့ အိပ်မက်ပေးတယ်ဆိုတာ၊ အမှန်လား"ဟု ရှေ့နေများကို မေးခိုင်းသည်။ ကျွဲလေးက မေးခွန်းတိုင်းမှာ ခေါင်းညိတ်ပြသည်။ ထိုအခါမှ အဘွားကို ငွေငါးဆယ်ပေးဆပ်၍ သူတို့အဖေဖြစ်ခဲ့သည့် ကျွဲကလေးကိုဝယ်သည်။ အဘွားက ငွေငါးဆယ်ကို ပြန်မယူဘဲ ကျွဲကလေးကို ပြန်ပေးလိုက်သည်။

လားရာဂတိငါးပါးတွင် "တိရစ္ဆာန်ဂတိ"ဟူသော တိရစ္ဆာန်များ နေထိုင်ကျက်စားရာ ဘုံဌာနသို့ ရောက်သွားရသူများ၏ဘဝကိုမူ ပကတိမျက်စိဖြင့် လူတိုင်းပင် မြင်တွေ့နိုင်ကြသည်။ သူ့ဘဝကို သူသိနေသော ဘိုးကျွန်းခေါ် ကျွဲကလေးသည် မည်မျှ စိတ်ဒုက္ခခံစားနေရရှာမည်ကို စဉ်းစားကြည့်လျှင် သိနိုင်ပေမည်။ အထက်ဘုံဖြစ်သော လူ့ပြည်၊ နတ်ပြည်သို့မရောက်ဘဲ အောက်ဘုံဖြစ်သည့် အပါယ်သို့သွားရာလမ်းကြောင်းဖြစ်သော (လူနတ်တို့၏ ဘဝကဲ့သို့ အထက်သို့မတက်နိုင်ဘဲ ဖီလာကန့်လန့်အားဖြင့် နေထိုင်ရသည့် ဘဝဖြစ်သောကြောင့် တိရစ္ဆာန်ခေါ်ကြောင်းကို ဓိနာလင်္ကာရ ဋီကာတွင် ဖွင့်ဆိုထားလေသည်။

လူတို့၏ အနှိပ်စက်ခံ၊ အခိုင်းခံနေရသည့်ဘဝ၊ သို့တည်းမဟုတ် သတ်ဖြတ်ညှဉ်းဆဲမှုကို ခံနေရသည့် တိရစ္ဆာန်တို့၏ဘဝ၊ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်စားသောက်ခြင်းကို ခံနေရသည့် တိရစ္ဆာန်ဘဝသို့ရောက်နေရသည့် သတ္တဝါများသည်၊ ပါဏာတိပါတကံကိုလည်း အမြဲကျူးလွန်နေရသောကြောင့် သေပြန်လျှင်လည်း တိရစ္ဆာန်ဘဝသို့သာ အဖန်ဖန်အထပ်ထပ် ရောက်နေကြရတော့၏။ ထို့ကြောင့် လူ့ဘုံဟူသော အမြတ်စားဘဝသို့ ရောက်လာကြရသည့် အခါတွင် ကောင်းကျိုးကိုယ်၌ တည်စေရန်အတွက် သတိပြုနိုင်ရန် ပရလောကသားများ၏ဘဝဖြစ်သော အသူရကာယ်ဘုံသားများ၏ ဘဝကို လေ့လာမိသမျှ တင်ပြရေးသားကာ သတိပေးရခြင်းဖြစ်သည်။

အသူရကာယ် ဘုံသားများဖြစ်သည့် ပရလောကတွင်လည်း ကလေးမွေးခြင်း၊ အိမ်ထောင်ပြုခြင်း စသည့် အမှုများရှိနေပါသည်ဟု ဆိုလျှင် မယုံကြည်သူများက ရယ်သွမ်းသွေးချင်ကြသည်။ ပြက်ရယ်ပြုလိုကြသည်။ ဒါတွေကို ယုံကြည်လက်ခံသလားဟု စာရေးသူကို လာရောက် ဆွေးနွေးကြသည်။ ထိုအခါ စာရေးသူက "ယုံကြည်ပါသည်။ လက်ခံပါသည်။ မျက်မြင်ကိုယ်တွေ့လည်း ရှိပါသည်။ အရှင်ဘုရားကိုယ်တော်မြတ်ကြီးကလည်း ရှိသည်ဟု ဟောတော်မူထားပါသည်"ဟု သက်သေပြရလေသည်။

"ပါပေါပိ ပဿတိအဒြ" အစရှိသော ဘုရားရှင်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ်က အနာထပိဏ် သူဌေးကြီးကို အကြောင်းပြု၍ ဟောကြားတော်မူထားသည့် တရားဒေသနာတော်ကို အကျယ်ပြောပြရသည်။

အနာထပိဏ်သူဌေးကြီး၏ အိမ်သို့ ဘုရားရှင်နှင့်တကွသော တပည့်သားသံဃာတို့သည် နေ့စဉ်ကြွလာတော်မူလေရှိရာ၊ ထိုသို့ ကြွလာတော်မူသောအခါ၌ သူဌေးကြီးအိမ်တံခါးဝမှာ စောင့်နေရသော နတ်သည် ဘုရားရှင်နှင့်သာဝကများ၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် တံခါးမုခ်ဦး၌ မနေဝံ့ကြဘဲ ကလေးငယ်များကိုခေါ်ကာ သင့်လျော်ရာသို့ ရွှေ့ပြောင်းနေကြရ၏။ ထိုအခါ တံခါးစောင့်နတ်၏ စိတ်၌ ဘုရားရှင်နှင့်တကွ သာဝကများ ဤအိမ်သို့မကြွလာနိုင်အောင် ကြံစည်မည်ဟုဆိုကာ တစ်နေ့သောအခါ၌ သူဌေးကြီး၏ အိပ်ခန်းသို့ဝင်၍ ကိုယ်ထင်ရှားပြလေ၏။



http://www.cherrythitsar.org

ထိုအခါ သူဌေးကြီးက မြင်၍ "သင်ဘယ်သူလဲ"ဟုမေး၏။ တံခါးစောင့်နတ်က "ကျွန်ုပ်တံခါးစောင့်နတ်ဖြစ်သည်။ သူဌေးကြီးကို စကားပြောချင်၍လာသည်။ ...." ဟု ဖြေလျှင် သူဌေးကြီးက "ပြောလိုသည့်စကားကိုပြောပါ ...." ဟု ခွင့်ပြုသည်။ တံခါးစောင့်နတ်က" သူဌေးကြီး ....သင်ဟာ ရဟန်းဂေါတမ၏ သာသနာမှာ ဥစ္စာပစ္စည်းများ ပြန့်ကြဲဆုံးရှုံးအောင် လှူဒါန်းခဲ့သောကြောင့် ယခုသင်ဆင်းရဲနေပြီ။ နောက်သုံးရက် လေးရက်ကြာလျှင် သင်စားစရာပင်ရှာမရအောင် ဆင်းရဲသွားတော့မည်။ သင်ဤသို့ လှူတန်းနေခြင်းသည် ဘာအကျိုးရှိမည်မဟုတ်၊ ဆင်းရဲခြင်းသာ သင်ဖြစ်ရပေတော့မည်"ဟု ပြောလျှင် သူဌေးကြီးကပြန်မေးသည်။"တံခါးစောင့်နတ်မင်း သင်ပြောလိုသည့်စကားများက ဤစကားများလား ...."ဟု ဆိုလျှင် "သူဌေးကြီး ....ဟုတ်ပေသည်၊ မှန်ပေသည်၊ ကျွန်ုပ်သင့်ကိုပြောလိုသည်မှာ ဤစကားများပင်ဖြစ်သည် ...."ဟု တံခါးစောင့်နတ်မင်းက ပြန်ပြော၏။

"ဒါဖြင့် ....နတ်မင်း ဆက်မပြောနှင့်တော့၊ ငါ့စေတနာကို သင့်လိုနတ်မျိုးအရာ၊ အထောင်မကလာပြောသော်လည်း ငါ့စေတနာပျက်မည်မဟုတ်၊ သင်သွားတော့၊ ငါ့အခန်းထဲက အမြန်ထွက်သွားတော့...."ဟု သူဌေးကြီးက နှင်ထုတ်လျှင်၊ တံခါးစောင့်နတ်သည် သောတာပန်ဖြစ်သော ဘုရားရှင်၏ တပည့်သာဝကလည်းဖြစ်သော သူဌေးကြီး၏ အမိန့်ပေးစကားကို ကြားလိုက်ရသည်နှင့် ရပ်တည်ခြင်းမှာ မနေနိုင်တော့ပဲ သားသမီးငယ်များကို ယူကာ

ထွက်ပြေးသွားရလေတော့၏။

(ဤတွင် ရတနာသုံးပါးကို စွဲမြဲယုံကြည်စွာဖြင့် ကျင့်ကြံအားထုတ်နေသူအား မည်သို့သော ပုဂ္ဂိုလ်မျှ မနှောင့်ယှက်နိုင်သည်မှာ ထင်ရှားနေလေသည်။) ထို့ပြင် လူတို့၏ ပကတိမျက်စိဖြင့် မမြင်နိုင်သော သူတို့၏ဘဝတွင်လည်း လူသားများကဲ့သို့ပင် အိုးအိမ်ထူခြင်း၊ သားမွေးခြင်းရှိသည်မှာ ထင်ရှားနေသည်။ (ဓမ္မပဒ ဝတ္ထုတော်ကြီး၊ တတိယတွဲပါပဝဂ်မှ)

စာရေးသူသည် ပရလောကသားများအကြောင်းကို ရေးခဲ့သည်မှာ စိတ်ကူးနှင့်ရေးခြင်းမဟုတ်ဘဲ ကိုယ်တိုင်ကြုံရသည်များ တစ်ဆင့်ကြုံတွေ့ရသူများ စသဖြင့် စာဖတ်သူများအတွက် သင်ခန်းစာတစ်ခုခုကို ရပါစေဟူသော စေတနာဖြင့် ရေးရခြင်းဖြစ်သည်။ ပုထုဇဉ်လူသားများမှာ လောဘ၊ ဒေါသ၊ မောဟတရားများရှိကြသည်ဖြစ်ရာ ထိုတရားများနောက်သို့ စိတ်အလိုလိုက်ကာ ပြုကျင့်မိကြပါလျှင် အကျိုးအမြတ် ဘာတစ်ခုကိုမျှ ရရှိကြမည်မဟုတ်ဘဲ ကိုယ်ကျိုးနည်းကြရမည်သာ ဖြစ်သည်ဟု သတိပေးသည့်အနေဖြင့်လည်း စေတနာရှေ့ဆောင်ကာ ရေးသားရခြင်း ဖြစ်ပါသည်။ ဤအကြောင်းအရာများကို ဖတ်ရှုကြရင်းဖြင့် မိမိတို့၏စိတ်ကို ထိန်းသိမ်းနိုင်ကြပါစေ၊ ရတနာသုံးပါးကိုလည်း ကိုင်းညွတ်လာကြပါစေဟု မျှော်လင့်ကာ စုဆောင်းရေးသားလိုက်ရခြင်းဖြစ်သည်ဟု ဝန်ခံလိုပါသည်။

ရန်အောင်စာပေ

အထက်တွင်ဖော်ပြခဲ့သည့် အနာထပိဏ်သူဌေးကြီးအိမ်မှ တံခါးစောင့်နတ်သည် သူဌေးကြီး၏ အကျင့်သိက္ခာသမာဓိကြောင့် နှင်ထုတ်လိုက်သည့် အချိန်မှာပဲ သားသမီးများကိုပါခေါ်၍ ထွက်သွားရလျှင် သူ့မှာ မှီခိုနေထိုင်စရာ ရှာမတွေ့သောကြောင့် သူဌေးကြီးကို တောင်းပန်ကာ သူပြောမိမှားသည်များကို ခွင့်လွှတ်ပါရန်အတွက် မြို့စောင့်နတ်မင်းကူညီပြောပေးပါဟု မြို့စောင့်နတ်မင်းဆီကို သွားပြီး အကူအညီတောင်းသည်။ သို့သော် မြို့စောင့်နတ်မင်းကလည်း သင်မသင့်မလျော်ပြောဆိုခဲ့တာ သင့်အမှားဖြစ်တယ်၊ ငါသည်လည်း သူဌေးကြီးအိမ်ကို မသွားဝံ့ပါဟု ငြင်းလိုက်၏။

(ဤတွင်သီလသမာဓိနှင့်ပြည့်စုံသူ လူသားအား မြို့စောင့်၊ ရွာစောင့်၊ အိမ်စောင့်စသည့် နတ်များကပင် ကြောက်ရွံ့ကြသည်မှာ ထင်ရှားနေလေသည်။)

တံခါးစောင့်နတ်သည် သာဝတ္ထိမြို့တော်၏နတ်ကြီးလေးပါးထံသို့သွားကာ အကူအညီပေးပါဟု တောင်းပန်ပြန်သည်။ နတ်ကြီးတို့ကလည်း သူတို့မတတ်နိုင်ပါဟု ဆိုပြန်လျှင် သိကြားမင်းထံသို့ သွားကာ မြို့စောင့်နတ်မင်းကို ပြောခဲ့သည့်အတိုင်းပြော၍ အကူအညီတောင်း၏။ ထိုအခါ သိကြားမင်းက သူသည်လည်း ဤအကြောင်းနှင့်ပတ်သက်၍ သူဌေးကြီးကိုမပြောဝံ့ပါ။ သို့သော်လည်း သင့်အတွက် ဖြစ်နိုင်တာတစ်ခုကိုတော့ ငါပြောပြမယ်ဟု ပြောသည်။ တံခါးစောင့်နတ်က ဖြစ်နိုင်တာကိုပြောပါ၊ သူလိုက်နာ



http://www.cherrythitsar.org

ဆောင်ရွက်ပါ့မယ်ဟုဆိုလျှင် သိကြားမင်းက အကြံတစ်ခုပေးသည်။

"သူဌေးကြီးမှာ တောင်းမရတဲ့ကြွေးတွေရှိတယ်၊ မြစ်ရေ တိုက်စားရာမှာ ကမ်းပြိုကျပြီး သိုဝှက်ထားတဲ့ပစ္စည်းဘဏ္ဍာတွေ သမုဒ္ဒရာထဲမျောပါသွားတာ အများကြီးပဲ၊ ဒီတော့သင်က သူဌေးကြီးရဲ့ ဘဏ္ဍာစိုးယောင်ဆောင်ပြီး သူဌေးကြီးလက်ထဲမှာရှိတဲ့ ကြွေးစာရင်း အားလုံးနှင့် ရေထဲပါသွားတဲ့ ပစ္စည်းစာရင်းတွေကိုကြည့်ပြီး အားလုံး ပြန်လည်ရရှိအောင် သင်ဆောင်ရွက်ပေးနိုင်လျှင် သူဌေးကြီးခွင့်လွှတ် ပြီး သင့်ကိုပြန်လက်ခံဖို့ ငါဆောင်ရွက်ပေးမယ် ...." ဟု ပြောသည်။ တံခါးစောင့်နတ်သည် ကောင်းပါပြီဟုဝန်ခံ၍ သူဌေးကြီး၏ဆုံးရှုံးလေ ပြီးသော ဘဏ္ဍာအားလုံးကို ပြန်လည်ရရှိအောင် ဆောင်ရွက်ပေး လိုက်၏။

ထို့နောက်မှ သူဌေးကြီးအိပ်ခန်းသို့သွားရောက်ကာ ရှေးက အတိုင်း ကိုယ်ထင်ရှားပြလိုက်လျှင် သူဌေးကြီးက "အသင်ဘယ် သူလဲ"ဟု မေး၏။ တံခါးစောင့်နတ်က"အရှင်သူဌေးမင်း ကျွန်ုပ် မိုက်မဲသောစိတ်ဖြင့် သူဌေးမင်း၏ သဒ္ဓါစိတ်ကို အနှောင့်အယှက်ပြု ကာ ပြောမှားခဲ့သည့်အပြစ်ကြောင့် သားသမီးယေ်များနှင့် နေထိုင် စရာမရှိဘဲ ဒုက္ခရောက်နေရပါသည်။ ကျွန်ုပ်အား ခွင့်လွှတ်ကာ နေရာဟောင်း၌ ပြန်လည်နေထိုင်ခွင့်ပြုပါ"ဟု တောင်းပန်စကား ဆိုကာ သူဌေးကြီး၏ ဘဏ္ဍာတိုက်၌ သူဆောင်ရွက်ပေးခဲ့သည့် ကုဋေများစွာသော ဥစ္စာတို့ဖြင့် ပြည့်လျှံ၍နေပါပြီဆိုသော အကြောင်း

ကိုပါ ပြောပြလေ၏။

အနာထပိဏ်သူဌေးကြီးသည် တံခါးစောင့်နတ် ပြောဆိုသည်များအား အလွန်အံ့ဩမိကာ ဘုရားရှေ့တော်သို့ တံခါးစောင့်နတ်အား ခေါ်သွားပြီးလျှင် ဖြစ်ခဲ့သမျှအားလုံးကို လျှောက်ထားလေသည်။ နတ်သည်လည်း ဘုရားရှင်၏ခြေတော်ရင်း၌ ဦးခေါင်းကို ဝပ်လျက် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ... တပည့်တော်သည် အလွန်မိုက်မဲတွေဝေခြင်းကြောင့် ရှင်တော်ဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို မသိသဖြင့် ယုတ်မာသောအမှုကို ပြုမိပါသည် ဘုရား၊ ထိုအပြစ်များကို ခွင့်လွှတ်တော်မူပါဘုရား ... တပည့်တော်၏ အမှားကို သည်းခံတော်မူပါဘုရား"ဟု ဘုရားရှင်ကိုလည်း ကန်တော့၏။ သူဌေးကြီးကိုလည်း ကန်တော့၏။

ထိုအခါ ဘုရားရှင်သည် ကောင်းမှုမကောင်းမှုစသော ကံတို့၏ အကျိုးအစွမ်းဖြင့် သူဌေးကြီးကိုလည်းကောင်း၊ နတ်ကိုလည်းကောင်း ဆုံးမတော်မူလိုသဖြင့် "သူဌေးကြီး ... ဤလောက၌ ယုတ်မာသောပုဂ္ဂိုလ်သည်လည်း၊ မကောင်းမှုကိုများစွာပြုပါသော်လည်း မကောင်းသောအကျိုးကို မဖြစ်စေသေး ကောင်းကျိုးအနည်းငယ်မျှကို တွေ့နေရသေး၏။ ထိုအခါ ယုတ်မာသောထိုပုဂ္ဂိုလ်သည် သူပြုသောအကျိုးကို ကောင်းသည်ဟုသာမှတ်ယူ၏။ ကောင်းမှုနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်လည်း ကောင်းမှုကို မည်မျှလောက်ပင် ပြုပါသော်လည်း မကောင်းကျိုးပေးလျက်

ရှိနေသေးသည်ကို မြင်ရတတ်သေး၏။ သို့သော်ကောင်းမှုသည် ကောင်းကျိုးကိုသာပေးတတ်၏။ မကောင်းမှုသည် မကောင်းသော အကျိုးကိုသာပေးတတ်၏။ အနာထပိဏ်သူဌေးကြီး ...”ဟု မိန့်တော်မူကာ အနုသန္ဓေစပ်လျက် ဒေသနာတော်ကို ဟောကြားတော်မူလျှင် တံခါးစောင့်နတ်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

လူသားတို့သည် ကောင်းမှု မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ်ဟူသော စကားများကို အမြဲမပြတ်ကြားနေရပါသော်လည်း ကောင်းမှုကံ၊ မကောင်းမှုကံ၏ လမ်းစဉ်တရားကိုမူ လိုက်နာကျင့်ကြံသူ နည်းပါးလှ၏။ ကုသိုလ်၊ အကုသိုလ် ဟူသော ဆောင်ရန်၊ ရှောင်ရန် ဤတရားနှစ်ပါးသည် ဗုဒ္ဓဘာသာမှာသာ တွေ့ရပါ၍ အလေးအနက်ထားကာ သတိပြုသင့်ကြပါ၏။ သို့မှသာလျှင် အသူရကာယ်ဘုံသို့ ရောက်သွားရန် လမ်းကြောင်းများ ပိတ်သွားမည် ဟူသောစေတနာဖြင့် မကောင်းမှုကံများကို ရှောင်ရှားနိုင်ရန် ဤစာစုကို ပြုစုရပါသည်။ ကောင်းကျိုးကိုယ်၌ တည်ကြပါစေသတည်း။

*ဆန္ဒပြည့်ဝကြပါစေ*

*ကြည်ဦး*

၀

# အသိုးပေးသည့် ဆေးတံပိုး

ကျွန်မအသက် လေးငါးနှစ်အရွယ်လောက်မှာ ထူးဆန်းအံ့သြဖွယ်ကောင်းသည့် ဗိန္ဒောဆေးဆရာတစ်ယောက်ကို တွေ့ခဲ့ဖူးလေသည်။ ထိုဆရာသည် အသက်လေးဆယ်အရွယ်ခန့် ရှိပြီးလျှင် အသားညိုညို၊ အလုံးအရပ် ခပ်ပျပ်ပျပ်စကားပြောလျှင် လေသံတိုးတိုးနှင့် အေးဆေးစွာပြောတတ်၏။ သူ့ခေါင်းပေါ်ရှိ ဆံပင်ရှည်ကိုလည်း ဆီရွှဲရွှဲနှင့်လူးကာ သေသပ်စွာထုံးနှောင်၍ ခေါင်းပေါင်းစဖြင့် ပတ်ပေါင်းထားကာ သပ်ရပ်စွာ သွားလာနေထိုင်တတ်၏။

ကျွန်မအမေက သူ့ကို ကိုသာဖေဟုခေါ်သည်။ ကျွန်မတို့မောင်နှမများက ဦးလေးကိုသာဖေဟု ခေါ်သည်။ သူက ကျွန်မတို့အရပ်သားမဟုတ်ပါ။ ကျွန်မတို့အရပ်နှင့် အနည်းငယ်လှမ်းသည့် "သစ်တိုကျွန်း" ဟူသော ရွာကလေးမှာနေသည်။ ကျွန်မတို့အရပ်သို့ သူဆေးလာကုတိုင်း အိမ်ကို ရောက်လာနားခိုတတ်သည်။ ညအိပ်တော့နေလေ့မရှိပါ။ ကွမ်းစား၊ လက်ဖက်ရည်ကြမ်းသောက်၊

သူကုသလာရသည့် လူနာများအကြောင်း စသည်များကို အမေ့အား ပြောပြတတ်သည်။ သူကုသရသည်မှာလည်း ရောဂါကြီးများ မဟုတ်ပါ။ လေထိုး၊ ခေါင်းကိုက်၊ မျက်စိနာ၊ ရင်ဘတ်နာစသည့် ဝေဒနာများနှင့် "ပေါင်ရင်းသက်တံ့ပေါက်သည်"ဟုခေါ်သည့် ပေါင်ရင်းတွင် အဖုအကျိတ် အမြောင်းကြီးဖြစ်ကာ၊ မခံမရပ်နိုင်လောက်အောင် ကိုက်ခဲနာကျင်နေပြီးလျှင် နောက်ဆုံး၌ ထိုနေရာတွင် အနာလုံးပေါ်လာသည်။ ပြည်မပေါက်မချင်း အော်ဟစ်နေရသည်။ အချို့ဆရာများက ထိုအနာကို ထုံးမန်း၊ ဓားမန်း စသည်ဖြင့် မန်းမှုတ်ကာကုသသည်။ ထိုအခါ အဆင်မသင့်လျှင် လူနာသည် ရောဂါပျောက်ကင်းသည် မှန်ပါသော်လည်း ပေါင်ရင်းအကြောကို ထိခိုက်သွားတတ်သောကြောင့် ပေါင်တစ်ဖက်ဆာသွားကာ လမ်းကောင်းစွာ မလျှောက်နိုင်တော့သည့် အဖြစ်နှင့်လည်း ကံဆိုးစွာ ကြုံရတတ်၏။

ဤဆရာ ကိုသာဖေကား ဤသို့မကုပါ။ သူသည် သူ့ကိုလာခေါ်၍ ကုသပေးရသော ဝေဒနာတိုင်းအား "ဆေးတံပိုး"ဟုခေါ်သည့် သဘာဝအလျောက် မြေမှ အစို့အညှောက်ထွက်ကာ ပေါ်ပေါက်လာတတ်သည့် သဘာဝဆေးမြစ်ကြီးတစ်ခုကိုပဲ လက်စွဲပြုကာ ရောဂါအားလုံးပျောက်အောင် ကုသပေးနိုင်သောကြောင့် ကျွန်မတို့အရပ်ဝန်းကျင်တွင် အလွန်နာမည်ကြီးခဲ့၏။ ဆေးကုခကို လည်း သဒ္ဓါကြေးလောက်ပဲယူသည်။ လောဘလုံးဝမရှိပါ။ သူ့မှာ သူ့အိမ်ရှင်မကရင်အမျိုးသမီးကလည်း သားသမီးရှိသည်မဟုတ်၍ စားသောက်ပင်ကလေးများစိုက်ပျိုးခြင်းနှင့် ကြက်၊ ဘဲမွေးထားခြင်း



http://www.cherrythitsar.org

တို့ကြောင့် စီးပွားရေးမဆိုးလှပါ။

ကျွန်မဘဘကတော့ –

"သာဖေမှာ တစ်ခုကောင်းတော့ရှိလိမ့်မယ်"

ဟု မကြာခဏပြောသည်။ ထိုစကားကိုတော့ ကျွန်မနားမလည်ပါ။ ကျွန်မဘဘသည်လည်း ဗိန္ဓောဆရာဖြစ်ပါ၍ ဆေးကုသွားတော့မည်ဆိုလျှင် ဆေးအမယ်စုံထည့်ထားသည့် ဆေးလွယ်အိတ်ကို ပခုံးမှာ လွယ်ချိတ်ယူပြီးမှ အိမ်မှထွက်သည်။ ထို့ကြောင့် "ဆေးတံပိုး" တစ်ခုတည်းနှင့် ရောဂါအစုံ ပျောက်ကင်းအောင် ကုသနေသော ဆရာသာဖေကို အရပ်ထဲက "ဆေးတံပိုးဆရာ" ဟုပင် နာမည်ပေးထားကြသည်။

ဤသို့သော ဆရာသာဖေကို တစ်နေ့သောအခါမှာ ကျွန်မ အမေက မေးလေသည်။

"ကိုသာဖေကိုဆေးတံပိုးတစ်ခုတည်းနဲ့ ဆေးဆရာဖြစ်လာအောင် ဘယ်သူက သင်ပေးလိုက်တာလဲ။ မျိုးရိုးလည်းမရှိဘူး မဟုတ်လား"

ကိုသာဖေက ကွမ်းမြုံ့နေရာမှ ပြုံးသည်။ ခဏကြာသွားမှ "ပြောရရင် အရှည်ကြီး၊ ပြီးတော့ ယုံချင်မှလဲ ယုံမယ်"

ဟု လေးလေးကြီးပြောသည်။



http://www.cherrythitsar.org

"ကျွန်မယုံပါတယ်၊ ကိုသာဖေ မဟုတ်မှန်တာကို မပြောတတ်ဘူးဆိုတာ သိသားပဲ။ ခုမှ သိလာကြတဲ့ လူချင်းမဟုတ်ဘူး။ ပြောမှာသာပြော"

"ကဲ–ဒါဖြင့် ပြောပြမယ်။ ဒီလိုဗျ"

* * * * *

သစ်တိုကျွန်းရွာနှင့် သစ်တောကြီးဟူသော ရွာနှစ်ရွာကြားတွင် ရေးဘုရားဟောင်းကြီး နှစ်ဆူ ပြိုပျက်လျက် ရှိနေသည့် ကုန်းစောင်းကြီးတစ်ခုရှိ၏။ ထိုကုန်းစောင်းကြီး၏ တစ်ဘက်တွင် တောအုပ်ချုံနွယ်များနှင့် မရမ်းပင်၊ သရက်ပင်၊ တညင်းပင်စသည့် အပင်ကြီးများကလည်း အုပ်ဆိုင်းလျက် ပေါက်နေကြသည်။

တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာသူများနှင့် ဈေးဝယ်သွားကြသူများသည် ထိုကုန်းစောင်းကြီးကို ဖြတ်သန်းပြီးမှသာ သွားလာနိုင်သည်။ ရှောင်တိမ်းသွားရန်အတွက် အခြားသောလမ်းမရှိ။ သို့သော် ဤနေရာတွင် ညည်းညူသံမျိုး ကြားရတတ်သည်။ ကြောက်မက်ဖွယ် ရုပ်အဆင်းများနှင့် ခြောက်လှန့်တတ်သည်။ တစ်ခါတစ်ရံ မည်သို့သော ပုံသဏ္ဌာန်မျိုးဟု မပြောနိုင်သည့် သတ္တဝါကြီးတစ်ကောင်သည် သစ်ပင်များပေါ်မှ ဆင်းလာကာ ခရီးသွားများကို လိုက်တတ်သည်ဟူသော သတင်းစကားများကို ကြားနေ၍ အဖော်မပါလျှင် ဤလမ်းကို မည်သူမျှ မလာဝံ့ကြပေ။

ဤသို့သော အချိန်မျိုးတွင် ကိုသာဖေ၏ အဖေနှင့်

အမေသည် အသက် ၁၂ နှစ်သို့ ရောက်နေပြီဖြစ်သည့် သား ကိုသာဖေအတွက် ရှင်သာမဏေဝတ်ပေးရန် တိုင်ပင်ကြသည်။ သာမဏေအတွက် လိုအပ်သောပစ္စည်းများနှင့် ဘုန်းကြီးကျောင်း အတွက် လှူတန်းရန်ပစ္စည်းများကို စာရင်းများပြုလုပ်ကာ နက်ဖြန် နံနက်စောစော သွားဝယ်ကြရမည်ဟု ကိုသာဖေ၏ အဖေကပြော သည်။

"ဈေးဝယ်သွားဖို့ ဘယ်သူ့ကို အဖော်ခေါ်သွားမလဲ"

ဟု ကိုသာဖေ အမေကမေးသည်။

"အဖော်မလိုပါဘူး၊ ဝယ်စရာသိပ်များတာမဟုတ်ဘဲ။ မင်း နဲ့ငါပဲ သွားကြတာပေါ့"

"မသွားရဲပါဘူး။ စောစောစီးစီး မှောင်ကြီးထဲမှာ တော်ကြာ ဘုရားကုန်းက တစ္ဆေနဲ့သွားတွေ့လို့ ပြေးနေရဦးမယ်"

ဟု အမေကပြောသည်။

"အေး–အေး ဟုတ်တယ်။ အဲဒါကို ငါမေ့သွားတယ်။ ဒီလိုလုပ်ရအောင် အဖော်တစ်ယောက်လောက်တော့ ခေါ်သွားမယ်။ ပြီးတော့ အလင်းရောင် ဖြူလာတော့မှ သွားကြတာပေါ့"

ကိုသာဖေ၏ အဖေနှင့်အမေ၊ ပြီးတော့ အမေ၏မောင် ဖြစ်သူ ကိုသာဖေ၏ ဦးလေးဖြစ်သူပါ သုံးယောက်သားသည် ရွာမှ



http://www.cherrythitsar.org

နေ၍ ကြက်ဦးတွန်ချိန်လောက်တွင် ထွက်လာခဲ့ရာ သင်တောကြီးရွာသို့မရောက်မီ ဘုရားကုန်းပျက်ကြီးအနီးသို့အရောက်၌ မိုးစင်စင်လင်းသွားပြီဖြစ်၍ ခဏနားကြ၏။ ထိုအခိုက် တောင်ဘက်ကလိုလိုမြောက်ဘက်ကလိုလိုနှင့် မည်သည့်နေရာမှ ပေါ်ထွက်လာမှန်းမသိရသော အသံတုန်တုန်ကြီးတစ်ခုကို မပီမသကြားလိုက်ရသည်။ အသံကြီးသည် ငှက်ဖျားရောဂါသည်များ အဖျားတက်သည့်အခါ ညည်းညူအော်ဟစ်လေ့ရှိသည့် အသံမျိုးနှင့်တူလှသည်ဟု ကိုသာဖေ၏ အဖေကထင်လိုက်၏။ ထို့ကြောင့် ကြောက်ကြောက်လန့်လန့်နှင့်ပဲ ကိုသာဖေ၏ အဖေသည်.᙮.

"မိတ်ဆွေကြီးခင်ဗျာ၊ အခုလာမယ့် နယုန်လပြည့်နေ့ကိုရောက်ရင် ကျွန်တော့်သားကို ရှင်ပြုမယ်၊ မိတ်ဆွေကြီး တရားနာဆက်ဆက်ကြွပါ။ စားရင်း၊ သောက်ရင်း ပျော်ပျော်ပါးပါးပေါ့နော်။ လာဖြစ်အောင်လာပါ"

ဟုပြောကာ သုံးယောက်သား ထိုနေရာမှ သွက်သွက်ထွက်ခွာလာခဲ့တော့၏။ ဈေးဝယ်ပြီး၍ ပြန်လာကြသောအခါတွင်လည်း ထိုနေရာသို့ ရောက်သည်နှင့် ကိုသာဖေ၏ အဖေသည်မနက်ကလိုပင် –

"မိတ်ဆွေကြီး၊ သားရှင်ပြုကို မလာဘဲ မနေနဲ့နော်။ တရားအတူနာရအောင် ဆက်ဆက်လာပါ"

ရန်အောင်စာပေ

ဟုထပ်မံ၍ ဖိတ်ကြားလိုက်ပြန်၏။

ဤသို့ဖြင့် မောင်သာဖေကို ရှင်ပြုပေးသောနေ့သို့ ရောက်လာလျှင် အနီးအနားရှိ ရွာများမှလူများလည်း အလျှုသို့ လာကြရင်း ထိုဘုရားကုန်းပျက်ကြီးသို့ရောက်လျှင် နောက်ပြောင်သည့်အနေဖြင့် "မောင်သာဖေရှင်ပြုကို တရားသွားနာကြမလို့ဗျို့။ တရားနာချင်လိုက်လာခဲ့"

ဟု အော်ဟစ် သွားကြလေ၏။

မောင်သာဖေသည် ရှင်ဘဝဖြင့် ကျောင်းမှာ စာသင်ရင်း နေထိုင်လာခဲ့သည့် ရက်များအတွင်း အမြဲပင် ရင်ဘတ်နာရောဂါဖြင့် ညည်းညူနေရရှာသော ရဟန်းတစ်ပါးနှင့် မျက်စိဝေဒနာကြောင့် မျက်လုံးမဖွင့်နိုင်အောင် ခံစားနေရသည့် ကျောင်းသားကလေး တစ်ယောက်ကိုကြည့်ကာ စိတ်မချမ်းမသာ ဖြစ်နေရ၏။ ကျောင်းထိုင်ဆရာတော်ကလည်း အမျိုးမျိုးကုပေးပါသည်။ သို့သော် မသက်သာကြပါ။ သူ၏ အိပ်မက်ထဲတွင် အဝတ်ဖြူဝတ်ထားသည့် လူကြီးတစ်ယောက်သည် သူ့လက်ဝါးပေါ်သို့ အရွယ်မတူသော ဆေးလုံးသုံးလုံးကို တင်ကာ –

"ကိုရင်လေး ဟောဒီ ဆေးလုံးအကြီးကို ရင်ဘတ်နာတဲ့ ဦးပဉ္စင်းကိုတိုက်၊ ဆေးလုံးအလတ်ကို မျက်စိနာနေတဲ့ ကျောင်းသားကိုတိုက်၊ အငယ်ဆုံးဆေးလုံးကိုတော့ ကိုရင်ကိုယ်တိုင်သောက်။

အကျိုးထူးလိမ့်မယ်”လို့ပြောပြီး ပျောက်သွား၏။ သူနိုးလာသောအခါ ဆုပ်လျက်ရှိသော သူ့လက်ထဲ၌ ဆေးသုံးလုံးကို အမှန်ပဲတွေ့ရလျှင် ဆရာတော်ထံသို့သွားကာ အားလုံးကို လျှောက်ထားလေသည်။

ဆရာတော်သည် ကိုရင်သာဖေထံမှရသည့် ဆေးနှစ်လုံးကို ယူကာ နေမကောင်းဖြစ်နေသူ နှစ်ဦးလုံးကို တိုက်လိုက်သည်။ ကိုရင်သာဖေအတွက် ဆေးကိုလည်း ကိုရင်သာဖေအားတိုက်သည်။ ဝေဒနာသည်များ ရောဂါပျောက်ကင်းကုန်ကြလျှင် အားလုံး အံ့သြကုန်ကြသည်။ ကိုရင်သာဖေ သာမဏေဘဝဖြင့် သုံးနှစ်ကြာလျှင် လူထွက်လိုက်ကာ မိဘများကို ကူညီလုပ်ကိုင်ရင်းဖြင့် အရွယ်ရောက်လာသည်။ မကြာမီ မိဘများ၏ အစီအစဉ်ဖြင့် မောင်သာဖေ အိမ်ထောင်ပြုလိုက်ရ၏။

ထိုသို့ အိမ်ထောင်ပြုလိုက်သောညမှာပဲ မောင်သာဖေသည် ကိုရင်ဘဝက အိပ်မက်ထဲတွင် မြင်ခဲ့ရသော အဝတ်ဖြူနှင့် အဘိုးအိုအား အိပ်မက်မက်ပြန်လေ၏။ အိပ်မက်ထဲ၌ အဘိုးအိုသည် မောင်သာဖေအား ပြောလေသည်မှာ –

“လူလေး ချမ်းချမ်းသာသာ နေချင်ရင် ယစ်မျိုးငါးပါးကို သောက်စားခြင်း၊ ရောင်းဝယ်ခြင်းကို ဘယ်တော့မှ မလုပ်နဲ့နော်။ လောင်းကစားခြင်းကိုလဲ ဘယ်အခါမှ မပြုနဲ့ကွယ်။ ဘာကိုပဲလုပ်လုပ် ကတိသစ္စာမြဲပါစေ။ သေသေချာချာ မှတ်ထား။ ဒီနေ့ကစပြီး မိဘရိုးရာဖြစ်တဲ့ လယ်ယာကိုင်းကျွန်းအလုပ်ကို မလုပ်စားနဲ့တော့။

လူလေးပင်ပန်းတယ်။ ဆေးဆရာအဖြစ်နဲ့ အသက်မွေး၊ သက်သက်သာသာ နေရလိမ့်မယ်။ အဘိုးပြောတာကို လက်ခံမယ်ဆိုရင် နံနက်ခြောက်နာရီကို သပြေငါးညွှန့်နဲ့ မြေစာငါးညွှန့်ကိုယူပြီး ဘုရားကုန်းပျက်ကိုလာခဲ့”ဟုသတည်း။ မောင်သာဖေသည် အိပ်မောကျနေရာမှ ဖျတ်ခနဲ နိုးလာသည်နှင့် သူ့ဇနီးကိုနှိုး၍ပြောသည်။ ဇနီးဖြစ်သူကလည်း အိပ်မက်ကိုယုံကြည်ကာ အိပ်မက်အတိုင်းလုပ်ပါဟု ကိုသာဖေကို တိုက်တွန်းသည်။

ဤသို့ဖြင့် ကိုသာဖေသည် မြေစာညွှန့်၊ သပြေညွှန့်များကို ယူကာ ဘုရားကုန်းသို့ ထွက်လာခဲ့၏။ သူ့အိပ်မက်ထဲကအဘိုးသည် သူ့ကိုပြုံးပြုံးကြီး ကြိုလျက်ရှိနေသည်ကို မြင်လိုက်သောအခါတွင် သာဖေတစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားလေတော့၏။ အလွန်လည်းအံ့ဩစွာဖြင့် သူယူလာသည့် သပြေညွှန့်၊ မြေစာညွှန့်များကို ရိုသေစွာဖြင့် ကမ်းပေးလိုက်လျှင် –

“အေး–အေး၊ ကောင်းတယ်။ မောင်သာဖေ ဒီမှာကြည့်၊ အဘိုးပြမယ်။ ဟောဟိုက ကျွဲတညင်းပင်ကြီးကို မြင်သလား”

မောင်သာဖေက ဦးခေါင်းကို ညိတ်၍–

“ဟုတ်ကဲ့၊ မြင်ပါတယ်”

ဟု ဆိုလိုက်၏။

“အေး– မြင်ရင်ဖြင့် အဲဒီအပင်အောက်ကိုသွား အမြစ်ရင်း

နားမှာ "ဆေးတံပိုး"လို့ခေါ်တဲ့ ဝါးထိုးမျှစ်စို့ကြီးလို မြေကြီးထဲက ထွက်နေတဲ့ အစို့ကြီးကို နုတ်ယူ။ ပြီးတော့ အဲဒီနေရာမှာ တွင်းလိုဖြစ်သွားတဲ့အထဲကို နှိုက်ကြည့်လိုက်၊ တိုက်နွားတစ်ကောင်နဲ့ ခံနွားတစ်ကောင်ကို ရလိမ့်မယ်။ တိုက်နွားကို ရန်သူပေါ်လာတဲ့ အခါမျိုးမှာ အမွှေးနံ့သာဖျန်းပြီး ရန်သူရှိရာကို ခေါင်းထားပြီး လွှတ်လိုက်၊ ကိစ္စပြီးရင် အလိုအလျောက် သူပြန်ရောက်လာလိမ့်မယ်။ သူ့အတွက်နေရာကို သတ်သတ်မှတ်မှတ်နဲ့ သန့်သန့်ရှင်းရှင်းလုပ်ပေးထား။ ခံနွားကိုတော့ လူလေး ကိုယ်မှာဆောင်ထား သွားလေရာကိုယူသွား။ မှတ်မိလားကွယ့်"

"ဟုတ်ကဲ့ မှတ်မိပါတယ်။ ဆေးတံပိုးကိုတော့ ဘယ်လို အသုံးပြုရမလဲ အဘိုး"

"အေး– ပြောမယ်ကွယ့်။ လူတွေဟာ ကျွဲချိုဖြူကိုဖြတ်ပြီး မှုတ်လေ့ရှိကြတယ် မဟုတ်လား။ မှုတ်တတ်ရင် အင်မတန် နားထောင်ကောင်းတယ်။ အဲဒါ "တံပိုး"လို့ခေါ်တယ်၊ အခုဆေးတံပိုးပင်ဆိုတာ၊ အဲဒီကျွဲချိုကိုလုပ်ထားတဲ့ တံပိုးလိုပဲ ပုံစံတူတယ်။ ပြီးတော့ တံပိုးလိုပဲ အခေါင်းဖြစ်နေတဲ့အပင်၊ သူ့ကို ဆေးပင်အဖြစ်နဲ့ သုံးရင် သုံးလို့မကုန်ဘူး။ အနာပဲပေါက်ပေါက်၊ ဘာရောဂါပဲဖြစ်ဖြစ် ဖြစ်တဲ့နေရာအပေါ်ကို အဲဒီဆေးတံပိုးပင်နဲ့အုပ်ပြီး မှုတ်လိုက် ဖြစ်သမျှရောဂါပျောက်စေပဲ"

ကိုသာဖေသည် ထိုဆေးတံပိုးပင်ကို နုတ်ယူလိုက်သော



http://www.cherrythitsar.org

အခါတွင် အပင်အောက်၌ ဟောင်းလောင်းဖြစ်လျက်ရှိနေသည့် တွင်းထဲမှ နွားရုပ်ငယ်နှစ်ခုနှင့်အတူ ဆေးမှုန့်များထည့်ထားသည့် ဝါးဆစ်နှင့်လုပ်ထားသော ဘူးငယ်တစ်ခုကိုပါ ရခဲ့လေသည်။ ထိုအခါမှစ၍ ကိုသာဖေသည် ဆရာသာဖေဖြစ်လာတော့၏။ ကုသပေးတိုင်း ပျောက်ကင်းသောကြောင့် ကိုသာဖေနာမည်ကြီးလာသည်။ စီးပွားဥစ္စာလည်း တိုးတက်လာသည်။ ထို့ကြောင့် ဆေးဆရာဘဝနှင့် ခြောက်လခန့်ကြာသော တစ်နေ့တွင် ကိုသာဖေသည် သပြေညွန့်နှင့် မြေစာညွန့်များကို ခူးကာ သူ၏ကျေးဇူးရှင်ဖြစ်သော အိပ်မက်ထဲမှ အဘိုးအား တွေ့ရလို တွေ့ရငြားဟု ဘုရားကုန်းသို့သွားလျှင် တွေ့ရလေသည်။ ထိုအခါ အဘိုးက ကိုသာဖေကို ပြောသည်မှာ–

"လူလေး အဘိုးဟာ ဘာဖြစ်လို့ လူလေးကို စောင့်ရှောက်နေတာလဲဆိုတော့ အရင်တုန်းက အဘိုးဟာ ဒီဘုရားကုန်းတစ်ဝိုက်မှာ လာသမျှလူတွေကို ခြောက်လှန့်နှောင့်ယှက်နေတဲ့ ကျတ်တစ္ဆေဘဝကို ရောက်နေတယ်။ တစ်နေ့တော့ လူလေးရဲ့ ဖခင်က လူလေးကို ရှင်ပြုမယ်။ တရားနာလာပါလို့ နှစ်ကြိမ်တောင် ဖိတ်ကြားတယ်။ သူဖိတ်ကြားတဲ့အတိုင်း လူလေးရှင်ပြုမှာ အဘိုးတရားနာယူခဲ့တယ်။ သာဓုလည်း ခေါ်ခဲ့ရတယ်။ အဲဒီအချိန်ကစပြီး အဘိုးစိတ်တွေ တည်ကြည်အေးချမ်းခဲ့တယ်။ ခြောက်လှန့်တဲ့အလုပ်ကိုလည်း စွန့်ပစ်လိုက်တယ်။ ဒီဘဝက ကျွတ်လွတ်ချင်တဲ့စိတ်တွေလဲ ပေါ်လာလို့ ဘုရားနား၊ ကျောင်းနားသွားပြီး တရားနာယူခဲ့တယ်။



http://www.cherrythitsar.org

ဒါကြောင့် အဘိုးဟာ ကျတ်တစ္ဆေဘဝက လွတ်မြောက်လာရပြီး လူလေးကို စောင့်ရှောက်ခဲ့တာပဲ”

“ဒါဖြင့် အဘိုးကိုတွေ့ချင်ရင် နောက်ကို ဘယ်နေရာလာရမလဲ”

“ဘယ်နေရာကိုမှ မလာနဲ့တော့လူလေး။ အဘိုးကို တွေ့ရတော့မှာ မဟုတ်ဘူး။ အဘိုး ဘဝပြောင်းပြီး ကောင်းမွန်ရာကို ရောက်သွားပြီ။ ကိုယ့်အလုပ်ကို ရိုသေပြီး ကောင်းကောင်းသာ နေရစ်ပေတော့လူလေး”

“အဲဒီအချိန်ကစပြီး ကျွန်တော် သူ့ကို မတွေ့ရတော့ဘူး။ သူ့ကျေးဇူးတွေ ကြီးမားလွန်းလို့ ဘုရားရှိခိုးပြီးတိုင်း သူ့ကိုရည်စူးပြီး ပူဇော်ကန်တော့တယ်။ အမျှအတန်းဝေတယ်။ အဲဒါဆေးတံပိုးဆရာသာဖေလို့ ကျွန်တော်ဖြစ်လာခဲ့ရတဲ့ အကြောင်းပဲ”

* * * * *

**(နာနာဘာဝဖြစ်သော ကျတ်၊ တစ္ဆေစသည်တို့သည် လူတို့က ဖိတ်ကြားလျှင် တရားနာယူနိုင်ခြင်း၊ အမျှဝေလျှင်လည်း သာဓုခေါ်နိုင်ခြင်း စသည်များအပြင် အိပ်မက်ပေးနိုင်ခြင်း၊ ကိုယ်ထင်ပြနိုင်ခြင်း၊ စကားပြောနိုင်ခြင်း၊ ရွှေ၊ ငွေ၊ ဥစ္စာပစ္စည်း စသည် ပေးနိုင်ခြင်းများကို တတ်နိုင်ကြသည်ဟု ရှေးစာများတွင် တွေ့ဖူးလေသည်။)**

ရန်အောင်စာပေ

# ပရလောကမှ ချစ်မောင်နှမ

"ပဲခူးကိုထွက်သွားတဲ့ သနပ်ပင်ကားမှောက်လို့တဲ့"

ဟူသော. ̊. ̊.သတင်းဆိုးကြီးကို ကျွန်မတို့မိသားစု ကြားလိုက်ရသောအချိန်သည် ဆယ့်နှစ်နာရီကျော်ကျော် နံနက်စာ စားပြီးသည့်ကာလတွင် ဖြစ်လေသည်။

သနပ်ပင်နှင့်ပဲခူးသည် တစ်နာရီကြားတွင် ကားတစ်စီး ထွက်ပေးနေသည်ဖြစ်၍ ကားဆက်မပြတ်ပါ။ ကားတစ်စီးထွက်ပြီဆို လျှင်လည်း ခရီးသည်များနှင့်အပြည့်ဖြစ်၏။ သို့သော် ယခုကြားလိုက် ရသော ကားမှောက်သည်ဆိုသည့်ကားသည် ကျွန်မ၏ မမလေးနှင့် မောင်လေးတို့ လိုက်ပါသွားကြသည့် ကားဖြစ်များနေသလားဟု ထင်ရန် အကြောင်းများစွာရှိနေပါ၏။ မမတို့ လိုက်ပါသွားသည့်ကား ဟုတ် မဟုတ် သိနိုင်ရန်အတွက် သနပ်ပင်ကားဂိတ်သို့ သွားရောက် စုံစမ်းမှဖြစ်မည်ဟု ခြေလှမ်းပြင်စဉ် –

ရန်အောင်စာပေ

"မဝင်းကြည်တို့ လိုက်သွားတဲ့ကား ဘော်ဘီရိုးတံတားမှာ မှောက်သွားတယ်။ အဲဒါ လိုက်သွားကြည့်ရအောင်"ဟု အိမ်နားမှ မိတ်ဆွေက လာခေါ်သည်။ သူသည်လည်း သူ့ညီဖြစ်သူ ရန်ကုန်သို့ သွားရန် ထိုကားနှင့်လိုက်သွားသည်ဟုဆိုသည်။ ထို့ကြောင့် အမေနှင့် ကျွန်မသည် ကားမှောက်သည်ဆိုသော နေရာသို့ လိုက်သွားကြ၏။

သနပ်ပင်မှ ပဲခူးသို့သွားလျှင် ပဲခူးမြို့အဝင်ကားလမ်းမကြီး ၏ လက်ဝဲဘက်ရှိ ကုန်းမြင့်ပေါ်တွင် "ဆိတ်တက်ဘုရား"ဟု ခေါ်သည့် စေတီတော်တစ်ဆူ ရှိပါသည်။ ထိုစေတီတော်နားသို့ မရောက်မီ တစ်ဖာလုံအကွာလောက်တွင် ဘော်ဘီရိုးတံတားဟူ၍ ရှိလေသည်။ ယခုကားမှောက်သည့်နေရာသည် ထိုတံတားအလွန် စေတီတော်အနီးသို့ မရောက်တရောက်နေရာတွင် မှောက်သွားခြင်း ဖြစ်၏။

ထိုနေရာသို့ ကျွန်မတို့ရောက်သွားလျှင် ရဲအချို့နှင့် ရပ်ကွက်ဆိုင်ရာ လူကြီးတချို့ကို အရင်ဆုံး မြင်လိုက်ရ၏။ ကားမှောက်သည့်နေ့သည် တော်သလင်းလဆန်းရက် ဖြစ်နေသည့် အပြင် အချိန်ကလည်း ကျွန်မတို့သားအမိ ရောက်သွားသောအချိန် သည် တစ်နာရီကျော်ကျော် ရှိနေပြီဖြစ်၍ နေအလွန်ပူပြင်းနေသော အချိန်လည်းဖြစ်လေသည်။

အမေသည် ထိုနေရာသို့ ရောက်သည်နှင့် လူအုပ် အကြားထဲသို့ အတင်းတိုးဝှေ့ဝင်ကာ "ကျွန်မသမီးနဲ့သား၊

ဘာဖြစ်သွားလဲဟင် ...ဘာဖြစ်သွားလဲ”ဟု ဟိုဟိုဒီဒီကြည့်ရင်း မေးနေပါသည်။ ရဲများကဒဏ်ရာအနည်းငယ်စီ ရထားကြသူတချို့ကို ပဲခူးဆေးရုံသို့ ပို့ရန်စီစဉ်နေခိုက် အသက်မရှိတော့ပြီဖြစ်သော ကျွန်မ၏မမနှင့် မောင်လေး၏ ကိုယ်တွင် မည်သည့်ဒဏ်ရာ ရရှိထားသည်ကိုသိရန် စစ်ဆေးလျက် ရှိနေကြပါ၏။ မောင်လေးမှာ ပွန်းပဲ့နေသောဒဏ်ရာ အနည်းငယ်လောက်ရှိပါသည်။ မမမှာတော့ မည်သည့်ဒဏ်ရာမျှ မရှိပါ။ အိပ်ပျော်နေသကဲ့သို့ မျက်လုံးများ မှေးမှိတ်လျက် ပြုံးမယောင်ယောင်ပင် ရှိနေလေသည်။

သို့သော် ကားတစ်စီးလုံးမှောက်ရာတွင် အပြင်လူနှာငါးဦး လောက်နှင့် လုံးဝဒဏ်ရာမရရှိသူက ဆယ်ယောက်ခန့်အသက်ဆုံးရှုံး သွားသူက နှစ်ဦးဖြစ်နေသည့်အပြင် ဒဏ်ရာကိုလည်း လုံးဝရှာမရ သောကြောင့် ဒဏ်ရာရှာဖွေရန်အတွက် ခွဲစိတ်ဦးမည်ဟု မမနှင့် မောင်လေးကို ဆေးရုံသို့တင်ပို့ရသည်။ ပြီးမှအလောင်းကို ပြန်ပေး ပါမည်ဟု ပြောကြလျှင် အမေသည်–

“ကျွန်မသမီးလေးနဲ့ သားလေးဟာ အိမ်ကထွက်သွားတုန်း က ရယ်လို့မောလို့၊ ပျော်လို့ရွှင်လို့၊ ကြည့်စမ်း၊ အခုတော့သေပြီတဲ့၊ အသက်မရှိတော့ဘူးတဲ့၊ အမယ်လေး ...ကျွန်မ မယုံနိုင်ဘူး။ ဒီအဖြစ်ဟာ ကျွန်မသားနဲ့ သမီးကိုမှ ရွေးပြီးသေအောင်လုပ်လိုက် ကြတဲ့ အဖြစ်ပဲ၊ ကံဆိုးလိုက်တာ၊ သမီးနဲ့သားရေ ...အမေပါ လိုက်ခဲ့မယ်ကွယ့်”ဟု မယ်ပဋာစာရီ ကြေလူးသလို ကားလမ်းဘေးတွင်

လိုမ့်နေပါတော့သည်။

ကားမှာလည်း စက်အခြေအနေအရ မည်သို့မှ ချွတ်ယွင်းချက်မရှိပါဟုဆိုသည်၊ ကားလမ်းကလည်း ချောမွေ့ပြေပြစ်သောလမ်းဖြစ်ပါသည်။ ဤခရီး ဤလမ်းတွင် ဤသို့လည်း တစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့ဖူးပါ၊ကားမောင်းသူကလည်း ဤခရီး ဤလမ်းတွင် သွားလာနေသည်မှာ နှစ်ပေါင်းမနည်းတော့ပါ။

ကားသည် မောင်းလာရင်းဖြင့် မှောက်မည့်နေရာသို့ အရောက်တွင် ဆွဲယူမှောက်ချလိုက်သကဲ့သို့ အသာအယာဖြင့် ကားဘီးအားလုံး အပေါ်သို့ထောင်ကာ မှောက်သွားသည်။ အနီးအနားမှ ရောက်လာကြသည့် လူအများ၏အင်အားဖြင့် ကားကို မထုတ်ဆွဲလှန်လိုက်လျှင် မမနှင့် မောင်လေးတို့က အသက်မရှိတော့ပြီ၊ မိမိတို့ဘေးမှထိုင်လာသူ အလယ်ခုံမှထိုင်လာသူ စသည်များမှာလည်း ပွန်းပဲ့ရုံမှတစ်ပါး မည်သည့်ဒဏ်ရာမျှ မရကြပါ။ မမတို့သာ ကံဆိုးကြလေခြင်း။

ထိုနေ့က မမသည် ပဲခူးဈေးကြီးသို့ သူစက်ချုပ်ရာမှ လိုအပ်သည့် အပ်၊ အပ်ချည်လုံးနှင့် ကြယ်သီးများကို သွားဝယ်ခြင်း ဖြစ်၏။ မောင်လေးသည် အားကစားသမားတစ်ယောက် ဖြစ်ကာ ဘောလုံးကစားခြင်းကို အလွန်ဝါသနာပါသည်။ ထို့ကြောင့် သနပ်ပင်မြို့နယ်၏ အကောင်းဆုံး ဂိုးသမားဖြစ်လာလျှင် သူအလွန်ဂုဏ်ယူသည်။ ပျော်လို့မဆုံးအောင် ရှိနေသည်။ ပဲခူးတိုင်း အားကစားမှလည်း

သူ့ကိုတွေ့လိုသည်ဟု အကြောင်းကြားထားသည်။ တိုက်တိုက်ဆိုင်ဆိုင် ပဲခူးတိုင်း အားကာရုံးသို့ မောင်လေးသွားရမည့်နေ့တွင် မမကလည်း ပဲခူးသို့ ဈေးဝယ်လိုက်ခဲ့မည်ဟုဆိုကာ အိမ်မှာ နံနက်စာထမင်းကို မောင်နှမနှစ်ယောက် မြိန်မြိန်ရှက်ရှက် စားသောက်ကြပြီး အတူ ထွက်သွားကြခြင်းဖြစ်၏။

ဩော်...အခုတော့ နှစ်ယောက်စလုံး သေဆုံးကုန်ကြပြီတဲ့လား။ မယုံချင်စရာ၊ လက်မခံချင်စရာဖြစ်ပါသော်လည်း ကျွန်မတို့မှာ လက်ခံလိုက်ရပါပြီ။ ယုံကြည်လိုက်ရပါပြီ။ မျက်စိတမှိတ်လျှပ်တစ်ပြက်အတွင်း လက်တစ်ဖျစ်မျှသော အချိန်ကလေးမှာ ဘဝတစ်ခု ပျက်စီးဆုံးရှုံးသွားရပါပြီလားဟု ကျွန်မမှာ များစွာပင် သံဝေဂရရှိပါသည်။

ပို၍ ထူးဆန်းအံ့သြဖွယ် ကောင်းသည်မှာ မမတို့နှစ်ဦးလုံးတွင် သေနိုင်လောက်သည့် ဒဏ်ရာဟူ၍ တစ်ခုမျှမတွေ့ပါဟူသော ပဲခူးဆေးရုံမှ ဆရာဝန်များ၏ ဆေးမှတ်ချက်ပင် ဖြစ်ပါလေ၏။ လူနှစ်ဆယ်ကျော် လိုက်ပါသွားသည့် ဘတ်စ်ကားကြီး မှောက်ရာတွင် မမတို့သာလျှင် သွေးထွက်သံယိုမှု မရှိဘဲနှင့် ထူးဆန်းစွာ သေဆုံးသွားကြရသည်။ ဒဏ်ရာအပြင်းအထန်ရသူလည်း တစ်ယောက်မျှ မရှိဟူသော သတင်းကြောင့် မမတို့ ကွယ်လွန်ရပုံကို ကြားရသူတိုင်းက စိတ်ဝင်စားသည်။ သနားကြသည်။ သားနှင့်သမီး အရွယ်ကောင်းကလေးတွေ၊ ရုပ်ရည်ကလည်း မိသားစုတွင် အလှပဆုံး၊

အချောမောဆုံး ဖြစ်ကြသည်ဟု နှမြောကြလေသည်။ အမေ့ကို လည်း များစွာစာနာကာ သနားကြသည်။

သူတို့ မောင်နှမနှစ်ယောက်ကို သနပ်ပင်သုသာန်သို့ အသုဘတင်သောလှည်းဖြင့် ရှေ့ဆင့်နောက်ဆင့် ပို့ရသော မြင်ကွင်း ကို တွေ့ရသူတိုင်းက မျက်ရည်စို့သည်။ စိတ်ထိခိုက်စွာဖြင့် လိုက်ပို့ ကြသည့် အသုဘရှု ပရိသတ်ကြီးမှာလည်း သုသာန်တွင် ထိုင်စရာ ပင် မရှိလောက်အောင် များပြားစည်ကားလွန်းပါ၏။ အမေသည် လည်း စားမဝင်၊ အိပ်မပျော်သော ဝေဒနာဖြင့် လူနာလုံးလုံး ဖြစ် သွားရလေပြီ။ ကျွန်မ အဖေသည်လည်း နဂိုကတည်းကပင် ကျန်းမာရေးကောင်းလှသည် မဟုတ်သောကြောင့် သားနှင့်သမီး၏ အဖြစ်ကို သိလိုက်ရသည့်အချိန်မှစကာ သည်းခြေပျက်သွားရှာတော့ သည်။ မည်သူ့ကိုမျှ စကားမပြောတော့ဘဲ ဟိုရှာဒီရှာ ဟိုကြည့် ဒီကြည့်နှင့် စိတ်ထိခိုက်ဖွယ်ရာ ဖြစ်သွားလေသည်။

ထိုအချိန် (၁၉၇၇)ခုနှင့် (၁၉၇၈)ခုနှစ်များတွင် ပြည်မြို့ ကမ္ဘာ့အေးရင်အေး ဆရာတော်ကြီး ဦးဝိစ္ဆာဇလ၏ တရားပွဲကို သနပ်ပင်ရှိ အောင်ချမ်းသာဘုရားကြီးတွင် နှစ်ကြိမ်မြောက် ကျင်းပ သောကာလနှင့် ကြုံကြိုက်နေပါသည်။

ကျွန်မအမေသည် ငါးရက်တိုင်တိုင် ကျင်းပခဲ့သည့် ဆရာ တော်ကြီး၏ တရားပွဲသို့ (၁၉၇၇) ခုနှစ်က ရက်ပြည့်တရားနာယူနိုင် ခဲ့ပါသည်။ ယခုနှစ် (၁၉၇၈) ခုနှစ်တွင် သားသမီး နှစ်ဦး၏

သောကဗျာပါဒကြောင့် လုံးဝမသွားနိုင်တော့ပါ။ ကျွန်မမောင်လေးနှင့် မမတို့ ကွယ်လွန်သွားကြပြီးနောက် ဆယ့်နှစ်ရက်အကြာတွင် ဆရာတော်ကြီး၏ ဒုတိယအကြိမ်မြောက် တရားပွဲကျင်းပသည်နှင့် ဆုံနေပါသည်။ ထို့ကြောင့် နေ့ဝက်တစ်နေ့ နေ့ဆွမ်းမစားမီအချိန်တွင် ဆရာတော်ကြီးက အခေါ်လွှတ်သည်ဟု အမေ့ကို လာခေါ်ကြပါသည်။ ကျွန်မအဒေါ်နှင့်အမေ ဆရာတော်ကြီးကို ဦးသုံးကြိမ်ချပြီးသည်နှင့် ဆရာတော်ကြီးက အမေ့ကို မိန့်လေသည်။

"ဒကာမကြီး သမီးမဝင်းကြည် ဘုန်းကြီးဆီ ရောက်လာတယ်၊ သူက အမေ့ကို ပြောပေးပါလို့ လျှောက်လိုက်တဲ့စကား ဘုန်းကြီးမှာပါလာတယ်၊ အဲဒါပြောပြချင်လို့ ဒကာမကြီးကို အခေါ်လွှတ်တာပဲ"

အမေ့မျက်နှာ ဝင်းခနဲဖြစ်သွား၏။ မျက်လုံးများသည်လည်း အရောင်တောက်လာကာ စိတ်ထက်သန်သော အမူအရာနှင့်-

"သမီး မဝင်းကြည်ကိုပဲ အရှင်ဘုရားတွေ့တာလား။ သားမောင်ရွှေငြိမ်းကိုရော မတွေ့ဘူးလား ဘုရား"ဟု လျှောက်သည်။ အမေသည် သမီးသုံးယောက်ကို ဆက်၍ရပြီးမှ သားတစ်ယောက်ကို ရလာခြင်းဖြစ်၍ တစ်ဦးတည်းသော သားထွေးလေးကို မိသားစုထဲတွင် အချစ်ဆုံး၊ အလိုလိုက်ဆုံးဖြစ်သောကြောင့် ဆရာတော်ကြီးနှင့် သူ့သားကိုပါ တွေ့ဆုံစေချင်သည့် ဆန္ဒရှိနေပါလိမ့်မည်။

"အင်း . . . မောင်ရွှေငြိမ်းလဲ ပါလာတယ်။ သူတို့ မောင်နှမအတူလာကြတာပဲ။ ဘုန်းကြီးကိုလည်း အတူကန်တော့ ကြတာပဲ။



http://www.cherrythitsar.org

ဒါပေမယ့် မောင်ရွှေငြိမ်းက ဘာမှမမှာဘူး၊ မဝင်းကြည် ကပဲ အမေ့ကို ပြောပေးပါဘုရားလို့ မှာလိုက်တယ်”

“တင်ပါ့ဘုရား၊ မဝင်းကြည်က ဘာတွေမှာလိုက်ပါလဲ ဘုရား. . . အမိန့်ရှိပါ”

“သူဆွဲကြိုးလုပ်ခဲ့တဲ့ ရွှေပန်းတိမ်ကို ငွေတစ်ရာ့ငါးကျပ် ပေးဖို့ရှိတာကို ပေးလိုက်ပါတဲ့၊ ပြီးတော့ သူအနှစ်သက်ဆုံးဖြစ်တဲ့ အင်္ကျီနဲ့ လုံချည်တစ်စုံ သေတ္တာထဲမှာရှိတာကိုလဲ ယူထုတ်ပြီး လှူပေး ပါတဲ့”

“ဘာအရောင်လို့ မှာလိုက်သလဲဘုရား”

“ဒကာမကြီး သိပါတယ်တဲ့”

“အဝါရောင်လားဘုရား”

“ဟုတ်တယ်”

မမဝင်းကြည်က ကျွန်မတို့ ညီအစ်မသုံးယောက်တွင် အသားအဖြူဆုံးဖြစ်သည်။ ထို့ကြောင့် ပန်းပွင့်ကျဲကျဲကလေးတွေ ပက်ထားသလိုဖြစ်နေသည့် အဝါနုရောင် အင်္ကျီကလေးနှင့် ကြောင်ခြစ် လုံချည်အဝါရင့်ရောင်ကို တွဲဖက်ဝတ်ထားသည့်အခါမျိုးတွင် အလွန် ကြည့်ကောင်းသည်။ ထိုဝတ်စုံကိုလည်း သူအနှစ်သက်ဆုံးဖြစ်သည် ကို ကျွန်မတို့အားလုံးက သိထားသည်။

“တင်ပါ့ဘုရား၊ မှာလိုက်တဲ့အတိုင်း အားလုံးလုပ်ပေးမယ်



http://www.cherrythitsar.org

လို့ ပြောလိုက်ပါဘုရား၊ သူတို့က ဘယ်ဘဝကို ရောက်နေကြတာလဲ ဘုရား၊ တပည့်တော်မ သူတို့အတွက် ရက်လည်ဆွမ်းအလှူလုပ် တော့ကျကျနန စီစဉ်ပြီး အမျှပေးဝေခဲ့ပါတယ်။ သူတို့က သာဓု မခေါ်ကြဘူးလား ဘုရား"

အမေသည် သနားစရာဖြစ်နေပါသည်။ မျက်ရည်ကိုသုတ်လိုက်၊ ရှိုက်ငိုလိုက်၊ ဆရာတော်ကြီးကို လျှောက်ထားလိုက်နှင့် ဖြစ်နေသည်မှာ ကြည့်နေရသူ ကျွန်မအတွက် ကြေကွဲဖွယ်ရာ ဖြစ်နေရပါ၏။

"သူတို့နှစ်ယောက်က ဘဝဟောင်းက လာတာကွယ့်၊ ဘဝဟောင်းမှာလဲ အခုဘဝလိုပဲပေါ့၊ မောင်နှမ နှစ်ယောက်၊ ယောကျ်ားကလေးကအငယ် မိန်းကလေးကအကြီး၊ သတ္တဝါတွေ ဟာ ဒီလိုပဲ ဘဝအမျိုးမျိုးမှာ ကျင်လည်နေကြရတာ၊ အဲဒါကို ကံပစ်ချရာမှာ နေကြရတယ်လို့ ဗုဒ္ဓဘာသာဝင်တိုင်းက ယုံကြည် လက်ခံထားကြတယ်။ ဒကာမကြီးရဲ့ သမီးနဲ့သားတို့ အဖြစ်ကလဲ ဒီအတိုင်းပဲ၊ ပရလောကမှာ မကျွတ်မလွတ်နိုင်ကြသေးတဲ့ သတ္တဝါ တွေဟာ အနမတဂ္ဂရှိကြတယ်။ သူတို့ကံ၊ သူတို့အကြောင်းနဲ့ နေကြရတာပဲ။ ဘုန်းကြီးတို့က ဒါကြောင့်မို့ သတ္တဝါတွေ ပရ လောကထဲက လွတ်မြောက်လာနိုင်ကြဖို့အတွက် နှစ်စဉ်နှစ်တိုင်း အမျှပေးဝေနေကြရတာပဲ။ အခုလဲ သူတို့မောင်နှမ ဒီအထဲမှာ ရှိနေကြတယ်။ ဘုန်းကြီးပြောနေတာတွေကို နားထောင်နေကြ တယ်ကွယ့်"

လိပ်ပြာအဝါရောင်ကလေးနှစ်ကောင်သည် မကြီးမငယ် အရွယ်တူအဖြစ်ဖြင့် ကျွန်မတို့ရှိနေကြသည့် အောင်ချမ်းသာဘုရား တန်ဆောင်းကြီးထဲတွင် ရှေ့ဆင့်နောက်ဆင့် လူးလာတုံ့ကာ ပျံသန်း လျက်ရှိနေကြသည်ကို တန်ဆောင်းထဲတွင် ရှိနေကြသူများမှာ အားလုံးက မြင်ကြရသည်ဖြစ်သောကြောင့် ထူးဆန်းအံ့သြနေကြ လေသည်။ ဤလိပ်ပြာအဝါကလေး နှစ်ကောင်သည် မမတို့ကို သုသာန်သို့ ပို့ဆောင်စဉ်အခါကလည်း မမတို့ ရုပ်ကလာပ်များကို သယ်ဆောင်လာသည့် လှည်းနှစ်စီးပေါ်တွင် ခေါက်တုံ့ခေါက်ပြန် ပျံဝဲလိုက်ပါလာကြသည်ကို သတိပြုမြင်တွေ့ခဲ့ကြရသည်။ ထို့ကြောင့် မမတို့နှစ်ယောက်၏ လိပ်ပြာဝိညာဉ်များ ဖြစ်လိမ့်မည်ဟု ဤလိပ်ပြာ ဝါကလေး နှစ်ကောင်ကို ထိုနေ့ကတည်းကပင် ထင်ကြေးပေးလာ ကြသူများသည် ယခုတစ်ဖန်ပြန်၍ ဤလိပ်ပြာကလေးများကို ထပ်မံ တွေ့ရှိကြရသောအခါ၌ ပို၍ပင် အံ့သြထူးဆန်းဖွယ်ရာ ဖြစ်နေပါ တော့၏။

"ပြီးတော့ ဒကာမကြီးကို မဝင်းကြည်က တောင်းပန် လိုက်သေးတယ်"

ဟု ဆရာတော်ကြီးက ထပ်မံ၍ အမိန့်ရှိပြန်သည်။

"ဘာကို တောင်းပန်တာလဲဘုရား . . . အမိန့်ရှိပါ"

"ဩော် . . . တခြားမဟုတ်ဘူး၊ အမေ့ကို သူလေသံမာ မာနဲ့ ခံပြောမိခဲ့တာတွေကို ခွင့်လွှတ်ပါတဲ့"

အမေငိုပါတော့၏။ ငိုရင်းနှင့်ပင် "ခွင့်လွှတ်ပါတယ်ဘုရား၊ အားလုံးကို တပည့်တော်မ ခွင့်လွှတ်ပါတယ်၊ အခုသူတို့တွေဘယ် မှာနေကြလဲဘုရား . . . သိပါရစေ"

"သူတို့ . . . ကွယ်လွန်သွားကြတဲ့ အနားက ရွှေအပ်ထုပ် ဘုရား(ဆိပ်တက်ဘုရား)မှာ နေကြတယ်"

မမသည် လူ့ဘဝမှာ များစွာ နေပျော်သေးသည့်အရွယ် နှစ်ဆယ့်ခုနစ်နှစ်သာ ရှိပါသေးသည်။ မောင်လေးအသက်က ဆယ့်ကိုး နှစ်ဖြစ်၏။ အားကစားတွင် အထုံပါလာသူဖြစ်၍ မောင်လေးသည် လည်း ထာဝစဉ် တက်ကြွလှုပ်ရှားနေသူ ဖြစ်ပါ၏။ ယခုတော့ မကျွတ်လွတ်သေးသည့် ပရလောကသားဘဝတွင် ပျော်ပိုက် သည်ဖြစ်စေ၊ မပျော်ပိုက်သည်ဖြစ်စေ နေကြရဦးမည်။

တရားပွဲ ငါးရက် ကျင်းပပြီး၍ ဆရာတော်ကြီး ပြန်ကြွ သောအခါတွင် ဆရာတော်ကြီးကို ပို့သောကားနှင့် ကျွန်မတို့သား အမိ လိုက်ပါလာသည်။ ရွှေအပ်ထုပ်ဘုရားတွင် ဆရာတော်ကြီး ဆင်းကြွ၍ မမနှင့် မောင်လေးကို အမျှပေးဝေမည်။ စံပယ်ပန်းများ ယူလာခဲ့ဟူသော အစီအစဉ်ကို ဆရာတော်ကြီး အမိန့်ရှိသောကြောင့် ကျွန်မတို့ လိုက်ပါလာကြခြင်းဖြစ်၏။

ဤမှာလည်း ထူးဆန်းဖွယ်ရာနှင့် ကြုံကြိုက်ရပြန်ပါ၏။ ကားမောင်းလာသူသည် ရွှေအပ်ထုပ်ဘုရား ရှေ့တော်သို့ရောက်လျှင် ကားကို ခေတ္တရပ်မည်ဟူသော အစီအစဉ်ကို သိထားပါသော်လည်း

သတိမေ့လျော့ကာ ရွှေအပ်ထုပ်ဘုရားမှ အနည်းငယ် လွန်သွားသည်။ အထိ ကားကိုဆက်၍ မောင်းသွားမိလျှင် ကားသည် သူ့အလို အလျောက် ရပ်ခြည်းရပ်သွား၏။ ထိုအခါမှ ချက်ချင်းသတိရသွား သော ကားမောင်းသူသည် ကားကို နောက်ပြန်ဆုတ်ပေးမည်ဟုဆိုမှ စက်ပြန်နိုး၍ ရလေသည်။

ဘုရားကုန်းက မမြင့်လှပါချေ။ ဆောင်းတန်းလှေကားထစ် နှစ်ဆယ်လောက်သာရှိလေသည်။ ဘုရားရင်ပြင်တော်ပေါ်သို့ ရောက် လျှင် ဆရာတော်ကြီးသည် စံပယ်ပန်းများကို နှစ်စုခွဲ၍ ဘုရားရှေ့ ရှိ ပန်းတင်ခုံပေါ်သို့ တင်ထားလိုက်ကာ–

"မဝင်းကြည်နဲ့မောင်ရွှေငြိမ်း စံပယ်ပန်းတွေ လာယူကြ၊ မင်းတို့ ဘုရားပူဇော်ဖို့ ယူလာပေးတယ်"

ဟု အသံကျယ်ကျယ်နှင့်အမိန့်ရှိလိုက်ပြီးလျှင် ဘုရားတစ် ပတ်လှည့်ကာပူဇော်ရန် ထိုနေရာမှ ထွက်ကြွတော်မူလာ၏။ ကျွန်မ တို့ သားအမိမှာလည်း ဆရာတော်ကြီး ကြွတော်မူရာနောက်သို့ လိုက်ပါသွားရာမှ ကျွန်မသည် မမနှင့်မောင်လေးကို ဟိုနေရာတွင် တွေ့ရနိုးနိုး၊ သည်နေရာတွင် တွေ့ရနိုးနိုးဖြင့် ပတ်ဝန်းကျင်အနှံ့ လှည့်ပတ်ကြည့်မိလေ၏။

သို့သော် အရိပ်အယောင်တစ်ခုကိုမျှ မတွေ့ရပါ။ ဘုရား တစ်ပတ်ပြည့် လှည့်ပတ်ပူဇော်ပြီး၍ စတင်ထွက်ခွာလာသည့် ပန်း တင်ခုံရှေ့သို့ပြန်လည်ရောက်ရှိလာသောအခါ၌မူ ဆရာတော်ကြီးထား

ခဲ့သည့် စံပယ်ပန်းများကို လုံးဝမတွေ့ရတော့ပါ၍ ကျွန်မတို့မှာ အံ့သြရသလို–

"ဩော် ... မိဝင်းကြည်တို့ မောင်နှမ ပန်းတွေလာယူသွားကြပြီကိုး၊ ဘုရားကိုပူဇော်ကြမယ် ထင်ပါရဲ့ကွယ်၊ သာဓု ... သာဓု ..." ဟူသော ဆရာတော်ကြီး၏ စကားသံကိုပါ ကြားလိုက်ရပါ၏။

ယခုတော့ဖြင့် မမတို့ ကွယ်လွန်သွားသည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်သွားပါပြီ၊ မမတို့ ကွယ်လွန်ပြီးသည့် သုံးနှစ်လောက်အတွင်း၌မူ "မမဝင်စားသည်၊ မောင်လေးဝင်စားသည်" ဟု မကြာခဏ ကြားရတတ်သည်။ ဤသို့ ကြားရတိုင်းလည်း ကျွန်မအမေသည် စိတ်အားထက်သန်စွာ သွားရောက်ကြည့်ရှုတတ်လေသည်။ ခိုင်လုံသော သက်သေသာဓကေ မတွေ့ရပါသော်လည်း အမေသည် သူ့သား အမှန်ဝင်စားလာသည်ဟူသော ... အမှတ်ဖြင့် သုံးနှစ်နီးပါးအရွယ် ယောကျာ်းကလေးတစ်ယောက်ကို နေ့တိုင်းအိမ်သို့ခေါ်ထားကာ အလွမ်းဖြေတတ်ပါ၏။ အဖေသည် ဤစိတ်နှင့်ပဲ မမတို့ ကွယ်လွန်ပြီး လေးနှစ်ကျော်ကျော်လောက်တွင် ကွယ်လွန်သွားရှာပါသည်။ ကျွန်မအမေကမူ ဝိပဿနာတရားကို မပြတ်အားထုတ်ရင်းဖြင့် ကံကုန်နေ့စေ့မှ ကွယ်လွန်သွားရပါသည်။

ကျန်ရစ်ခဲ့သည့် ကျွန်မနှင့် မမကြီးမှာလည်း ရွှေရင်အေးဆရာတော်ကြီး နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မကျွတ်မလွတ်သူများအား



http://www.cherrythitsar.org

ရည်စူးလှူဒါန်းသည့် "ဘုမ္မသကဆွမ်းလောင်းပွဲကြီးသို့" တော်သလင်း လဆန်း(၉)ရက်နေ့သို့ ရောက်တိုင်း (၁၉၇၉)ခုနှစ်မှ ယခုနှစ်တိုင် သွားမြဲ၊ အမျှဝေမြဲ၊ လှူဒါန်းဆဲဖြစ်ပါ၏။ ဆရာတော်ဘုရားကြီး ရေးထိုးထားသည့်စာရင်းတွင် မကျွတ်လွတ်သူ (၁၈)ဦးအနက်မှာ မောင်လေး ရွှေငြိမ်းက လေးဦးမြောက်၊ မမဝင်းကြည်က ငါးဦးမြောက်အဖြစ် တရားလာရောက်နာယူရန် ဖိတ်ကြားထားသည် ကို တွေ့ရပါ၏။

မမတို့အဖြစ်သည် ကျန်ရစ်ခဲ့သူ မမကြီးနှင့် ကျွန်မ အတွက် တရားသံဝေဖြစ်ရပါလေ၏။ ထို့ကြောင့် သင့်တင့်အောင်စား၊ မျှတအောင်နေကာ ဝိပဿနာတရားမှတစ်ပါး အားကိုးရာမရှိပြီဟု ဤတရားကိုပဲ အားထုတ်ကြိုးစားခဲ့ပါသည်။ **(စားသမျှ မစင်၊ ထားသမျှ မသေခင်၊ ပြုသမျှ ကုသိုလ်ပင်)** ဟူသော သဘောဖြင့် တတ်နိုင်သမျှ လှူဒါန်းခဲ့ပါ၏။ ဖြစ်လေရာဘဝများစွာတွင်လည်း မမနှင့် မောင်လေးတို့ကဲ့သို့ ဘဝဆိုးကို မမြင်ရ၊ မကြားရသည်ကို ဖြစ်ရပါလို၏ဟု ဒါနပြုပြီးတိုင်း ဆုတောင်းခဲ့ပါသည်။

**ဝန်ခံချက်**

*(တရားရိပ်သာတွင် ကြုံဆုံအားထုတ်ခဲ့ဖူးသည့် ယောဂီ မြင့်နှင့် မိုးတို့၏ ဖွင့်ဟချက်ကို ပြန်လည်ဖော်ပြပါသည်။)*

* * * * *



http://www.cherrythitsar.org

# ပြိတ္တာနှင့် နပန်းလုံးခဲ့သော ငတိုး

ဘီးလင်းမြို့နယ်အတွင်းရှိ ရှေးခေတ်အခါ အင်္ဂလိပ်များ အုပ်စိုးခဲ့စဉ်အခါက ကျွန်မတို့ဒေသ တိုက်ကုလားနယ်လုံးဆိုင်ရာ ဟု ခေါ်တွင်သော နေရာသည် ကျေးရွာကလေးပေါင်း ရှစ်ဆယ် ကျော်နီးပါးရှိကာ လူဦးရေလည်းများ၊ ရောင်းဝယ်ဖောက်ကား စီးပွား ရေးကောင်းကြသောကြောင့် အလွန်အမင်း ဆင်းရဲသူနည်းပါးလှ သည်။ ဘာသာရေးနှင့် ပတ်သက်လာလျှင်လည်း ဘုန်းတော်ကြီး ကျောင်းပေါင်း ခြောက်ဆယ်ကျော်ခန့်ရှိကာ သာသနာထွန်းကားလှ ၏။ ထို့အပြင် တိုက်ကုလားနယ်လုံးဆိုင်ရာအတွင်းရှိ ကျေးရွာများ သည်လည်း ရာမညဒေသအတွင်း ဖြစ်ပါသော်လည်း လူမျိုးများ အားဖြင့် မွန်၊ ကရင်၊ တရုတ်၊ ကုလား၊ မြန်မာစသည်ဖြင့် များစွာ စုံလင်လှသည်။ ဒေသအလိုက် ဓလေ့အားဖြင့် ရိုးသားယုံကြည်လွယ် ကြသည်။ ရှေးရိုးအစဉ်အလာများကိုလည်း အလွန်လိုက်နာယုံကြည် ကြ၏။

ရန်အောင်စာပေ

ကျွန်မတို့ လေးငါးနှစ်အရွယ် (၁၉၃၀)ခုနှစ်လောက်တွင် တစ်ညသော ဆောင်းရာသီကာလ သန်းခေါင်ကြက်များတွန်ကြသည့် ဆယ့်နှစ်နာရီအချိန်၌ "အမယ်လေးကယ်ကြပါဦး၊ လာကြပါဦး" ဟူသော အော်သံကြီးတစ်ခုကြောင့် အိပ်မောကျနေသူများ လန့်နိုး ကုန်ကြကာ အော်သံကြားရာသို့ အပြေးအလွှား ရောက်သွားကြ သည်။ ကျွန်မတို့မိသားစုများလည်း နိုးကြကုန်ပါသည်။ သို့ပါသော် လည်း ကျွန်မ မိဘနှစ်ပါးသည် မှန်အိမ်မီးကို မီးစာမြှင့်ကာ ဘာဖြစ် တာပါလိမ့်ဟု အိမ်တံခါးကိုမဖွင့်ဘဲ နားစွင့်လျက်သာ ထိုင်နေကြ၏။

အချိန်သိပ်မကြာလှပါ။ မိနစ်နှစ်ဆယ်လောက်သာ ကြာ မည်ထင်ပါသည်။ "ဆရာ. . . ဆရာ"ဟူသော အသံနှင့်အတူ ကျွန်မတို့ အိမ်တံခါးကို လာခေါက်ကြသော အသံများကြား၍ ကျွန်မ ဘဘက တံခါးကိုသွားဖွင့်ပေးပါသည်။ (ကျွန်မတို့က အဖေကို ဘဘဟု ခေါ်သည်။) ကျွန်မ ဘဘသည် ဗိန္ဒောဆေးဆရာ လည်းဟုတ်သည်။ ပယောဂ အစွဲအလွဲများကို ကုသပေးသည့် မနောစိတ္တုပ္ပါဒ် ဂိုဏ်းဝင်ဆရာတစ်ယောက်လည်းဖြစ်သည်။ တံခါးပွင့် သွားသောအခါ "ဦးလေး၊ ဒေါ်လှမြသား တေိုးတစ်ယောက် ဘာ ဖြစ်တယ်မသိဘူး၊ သချိုင်းမှာ လဲနေတာတွေ့လို့ သူ့အမေကြီးအော် ခေါ်အကူအညီတောင်းတာနဲ့ ကျွန်တော်တို့ သွားထမ်းခေါ်ခဲ့ကြတယ်။ အခုထိ သတိမရသေးဘူး၊ ဦးလေးလိုက်ကြည့်ပေးပါဦး"ဟုပြော၏။

ကျွန်မတို့ ဘဘသည် ငွေကြေးများယူပြီး ကုသပေးနေ သည့် ဆရာမဟုတ်ပါ။ သူဝါသနာပါ၍ လိုက်စားထားသော ပညာရပ်

များနှင့် စေတနာသန့်သန့်ထားပြီး ကုသပေးနေသည့် ဆရာဖြစ်လေသည်။ ဘဘကုသပေး၍ ပျောက်ကင်းသွားသော လူနာများက ကွမ်းဆေး၊ ဖယောင်းတိုင် စသည်မျှနှင့် ဖန်ခွက်ထဲသို့ထည့်ကာ လာရောက် ကန်တော့ကြလျှင်လည်း ကျေနပ်သူဖြစ်ပါလေ၏။ သူတို့လာခေါ်သော မလှမြင့်ဆိုသူ၏အိမ်က ကျွန်မတို့အိမ်နှင့် အနည်းငယ်လှမ်းပါသည်။ သူတို့အိမ်သည် ကျွန်မတို့ရွာ၏ သုသာန်နှင့် ဝါးသုံးပြန်လောက်ဝေးသော နေရာတွင် ရှိလေသည်။

ထိုညက ဘဘသည် နံနက်သုံးနာရီလောက်မှ ပြန်ရောက်လာသည်။ ထိုအခါ ကျွန်မ မေမေက "တိုးဘာဖြစ်တာတဲ့လဲ၊ ခုတလော သင်္ချိုင်းမှာ သိပ်အခြောက်အလှန့် များနေတယ်လို့ ဈေးမှာ ပြောနေကြတာ ကြားတယ်။ တိုးက ညကြီးမိုးချုပ် ဘာကိစ္စနဲ့ သင်္ချိုင်းကို ရောက်သွားတာတဲ့လဲ"ဟုမေးသည်။ ဘဘက သူယူသွားသောဆေးအိပ်ကို ဆေးဗီရိုပေါ်သို့ တင်ထားရင်းမှ"ဟာ ဒီကောင် လူရှုပ်၊ မဟုတ်မဟပ်တွေ လျှောက်လုပ်တာ မသေကောင်း မပျောက်ကောင်း ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် အသက်ချမ်းသာလာရတာ"ဟုပြော၏။ မိုးလင်း၍ ဒေါ်လှမြင့်၏အိမ်သို့ မေမေ သတင်းမေးရောက်သွားသောအခါမှ ကိုတိုး၏အဖြစ်ကို ခြေခြေမြစ်မြစ် သိရရုံမျှမက တကယ့်ကို ကြောက်စရာ၊ လန့်စရာ သည်းထိတ်ရင်ဖို အဖြစ်ကြီးပါကလားဟု ကျွန်မတို့ ညီအစ်မများ မေမေ့ထံမှ သိရလေတော့၏။

ကျွန်မတို့ ရွာသင်္ချိုင်းနှင့်ရွှေဂံတောင်ဟူသော ရွာကလေး၏

သချိုင်းနှစ်ခုသည် နီးစပ်နေကြသည်။ ထိုသချိုင်းနှစ်ခုကြားတွင် လူတစ်ရပ်ကျော်ကျော်မြင့်သည့် သစ်ပင်ချုံနွယ်အနည်းငယ်ရှိသည်။ သို့သော် ရွာချင်းနီးနေကြသည်က တစ်ကြောင်း၊ ထိုရွာမှလူများသည် ကျွန်မတို့ ရွာဆီသို့ ဈေးရောင်းဈေးဝယ် နေ့စဉ်မပြတ် လာနေကြရသည်က တစ်ကြောင်းကြောင့် သချိုင်းကို ကြောက်စရာဟု မည်သူကမျှ မသိကြ၊ အကြောင့်ကြမဲ့စွာနှင့်သာ ဖြတ်သန်းသွားလာနေခဲ့ကြ၏။

သို့သော် တစ်နေ့သောအခါ၌ သချိုင်းနှစ်ခုအကြားတွင် တစ္ဆေခြောက်သည်။ တစ္ဆေသည် တစ်ခါတစ်ရံတွင် ခေါင်းတလားပျက်များကို ရွက်ကာခြောက်လှန့်သည်။ တစ်ခါတစ်ရံတွင်မူ ချုံများအကြားမှ ဘွားခနဲထွက်လာကာ ကြောက်စရာအသံနက်ကြီးအော်ဟစ်လျက် ခြောက်လှန့်သည်ဟု သတင်းကြီးလာသည်။ ထို့ကြောင့် ထိုသချိုင်းများသို့ အခါတိုင်းကဲ့သို့ ဖြတ်သန်းမှုမပြုဝံ့ကြတော့ပဲ ကိစ္စကြီးငယ်ရှိလာလျှင် လူစုလူဝေးနှင့် သွားလာကြရတော့သည် အထိ ထိတ်လန့်ဖွယ် ဖြစ်လာရတော့၏။

ထိုသို့ တစ္ဆေခြောက်သည်ဟုနာမည်ကြီးနေသော သချိုင်းနှစ်ခုအကြောင်းကို ကြားရလျှင် တေိုးက အားရပါးရ ရယ်သည်။ "မဟုတ်နိုင်တာကွာ၊ ငါတို့လဲ အချိန်မရှိ၊ အချိန်ရှိ ကိစ္စပေါ်ရင် သွားနေတာပဲ၊ တစ်ခါမှ အခြောက်မခံရဘူး"ဟု ပြောသည်။ "အခြောက်မခံရရင် တစ်ညလောက် သွားကြည့်လေ၊ အဲဒီတော့မှ

အမယ်လေးကြောက်ပါပြီဗျလို့ အော်မပြေးလာနဲ့”ဟု အခြောက်ခံရသူများက ပြောလျှင် ငတိုး မျက်ရည်ထွက်အောင် ရယ်တော့၏။

ငတိုးမှာ အဖေမရှိ ငတိုးငယ်စဉ်ကတည်းက အဖေဆုံးသွားသည်။ ထို့ကြောင့် ငတိုးတို့အိမ်မှာ သူ့အမေ ဒေါ်လှမြနှင့် သူညီမလေးပဲရှိသည်။ ငတိုးအမေက အိမ်မှာ ကုန်စုံဆိုင်ကလေးဖွင့်ထားသည်။ ငတိုးက နွားလှည်းတစ်စီးနှင့် အငှားလိုက်သည်။ ထို့ကြောင့် စီးပွားရေးအနေဖြင့် မဆိုးလှပါ။ တစ်ညသောအခါ ညဆယ်နာရီကျော်ကျော်အချိန် ဒေါ်လှမြတို့သားအမိ အိပ်ရာထဲရောက်နေချိန်မှာ တစ်စုံတစ်ယောက်(မိန်းမသံ)ဖြင့် “အဒေါ်. . . အဒေါ် အိမ်တံခါးဖွင့်ပေးပါ ကိစ္စရှိလို့”ဟု လာခေါ်သည်။ ဒေါ်လှမြက တံခါးဖွင့်ပေးလိုက်လျှင် အသက်နှစ်ဆယ်အရွယ် မိန်းကလေးတစ်ယောက် အထုပ်တစ်ခုကို ရင်မှာပိုက်လျက် တွေ့ရသည်။ “ဘာကိစ္စရှိလို့လဲကွယ်”ဟု ဒေါ်လှမြက ကိုင်လာသောမီးအိမ်ကိုမြှင့်၍ မိန်းကလေးမျက်နှာကို မြင်ရရန်အတွက် ကြည့်လျှင် မိန်းကလေးရုပ်ရည်မှာ သနားကမားပါပဲ။ သို့သော် သူ့ခမျာသည် ရှက်ရှာသလို အမူအရာဖြင့် “အဒေါ် ကျွန်မကို. . .ကိုငတိုး ခိုးလာတာပါ။ ကျွန်မက ရွှေဂတောင်ရွာက ဆရာဦးဘိုးအေး သမီးပါ” ဟု ခပ်တိုးတိုးပြောသည်။ “ငတိုးက အခုဘယ်မှာလဲ”ဟု မေးလျှင် “သူက ဘာဖြစ်လို့ ကျန်ခဲ့တာလဲမသိဘူး၊ ကျွန်မအိမ်က လိုက်လာရင် ကျွန်မကို တွေ့သွားလို့ခက်နေမယ်။ အိမ်ထဲဝင်ပြီး ကိုငတိုးအိပ်ရာထဲ ကျွန်မဝင်နေပါရစေ၊ ဒီအထုပ်လေး အဒေါ်ပဲ သိမ်းထား

ပေးပါ” ဟု လက်ကိုင်ပဝါနှင့် ထုပ်ထားသည့် အထုပ်တစ်ထုပ်ကို ကမ်းပေးသည်။ ဒေါ်လှမြမှာလည်း သူ့လက်ပေါ်ရောက်လာသည့် အထုပ်ကလေးသည် နင့်ခနဲရှိလှသည်ဖြစ်ပေ၍ ကေ႘္ဂ မိန်းကလေး၏ လက်ဝတ်ရတနာထုပ် ဖြစ်မှာပဲဟုထင်ကာ ယူထားလိုက်ပြီးလျှင် “အေး၊ အေး ဟောဒီအခန်းဟာ ငတိုးအခန်းပဲ အဲဒီထဲ ဝင်နေချင်ဝင်”ဟု ပြောလိုက်လေ၏။ မိန်းကလေးသည် ခြင်ထောင်ထဲသို့ ဝင်ကာ ခြင်ထောင်ကို ကျကျနန ချပြီးသောအခါမှ “အဒေါ်၊ ကိုငတိုးကို လိုက်ခေါ်ပါဦး. . .ကျွန်မလာတော့ ပိတောက်ငုတ်တိုပင်ကြီးအောက်မှာကျန်ခဲ့တယ်”ဟု ပြောပြီးမှ အိပ်ရာပေါ်သို့ လှဲချလိုက်၏။

ဒေါ်လှမြသည် လက်မှ မှန်အိမ်ကိုင်လျက်နှင့် သင်္ချိုင်းဘက်သို့ ခြေလှမ်းသွက်သွက် လှမ်းလာသည်။ လမ်းမှာ ရွာထဲလှည့်ပတ်နေသည့် ကင်းသမား သုံးလေးယောက်တို့ကိုလည်း တွေ့နေရခြင်းကြောင့်က တစ်ကြောင်း၊ သားလုပ်ပုံကို မကျေနပ်သောကြောင့်လည်းကောင်း၊ သင်္ချိုင်းမှာ အခုတလောတွင် တစ္ဆေအလွန်ခြောက်နေသည်ဟူသော သတင်းကိုသိပါလျက်နှင့် ဒေါသဦးဆောင်သောစိတ်ဖြင့် ထွက်လာခဲ့ခြင်း ဖြစ်လေသည်။ သို့သော် ပိတောက်ပင်ငုတ်တိုနှင့် နီးကပ်လာသောအချိန်တွင် သားငတိုးကို လုံးဝမတွေ့ရသည့်အပြင် ညည်းညူသံကြီး တစ်ခုကိုပါ ကြားလိုက်ရသောကြောင့် ဒေါ်လှမြသည် ကြက်သီးများ တဖြန်းဖြန်းထလာသည်အထိ ကြောက်လန့်လာသောစိတ်ဖြင့် နောက်သို့ လှည့်ပြေးတော့၏။

သို့သော် လသာရက်ဖြစ်နေသောကြောင့် ကြောက်စိတ်နှင့် ပြေးရင်းမှ နောက်သို့ သူပြန်၍ လှည့်မိလေလျှင် ညည်းညူသံကြား နေရသော နေရာမှာ လူတစ်ယောက် လူးလိမ့်နေသလိုလိုမျိုးကို သူမြင်မိသည်နှင့် "သားတေိုးများ ဖြစ်နေမလား၊ သူခိုးလာခဲ့သည့် ကလေးမဘက်မှ လူများက ရိုက်နှက်သွားကြ၍ လဲကျနေသလား" ဟုထင်ကာ ပူပင်သောစိတ်ဖြင့် အနီးကပ် ပြေးသွားကြည့်လျှင် အမှန်ပဲ သူ့သားတေိုး ဖြစ်နေတော့၏။ "တေိုး . . . တေိုး သား" ဟု သူခေါ်ကြည့်သည်။ လုံးဝသတိမရ၍ မထူးနိုင်တော့ချေ။ ထိုအခါမှ "လာကြပါဦး . . . ကယ်ကြပါဦး" ဟု သူကုန်းအော် တော့ခြင်းဖြစ်သည်။

တေိုးကို ယောကျ်ားကြီး လေးယောက်က အိမ်သို့ပြန်ခေါ် လာကြစဉ် နှစ်ယောက် သုံးယောက်လောက်က ကျွန်မဘဘကို ပြေး၍ လာခေါ်ကြခြင်းဖြစ်၏။ အားလုံး၏စိတ်တွင် တေိုးသည် သချိုင်းတွင် ခြောက်လှန့်နေကြဖြစ်သည့် သရဲနှင့်တွေ့ကာ အခြောက် အလှန့်ခံရပြီးလျှင် အပမှီနေခြင်းဖြစ်မည်ဟု ထင်နေကြ၏။ ကျွန်မ ဘဘ ရောက်သွားမှ ကိုတေိုးကို သေချာစွာ စစ်ဆေးကြည့်လျှင် အပမှီခြင်းမဟုတ်။ တေိုး အကြောက်လွန်နေခြင်းဖြစ်သည်ကို သိရှိ ကာ ဘဘသည် ဘုရားဆောင်ရှေ့တွင် ရေတစ်ဖလားနှင့် အဓိဋ္ဌာန် ပြု ပူဇော်ရွတ်ဆိုပြီးလျှင် ထိုရေဖြင့် ကိုတေိုးတစ်ကိုယ်လုံးကို တောက်ဖျန်းသည်။ မျက်နှာပေါ်သို့လည်း ဖျန်းသုတ်ပေးပြီးမှ ဘဘသည် ကိုတေိုးပါးကိုပုတ်ကာ "တေိုး . . . တေိုး . . . တေိုး

မင်းနေကောင်းသွားပြီ။ ထစမ်း” ဟု ထိုင်ခိုင်းလိုက်၏။

ထိုအခါ ကိုငတိုး မျက်လုံးများပွင့်လာသည်။ ဟိုကြည့် ဒီကြည့်ဖြစ်နေရာမှ ကျွန်မဘဘကိုမြင်လျှင် “ဘကြီး. . . ကျွန်တော် ဘယ်ကိုရောက်နေတာလဲ”ဟုမေး၏။ ဒေါ်လှမြက ထိုအခါမှ “ဟဲ့ သားရဲ့ ဒီအိမ်ဟာ နင့်အိမ်လေ သေသေချာချာကြည့်ပါဦး”ဟု ဝင်ပြောမှ ကိုငတိုးသည် သက်ပြင်းကြီးချကာ “အင်း မသေကောင်း မပျောက်ကောင်း ဖြစ်ရတာပဲ။ ဒီလိုဖြစ်ရတာ ကျွန်တော့်အပြစ်ပါ”ဟု လေသံလေးလေးကြီးနှင့် ပြောလျှင် သင်္ချိုင်းမှသူ့ကို ထမ်းယူလာခဲ့ကြသည့် ယောကျာ်းကြီး လေးငါးယောက်က သူ့အနား တိုးကပ်လာကြပြီး ဝိုင်းမေးကြသည်။ “ငတိုးရဲ့ နင်ဘယ်လို အခြောက်ခံရလို့ အခုလိုဖြစ်သွားတာလဲ၊ တို့ကိုပြောပြစမ်း၊ သူများတွေ အခြောက်ခံရလို့ ကြောက်ကြတုန်းက မင်းက မျက်ရည်ထွက် အောင် ရယ်ခဲ့တယ်မဟုတ်လား၊ သရဲခြောက်တာ ကြောက်စရာ လားလို့. . . မင်းပြောခဲ့တယ်၊ အခုတော့ မင်းသတိမရလောက် အောင် ဘယ်လိုများ အခြောက်ခံရတယ်ဆိုတာကို ပြောပြစမ်းကွာ” ဟု ဝိုင်းမေးကြလျှင် ကိုငတိုးသည် မျက်နှာငယ်ကလေးနှင့်“ပြောပါ့ မယ်”ဟူသော အနေဖြင့် ခေါင်းညိတ်ပြကာ သူ့ညီမထံမှာ ရေတစ် ခွက်တောင်းပြီး ထသောက်သည်။ ပြီးမှ ပြောပြသည်မှာ. . .

“စောစောကတော့ အပျော်သဘောနဲ့ သင်္ချိုင်းနှစ်ခုအကြား သွားလာနေတဲ့ သူတွေကို ကျွန်တော့်ကိုယ်ကို ရုပ်ဖျက်ပြီး ခေါင်းတ



http://www.cherrythitsar.org

လားတွေထမ်းလိုထမ်း၊ လူသေတင်တဲ့ ဝါးလုံးစင်တွေကို ကိုင်လိုကိုင်ပြီး မှောင်နေပြီဆိုတာနဲ့ တွေ့ရာလူကို လိုက်ခြောက်တော့ လန့်အော်ထွက်ပြေးကြတာကိုမြင်တော့ ကျွန်တော် သိပ်ပျော်သွားတယ်၊ ကျွန်တော့်အတွက် ကစားစရာအဖြစ်နဲ့ ခဏခဏဆက်ပြီး ခြောက်လှန့်လာခဲ့တယ်"

"အဲသလိုနဲ့ ခြောက်လှန့်လာလို့ နှစ်လအကြာလောက် တစ်ညမှာ မှောင်ထဲကနေပြီး မိန်းမတစ်ယောက် ထွက်လာတယ်။ အထုပ်ကလေးတစ်ထုပ် ခေါင်းပေါ်ရွက်ပြီး ကျွန်တော် ပုန်းနေတဲ့ ပိစပ်ပင်အကြားကို လျှောက်လာတော့ ကျွန်တော်လည်း ခါတိုင်းလူတွေကို ခြောက်သလို သူ့နောက်ကို ခြေသံတဖုတ်ဖုတ် အသံပေးပြီး လိုက်တာပေါ့၊ ဒါပေမယ့် ကျွန်တော်ပြေးလာတာကို ဆက်မပြေးဘဲ သူခြေစုံရပ်ထားပြီး ကျွန်တော့်ကို စိန်းစိန်းကြီး စိုက်ကြည့်နေတယ်။ ကျွန်တော့်စိတ်ထဲမှာလည်း သူများတွေပြောတာ ကြားဖူးထားတာက "တစ္ဆေခြောက်ရင် ဆက်မပြေးဘဲ ခြေစုံရပ်နေ၊ တစ္ဆေက ဆက်ပြီး မခြောက်ဘဲ လှည့်ပြန်သွားလိမ့်မယ်"လို့ ကြားဖူးထားတာကို အမှတ်ရပြီး၊ ဒီမိန်းမ ငါခြောက်တာကို မကြောက်ဘူးဆိုပြီး အတင်းနပန်းဝင်လုံးတော့ သူကပြန်လုံးတယ်၊ သန်လိုက်တာလဲ မပြောနဲ့တော့ တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေအောင် ထွက်လာတာတောင် သူ့ကို မနိုင်ဘူး။ နောက်တော့ မြေကြီးပေါ်ပက်လက် ကျွန်တော်လဲကျသွားတော့ သူက "ငါမှန်းသိပြီလားဟဲ့၊နင်က လူပါးဝပြီး ငါ့နယ်ထဲလာကျယ်နေတယ်၊ နောက်ထပ်လုပ်ဝံ့ရင် အသေကိုက်သတ်ပစ်မယ်"

ပြောပြီး ရင်ဝကို ဖနောင့်နဲ့ ပေါက်လိုက်တာ သုံးလေးချက်ပဲ။ ဒီတော့မှ သူဟာ လူမဟုတ်ပါလားဆိုပြီး ကျွန်တော်လဲ ကြောက် ကြောက်နဲ့ . . . ဘုရားကယ်တော်မူပါ၊ တရားကယ်တော်မူပါ၊ သံဃာတော် အရှင်မြတ်ကြီးများ ကယ်တော်မူပါ၊ ဆံတော်ရှင် ကျိုက် ဒေးယျံဘုရားကြီး ကယ်တော်မူပါဘုရားဆိုပြီး၊ ကန်တော့ လက်အုပ်ချီ အော်လိုက်တော့မှ အဲဒီမိန်းမ ထွက်ပြေးသွားတာကို မြင်လိုက်ရပြီး ကျွန်တော်လဲ သတိလစ်သွားတယ်။ အင်း . . . တကယ်တော့ ကျွန်တော့်အဖြစ်က ကိုယ့်ရှူးကိုယ်ပတ်တဲ့ အဖြစ်ပဲ”ဟု ကိုတိုးမှာ နောင်တရစွာဖြင့် ပြောရှာလေသည်။

နားထောင်သူတစ်ချို့က ရယ်သူရယ်၊ ပြုံးသူပြုံးရင်း“အင်း မင်းအဖြစ်က ဘုရားကိုယ်တော်မြတ် ကယ်ပေလို့သာပေါ့ကွာ နို့မဟုတ်ရင် ဒုက္ခပဲ”ဟု ဆိုကြသည်။ ထိုအခါမှ ကိုတိုးအမေ ဒေါ်လှမြင့်မှာလည်း သူ ခိုးယူလာခဲ့သည်ဆိုသော မိန်းကလေးကို သတိရ၍ မေးချင်နေပါသော်လည်း အိမ်မှာ လူမစဲသေးသဖြင့် ခေတ္တစောင့်ကာ သူ့စကား အဆုံးသတ်တော့မှ “ကဲ . . . ငါ့သား မင်းလဲပင်ပန်းလာပြီ၊ စောင်ထူထူခြုံပြီး ဝင်အိပ်လိုက်ဦး၊ မိုးလင်းဖို့ အချိန်တွေ အများကြီးလိုသေးတယ်။ တစ်ရေးလောက် အိပ်လိုက်ဦး”ဟု ဆိုသဖြင့် ဧည့်သည်များ ပြန်ကုန်တော့မှ သူ့သားကို လက်ဆွဲပြီး “နင်ဘယ်လို လုပ်လိုက်တာလဲ တိုး၊ ငါ့မှာ နင်လွှတ် လိုက်တဲ့ . . . မိန်းကလေးကို အခန်းထဲသွင်းပြီး နင့်ခြင်ထောင်ထဲမှာ သိပ်ခဲ့ရတယ်၊ ဘယ်က မိန်းကလေးလဲ၊ အခုဟာကလဲ နင့်ကို

တစ္ဆေက ရိုက်သွားတာမှ ဟုတ်ရဲ့လား၊ မိန်းကလေးအမျိုးတွေက လိုက်လာပြီး နင့်ကိုရိုက်ခဲ့တယ် မဟုတ်လား၊ ရိုက်လို့အားရမှ သေပြီထင်လို့ ထားခဲ့ကြတာ ဖြစ်မှာပေါ့၊ "ငတိုးရယ် နင်လုပ်လိုက်မှ ဖြင့် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ"ဟု မြည်တွန်တောက် တီးလျက်ရှိနေသည်ကို ငတိုးသည် ဘာမှ နားမလည်နိုင်တော့ဘဲ "အမေဘာတွေ လျှောက်ပြောနေတာလဲ. ̊. ̊. ဘယ်မိန်းမကိုမှ ကျွန်တော်မလွှတ်ဘူး၊ ဘယ်မှာလဲ အဲဒီမိန်းမ"ဟုမေးကာ သူ့အမေ နှင့်အတူ သူ့အိမ်ခန်းတံခါးကို ဖွင့်လိုက်လျှင် ခြင်ထောင်ထဲမှာ ဘယ်သူမှမရှိ၊ ဖျာစုတ်တစ်ခုနှင့် လူသေများကို အသက်သေပြီးစ တွင် တင်ထားလေ့ရှိသည့် ဝါးကပ်စင်တစ်ခုကိုသာ တွေ့ရတော့၏။

ဒေါ်လှမြမှာ မျက်လုံးပြူးစွာဖြင့်"ဟင် ဒီလိုဆို ငါ့ကို အပ်သွားတဲ့ အထုပ်ဆိုတာ ဘာထုပ်များ ဖြစ်နေမလဲမသိဘူး၊ သမီး သွားယူခဲ့စမ်း၊ ဖြေကြည့်ရအောင်"ဟု ဆိုလျှင် ငတိုးသည် "ဘာထုပ်လဲ၊ ဘယ်သူက အပ်သွားတာလဲ"နှင့် အငမ်းမရ သူ့အမေ ကို မေးလျက်နေစဉ် မည်းညစ်နေသည့် ပိတ်စတစ်ခုဖြင့် ထုပ်ထား သည့် အထုပ်ငယ်တစ်ခုကို သူ့ညီမက ယူလာကာ အမေ့လက်ထဲ သို့ ထည့်လျှင် အမေသည်လည်း နှလုံးဒိတ်ဒိတ် ခုန်လျက်နှင့် အထုပ်ကို ဖြေကြည့်လိုက်ရာတွင် လူအရိုးများဟု ထင်ရသည့် လူ၏ လက်ချောင်းများကို ချိုးဖဲ့ကာ ထည့်ထားသည့်အဖြစ်အား မြင်လိုက်ရလျှင် ဒေါ်လှမြသည်လည်း "အမလေး"ဟု အော်ရင်း ပုံလဲကျသွားတော့၏။

ရန်အောင်စာပေ

နောက်နှစ်ရက်ခန့်ကြာသောအခါ ဒေါ်လှမြသည် ကျွန်မ ဘဘထံသို့ ရောက်လာ၏။ သူ့အိမ်မှာ ဘာမှ အခြောက်အလှန့် မရှိပါသော်လည်း ဖြစ်ခဲ့သမျှအားလုံးကို မျက်စိထဲ မြင်ယောင်နေကာ မနေဝံ့၊ မအိပ်ဝံ့ ဖြစ်နေပါသည်။ မီးထွန်းချိန်ရောက်သည်နှင့် ခြေလက်များအေးကာ ရင်ထဲ၌ တုန်တုန်ယင်ယင် ဖြစ်လာတော့၏။ သူဘာလုပ်ရလျှင် ကောင်းပါမည်နည်းဟု လာမေးခြင်းဖြစ်လေသည်။

ကျွန်မဘဘက ပြောသည်။ "နင်တို့စိတ်ထဲ ရှင်းလင်းသွားရအောင် အိမ်မှာ ကိုးကွယ်ထားတဲ့ ဘုရားကို သံဃာတော်များ ပင့်ဖိတ်ပြီး အနေကဇာတင်၊ ပရိတ်တော်များရွတ်၊ ဆွမ်း၊ ပန်း ကပ်လှူလိုက်ပေါ့။ စိတ်လည်းရှင်း၊ အိမ်လည်းရှင်းသွားပြီး အခြေအနေအားလုံး ကောင်းသွားမှာပါ"

"သချိုင်းဆိုတာတွေမှာက . . . အစောင့်တွေရှိကြတာချည်းပဲ၊ တို့ရွာသချိုင်းစောင့်ရတဲ့ ပြိတ္တာမက စိတ်ပြင်းထန်တယ် ထင်ပါရဲ့၊ ငတိုးလုပ်ပုံကလည်း သူ့သချိုင်း နာမည်ပျက်စရာ ဖြစ်နေတာကိုး။ တော်ပါသေးရဲ့ကွာ၊ ဟိုဘက်ရွာက သချိုင်းစောင့်နဲ့ပေါင်းပြီး မလုပ်လိုက်တာဘဲ တော်ပါသေးရဲ့ ဟား . . . ဟား"ဟု အားရပါးရ ရယ်တော့ "ခုတော့ ခြေငြိမ်သွားပြီလေ ဦးလေးရဲ့၊ လှည်းတိုက်ပြီး ပြန်လာရင် ဘယ်မှမထွက်တော့ဘူး၊ သူလဲတော်တော်လန့်သွားပုံရတယ်"ဟု ဒေါ်လှမြက ပြောပြသည်။

သုဝဏ္ဏဘူမိပြည်သို့ သာသနာပြု ကြွလာတော်မူကြသည့် အရှင်သာမဏေနှင့် ဥတ္တရမထေရ်အဖွဲ့သည် မင်းနန်းတော်တွင်

သားဖွားတိုင်း ဝင်ရောက် နှောင့်ယှက်လျက် ရှိနေကြသည့် ရေစောင့် ဘီလူးမတို့အား သူတို့ကိုယ်ထက် အဆများစွာ ကြီးမားသည့် လူ၏ဦးခေါင်းနှင့် ခြင်္သေ့ကိုယ်နှစ်ခုကို တွဲစပ်ထားသည့် ထူးဆန်း ကြောက်လန့်ဖွယ် အရုပ်ကြီးကို ဖန်ဆင်းကာ ခြောက်လှန့်ပြလိုက်သည်နှင့် ရေစောင့် ဘီလူးမတို့ ကြောက်လန့်ကာ ထွက်ပြေးကြဖူးကြောင်းကို "မဟာဝင်၊ မဟာရာဇဝင်ကြီးနှင့် သာသနာ့ဝံသဒီပနီ" စသည်တို့တွင် တွေ့ရပါသည်။

ထို့ပြင် "ပါရာဇိကဏ် အဋ္ဌကထာ"တွင် လာသည့် ရှင်သောဏနှင့် ရှင်ဥတ္တရမထေရ်တို့ သထုံပြည်ရှိ မြေဘုတ်ဘီလူး၊ ဘုတ်ပြိတ္တာ၊ တစ္ဆေသရဲစသည့် မကောင်းဆိုးဝါးအပေါင်းတို့၏ အန္တရာယ်မှ ကင်းဝေးစေရန်နှင့် လာရောက်ခြင်းမပြုနိုင်ရန်အတွက်ဟု ဂါထာတော်တစ်ပုဒ်ကို စီရင်ကာ သုဝဏ္ဏပြည်အတွင်းရှိ အိမ်တိုင်း၌ ထန်းရွက်၊ ပေရွက်စသည်များအပေါ် ရေးသားစေကာ အိမ်၏ မြင့်မြတ်သော နေရာများတွင် ချိတ်ဆွဲထားစေခြင်းဖြင့် အန္တရာယ် အားလုံးကို ကာကွယ်မှု ပေးခဲ့သည်ဟု ဆို၏။ ထိုဂါထာကို ကျွန်မဘာသည် ကိုယ်တိုင်ရေးသားပေးကာ ဒေါ်လှမြင့်၏ ဘုရား ဆောင်တွင် မှန်ပေါင်သွင်းကာ ချိတ်ဆွဲထားပေသည်။ ဒေါ်လှမြ၏ မိသားစုကိုလည်း အသံထွက်ရော ပုဒ်ပါဌ်ပါ မှန်ကန်စေရန်အတွက် နှုတ်တိုက် သင်ပေးပြီးလျှင် ညစဉ် ဘုရားဝတ်ပြုရာမှာ ထည့်သွင်း ပူဇော်စေခဲ့၏။ ထိုဂါထာသည်ကား ... 

သုဝဏ္ဏံဘူမိ ဂန္တွာန၊
သောဏုတ္တရ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမိတွာန၊
ဗြဟ္မဇာလ၊ မဒေသယုံ။ ။

ဟူ၍ ဖြစ်ပါသတည်း။ ဘုရားရဟန္တာမြတ် အစရှိသော အရှင်မြတ်များ၏ နှုတ်ကပါဠိတော်ကို နိစ္စပတ်ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ဘေးဟူသမျှ ရန်ဟူသမျှ ကင်းစင်နိုင်ကြပါစေသတည်း။ ယုံကြည်လေးစား ရှိသေစွာဖြင့် ရွတ်ဆိုပူဇော်ကြပါကုန်။

* * * * *

# ဝိညာဉ်စံအိမ်

စာရေးသူ၏ ဇာတိဒေသသည် ရေးဟောင်းမြို့တော်ကြီး တစ်ခု၏ တည်နေရာ ဖြစ်ခဲ့ဖူးသည့်အပြင် ဆံတော်ရှင်၊ မွေတော်ရှင်၊ စေတီဘုရားများလည်း ထင်ရှား ပေါ်များရုံမျှမက တောတောင် ထူထပ်ခြင်း၊ စိမ့်စမ်းရေတံခွန်ပေါ်များခြင်း၊ ရာသီအလိုက် အသီးအနှံ များလည်း ပေါ်များကြသောကြောင့် ဤဒေသသို့ လေ့လာရောက်ဖူး လိုသူများနှင့် ဆံတော်ရှင်၊ မွေတော်ရှင်ဘုရားများ အထံတော်တွင် တရားအားထုတ်လိုသူ၊ အဓိဋ္ဌာန်ဝင်လိုသူများလည်း အလာအသွား များကြလေသည်။ သစ်သီးများနှင့် သတ်သတ်လွတ်စား၍ သို့မဟုတ် မီးလွတ်စား၍ အဓိဋ္ဌာန်ဝင်လိုသူများအတွက်လည်း ဤတောင်ပေါ် တွင် ပိုင်ရှင်မဲ့ အလေ့ကျပေါက်နေကြသည့် အပင်များမှသီးသော တောငှက်ပျော၊ သူငယ်စာငှက်ပျော၊ နှင်းသီး၊ ဆိတ်ချေးသီး၊ နတ်သမီးကွမ်းသီး၊ တောင်သလဲသီး၊ ရေသဖန်းသီး၊ ကနစိုးသီးနှင့် သရက်သီး၊ မရမ်းသီးစသော အသီးအနှံများမှာ ခူးမကုန်အောင် ပေါ်လှ၏။

ရန်အောင်စာပေ

ဤတောင်ကြောကြီးကို တိုက်ကုလားတောင်တန်းကြီးဟု လွန်ခဲ့သော နှစ်ပေါင်း (၃၀၀၀)ကျော်ကတည်းက ခေါ်ဝေါ်လာသည်။ ဒေသခံ အများစုသည် ကုန်သည်အလုပ်နှင့် အရောင်းအဝယ်ပြုကာ ရပ်တည်သည်။ အချို့သော မိဘဘိုးဘွား အစဉ်အဆက်မှ တတ်သိနားလည် တတ်ကျွမ်းလာကြသူ အနည်းငယ်ကား ဤတိုက်ကုလား တောင်တန်းကြီးမှ ရရှိသည့် ပရဆေးပင် အမျိုးမျိုးကို ရှာဖွေစုဆောင်း ဆေးဝါးရောင်းခြင်းအလုပ်၊ ဆေးကုသခြင်းအလုပ်ဖြင့် သမာအာဇီဝ အသက်မွေးမြူခြင်း အတတ်ဖြင့် ကံကောင်းစွာ ရပ်တည်နိုင်ကြသည်။ လယ်သမား၊ ယာသမားဟူ၍ ယုတ်ငြားစွာ ပြနိုင်ခြင်း မရှိသော်လည်း လယ်ကွက်ယာကွက် အနည်းငယ်ရှိသည့် နေရာတွင် အချို့သော ကျေးရွာကလေးများမှ လာရောက် စိုက်ပျိုးကြသူ အနည်းအပါးရှိသည်။

သာသနာတော် ဖွံ့ဖြိုးသည်ဖြစ်၍ စိမ့်စမ်းမြောင်၊ စမ်းအေးမြောင်၊ သော်ကမြောင်၊ မဏိဇေယျုစသည့် သံဃာတော်များ သီတင်းသုံးတော်မူကြသော တိတ်ဆိတ်အေးချမ်းသာ စိမ့်စမ်းများ အသွင်မပြတ် စီးဆင်းမျောလျက်ရှိသည့် စမ်းချောင်းငယ်ကလေးများနှင့် ဝန်းရံလျက်ရှိနေသော ကျောင်းသင်္ခမ်းများစွာတို့ကလည်း အမြင်အေးချမ်းလျက် ရှိလေသည်။ သို့သော် လူတို့နေထိုင်သည့် အရပ်နှင့် မိုင်ဝက်နီးပါး မိုင်ဝက်ကျော်ကျော် ဝေးရာသို့ နေ့စဉ်ဆွမ်းခံကြွတော်မူကြသည့် သံဃာတော်များအား လူတို့အနေဖြင့် အမြင်အတွေ့နည်းပါးကြပါသည်။ အကြောင်းကြီးငယ်၊ လှူဖွယ်ကိစ္စ မရှိကြပါလျှင်



http://www.cherrythitsar.org

ဘုန်းကျောင်း များ သို့ သွား ရောက်လေ့ မရှိခဲ့ကြပါ။

ဘုန်းကျောင်း များ သည် တစ်ကျောင်း နှင့်တစ်ကျောင်း လည်း ဝေး စပ်မှု မရှိကြဘဲ တောအုပ်ကောင်း ရာ၊ ကုန်း မြင့်ရှုကော နေရာအသီး သီး တွင် မလှမ်း မကမ်း ဆောက်ထား ကြသော ကျောင်း များ ဖြစ်လေ သည်။ တောသင်တိုက်မှာ မကျက်သောကြောင့်လည်း ကိုရင်၊ ကျောင်း သား စာသည်မှာ လည်း မရှိသောကြောင့် ထိုကျောင်း များ တည်ရှိရာ ကျောက်တု ကျောက်ဆောင်ကြီး များ သည်ပင်လျှင် ကြည့်ပိုက်သော အခါ၌ ဆင်ကြီး ဝပ်နေသလိုလို၊ မိကျောင်း ကြီး ကျောခင်း ထား သလိုလို၊ ခြင်္သေ့တစ်ကောင် ဆောင့်ကြောင့်ထိုင် နေသလိုဖြစ်ကာ ကြောက်လန့်ဖွယ်ရာ အသွင်များ အဖြစ် မြင်နေရ၏။

တစ်ရေ သုံးဟိမှာ မိဘများ က ထိုကျောင်း များ သို့ ဥပုသ်စောင့် သွား သောအခါ များ မှ ခြင်း ရောက်မှ သော ထိုနေရာများ ကို အလွန် ပေ့ပ်သည်၊ စမ်း ချောင်း ကလေး မှာ မှာ ခြေခင်း ဝတ်လောက်သာ ရေရှိသည် ဖြစ်၍ ခပ်ယဲဆင် ကာ ဆောခင်ကုန်သည်။ သို့ သော် ဥပုသ်စောင့်သွား ရသော ထိုနေ့မှလွဲ၍ ကိုယ်သဘောနှင့် သွား ခွင့် မရှိသော ထိုနေရာများ သို့ မသွား ခဲ့ရပါ။ "သဖန်း ခိုပင်ကြီး အောက်ကို မသွား နဲ့ နော်၊ အဲဒီနေရာတွေမှာ ဘုတ်ခြောက်တတ်တယ်။ တစ်ခါ တုန်း က မှင်စာဆိုလား၊ မွေကောင်ဆိုလား၊ ဘဆင် သဖန်း သီး သွား ခူး တုန်း က သူ့ ကိုယ်ပေါ် ခုန်တက်ကပ်နေလို့ လန့် ဖြန့်ပြန်ပြေး လိုက် ရာ ဖနည်း ကို ကုခဲ့ရတယ်" တဲ့ အကျက်ပဲလား၊ ကလေး တွေ



http://www.cherrythitsar.org

ကြောက်ပြီး မသွားဝံ့အောင် ပြောတာလား၊ မစဉ်းစားတတ်ပါ။

သို့ပါသော်လည်း အကြောင်းတရားတစ်ခုကို ကြားရုံမြင်ရုံမျှနှင့် လွယ်ကူစွာ လက်ခံတတ်သော အကျင့်မရှိခဲ့သည့် စာရေးသူမှာ အိမ်ချင်းလည်း မဝေးကွာလှသည် မဆင်(ဒေါ်ဆင်)ကို တစ်နေ့မှာ သူ့အိမ်ကို အလည်သွားသလိုလိုနှင့် (ယနေ့အခေါ်) ဗျူးပါတော့၏။ ဒီတုန်းက စာရေးသူသည် အသက်ကိုးနှစ်၊ ရှစ်နှစ်အရွယ်၊ ရွာရိုးကိုးပေါက် လျှောက်သွားနေသူ ဖြစ်သောကြောင့် ဒေါ်ဆင်အိမ်သို့ ရောက်သွားသည်မှာ ထူးလှသည်မဟုတ်ပါ၊ ဒေါ်ဆင်သည် အသက်လေးဆယ်လောက်ရှိသည့် အပျိုကြီးဖြစ်၏။ သူတို့ ဒီအရပ်သူများ မဟုတ်ပါ။ မအူပင်၊ ရေလဲလေးကဟု မိဘများ ပြောနေသည်ကို ကြားဖူးခဲ့၏။

ဒေါ်ဆင်၏ညီမ အပျိုကြီးမခင်တင့်ဆိုသူက ဈေးထဲမှာ အထည်ဆိုင် ဖွင့်ထားသည်။ အသက် (၆၀)ကျော်အရွယ် အသားဖြူဖြူ ပိန်ပိန်ပါးပါး အမေတစ်ယောက်ရှိသည်။ ထို့ကြောင့် နေ့လယ်ဆိုလျှင် ဒေါ်ဆင်သည် အိပ်လျှင်အိပ်၊ မအိပ်လျှင် စာရေးသူတို့အိမ်ကို လာလည်တတ်သည်။ ကလေးတွေက သူ့ကိုခင်သည်။ သူ့ကိုတွေ့လျှင် “ဒေါ်ဆင်ကြီး၊ ဘယ်သွားမလို့လဲ၊ ဘယ်ကလာလဲ” နှင့် နှုတ်ဆက်တတ်သည်။ သူကလည်း ကလေးတွေကို ချစ်သည်။ အရောတဝင်နေသည်။ ကလေးတွေကို လူရာသွင်းပြီး စကားပြောချင်ပြောသည်။ သူ့ကို စာရေးသူကအစ ဘာကြောင့် ဒေါ်ဆင်ကြီး



http://www.cherrythitsar.org

ဟုခေါ်ခဲ့သည်ဟု မပြောတတ်ပါ။ ရွယ်တူများကတော့ မဆင်ဟုပဲ ခေါ်ကြပါသည်။

"ဟဲ့ ကောင်မလေး၊ ဘယ်ကလာလဲ၊ ရော့ ပဲလှော်စား၊ အခုပဲ အညာသူမတွေဆီက ငါဝယ်လိုက်တာ"ဟု ကွမ်းအစ်အဖုံးနှင့် ထည့်ထားသည့် ပဲကြီးလှော်ကို ကျွေးသည်။

"ဒေါ်ဆင်ကြီး၊ တောထဲသွားတာ တစ္ဆေအခြောက်ခံရလို့ ဆို ဟုတ်လား"

"တစ္ဆေ မဟုတ်ပါဘူးဟဲ့၊ မှင်စာ မှင်စာ"

"မှင်စာဆိုတာက ဘာကောင်လဲ၊ တစ္ဆေ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ တစ္ဆေဆိုတာက လူကြီးသေသွားလို့ တစ္ဆေဖြစ်တာကို ခေါ်တယ်၊ ကလေးလေးတွေ သေတော့ တစ္ဆေမဟုတ်ဘူး၊ သူတို့ကို မှင်စာလို့ခေါ်ကြတယ်၊ မှင်စာကလဲ တစ္ဆေလိုခြောက်တာပဲဟဲ့၊ ငါဖြင့် အဲဒီနေ့က လန့်ခဲ့တာ နှစ်ရက်လောက်ကိုဖျားသွားတာပဲ"

"အဲဒီအကြောင်း ပြောပြစမ်းပါ၊ မှင်စာက ဘယ်လိုပုံနဲ့ ဒေါ်ဆင်ကြီးကို ခြောက်တာလဲဟင်၊ အမယ်လေး ပြောရင်းနဲ့ ကြက်သီးတောင် ထလာတယ်"

"အေးပေါ့၊ ငါလဲ အခုတောင် ကြက်သီးတွေ ထလာတယ်၊ ဒီမှာကြည့်ပါလား"ဟု သူ့လက်ကောက်ဝတ်နေရာမှ အသီးအသီးတွေ ထလာသည်ကို ပြရင်း ပြောပြသည်မှာ –

"သဖန်းသီးသွားခူးတာလေ၊ အဲဒီနေ့က ဆွဲခြင်းထဲမှာ သဖန်းသီးတွေက အပြည့်ပါလာတော့ သိပ်လေးတာပဲ၊ အဲဒါကြောင့် ခေါင်းပေါ်ရွက်သွားမယ်ဆိုပြီး ဆွဲခြင်းကိုချ၊ ထမီကိုပြင်ဝတ်နေတုန်း ကလေးငိုသံလိုလို တောထဲကကြားလိုက်ရတာနဲ့ ဘယ်က ကလေးများ တောထဲလာငိုနေပါလိမ့်၊ မိဘတွေနဲ့ပဲ ကွဲလာလို့လား၊ ဒါမှ မဟုတ် ဘယ်သူကများ လာပစ်သွားပါလိမ့်ဆိုပြီး ငိုသံကြားတဲ့ဆီ သွားရှာတော့ မိန်းကလေးကွယ်၊ အသက် သုံးနှစ်အရွယ်လောက် ရှိတယ်၊ ဒေါ်ဆင်လဲ "လာလာကလေး"ဆိုပြီး ကောက်ချီလိုက်တော့ သူ့ကိုယ်က လေးလိုက်တာ အရွယ်နဲ့မမျှဘူး၊ ဒါနဲ့ မနိုင်မနင်းပေါ့ကွယ်၊ သူ့ကိုယ်က ဇက်ပေါ်တင်ပြီး သူ့ခြေထောက်ကလေး နှစ်ဖက်ကို ဒေါ်ဆင်ရဲ့လည်ပင်းပေါ်ကို ခွချပြီး ဆွဲခြင်းကိုလက်က ဆွဲလာလိုက်တာ။ ခြေလှမ်း လေးငါးလှမ်းလောက် လှမ်းရသေးတယ်၊ သူက ဘာလုပ်သလဲဆိုတော့ ဒေါ်ဆင့်မျက်နှာကို ညာဘက်က ငုံကြည့်ပြီး ခွီးခွီးနဲ့ရယ်လိုက်၊ ဗယ်ဘက်က ငုံ့ကြည့်ပြီး ခွီးခွီး နဲ့ ရယ်လိုက်လုပ်နေတော့ ဒေါ်ဆင့်တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းဖြန်း ထလာတော့တယ်၊ ကြောက်လဲ ကြောက်လာတယ်၊ ဘာလုပ်ရမှန်းလဲ မသိဘူး၊ အဲဒါနဲ့ သူ့ခြေနှစ်ချောင်းကို ကိုင်ပြီး နောက်ကိုတွန်းချလိုက်တယ်၊ စိတ်ထဲမှာတော့ ပြုတ်ကျသွားမလား ထင်ပြီး လုပ်တာ၊ ဒါပေမယ့် သူကပြုတ်မကျသွားတဲ့အပြင် ဒေါ်ဆင့် ကုပ်သားပေါ် ပိုကပ်လာပြီး မဆင်းတော့ဘူး၊ ကော်နဲ့ ကပ်ထားသလို ကပ်နေတယ်"

ရန်အောင်စာပေ

"အဲဒါနဲ့ကယ်ကြပါဦး၊ ကယ်ကြပါဦးလို့အော်ပြီး အနီးဆုံး ဖြစ်တဲ့ သော်ကမြောင်ကျောင်းဘက်ကို ပြေးတော့ ကျောင်းထဲက ခွေးသုံးလေးကောင် ထွက်လာပြီး တဝုတ်ဝုတ်နဲ့ ဆီးဟောင်ကြမှ ဒေါ်ဆင့်ကုပ်ပေါ်က ခုန်းဆင်းပြီး ပျောက်သွားတာပဲ၊ ဒေါ်ဆင်ဆိုတာ သဖန်းသီးဆွဲခြင်းတောင် သတိမရတော့ဘူး တစ်ချိုးတည်းကိုပြေး လိုက်တာ၊ အိမ်ရောက်မှပဲ ရပ်တော့တယ်"

ဤသို့ အခြောက်အလှန့် နာမည်ကြီးနေသည့် နေရာသို့ တစ်နေ့သ၌ မိသားစုတစ်စု ရောက်ရှိလာသည်၊ အားလုံး ငါး ယောက်၊ အငယ်ဆုံးက ဆယ်နှစ်အရွယ်ခန့် မိန်းကလေးဖြစ်သည်။ သူတို့ကို ကြည့်ရသည်မှာ အလွန်ဆင်းရဲ မွဲတေပုံရသော်လည်း ရိုးသားသော လက္ခဏာတော့ ရှိကြ၏။ အဖေနှင့်အမေက အသက် လေးဆယ်ပင် ရှိပုံမရသေး။ သည်အထဲမှာ အသက် ခြောက်ဆယ် အရွယ် အမယ်အိုတစ်ယောက်လည်း ပါသည်။ သားဦးဖြစ်ဟန် တူသော အသက် ငါးဆယ့်ငါးနှစ်ခန့်အရွယ် ထွားထွားကျိုင်းကျိုင်း လူငယ်တစ်ဦးလည်း ပါသည်။

သူတို့သည် တောင်ကမ်းပါးယံကို မှီ၍ တစ်ဘက်ရပ်တဲ ကလေး ထိုးကာ တောင်ထန်းကတ်များနှင့် အမိုးအကာလုပ်ထား သည့် တဲကလေးကို ထိုးသည်။ အခင်းကိုမူ ဒေသအခေါ် (သဲပွတ်) ဟုခေါ်သည့် ဝါးလုံးများကို ခွဲခြမ်းကာ ထုရိုက်အပြားလုပ်ထားသည့် ဝါးသဲပွတ်နှင့်ကခင်းကာ နေလို့ဖြစ်သော ဝါးတဲကလေးဖြစ်သွား လေတော့၏။

တစ်နေ့သ၌ ဆယ်နှစ်အရွယ် ရှိသည်ဟုထင်ခဲ့သော မိန်းကလေးသည် တဲအနီးရှိ မြေကွက်လပ်တွင် မြေကြီးများကို ဓားတစ်ချောင်းနှင့် တူးဆွကာ ချဉ်ပေါင်နှင့် ခရမ်းပင်များ စိုက်မည်ဟု ပြင်ဆင်နေသည်။ ဤနေရာသည် စမ်းချောင်းကလေးနှင့် နီးသောကြောင့် ရေလောင်းရန် မလိုသည့်အပြင် မြေသားကိုကလည်း ဩဇာကောင်းသော မြေကြီးဖြစ်၏။ ထိုအခိုက် မိန်းမပျိုကလေး တစ်ယောက် မြေတူးနေသော ကလေးမအနီးသို့ ရောက်လာသည်။ ခါးနှစ်ဖက်ကို လက်နှင့်စုံထောက်ကာ မျက်နှာတင်းတင်း၊ အသံမာမာနှင့် "ဘာလုပ်နေတာလဲဟေ့" ဟုမေးသည်။ မိန်းကလေးက "အစ်မရယ် ကျွန်မတို့က ဒီနေရာမှာ ယာကလေး လုပ်မလို့ ရောက်လာတာပါ။ အခုစိုက်မှာက မိုးတွင်းမှာ အိမ်စားဖို့ စားပင်သောက်ပင်ကလေးတွေ စိုက်ချင်လို့ မြေတူးနေတာပါ"ဟု ပြန်ဖြေလိုက်၏။

"ညည်းတို့ အဲဒါခက်တာပေါ့၊ သူ့နယ်မှန်းမသိ ကိုယ့်နယ်မှန်းမသိ၊ ဘယ်သူဘယ်ဝါ ပိုင်ဆိုင်တဲ့ မြေမှန်းလဲမသိဘဲ ထင်ရာလုပ်ချင်ကြတယ်၊ အဲဒါကြောင့် ဒုက္ခရောက်ပေါင်းလည်း များလှပြီ၊ သည်နေရာမှာ ဘာပင်မှ မစိုက်နဲ့ဟေ့" ဟု ဆိုကာ ဒေါနှင့်မောနှင့် ခြေဆောင့်ကာ ထွက်သွား၏။ မိန်းကလေးမှာလည်း ကြောက်လန့်သွားကာ ဘာမှ ဆက်မလုပ်တော့ဘဲ တဲအတွင်းသို့ဝင်ကာ ထမင်းအိုးတည်မည်ဟု ပြင်ဆင်နေစဉ် သူ၏အဖေသည်လည်း သူ့အမေနှင့်အတူ ယာတဲမြေကို ပြင်ဆင်နေရာမှ ပြန်ရောက်လာကြ

သည်။ အဖေဖြစ်သူက –

"ဟဲ့ . . . မိန်းကလေး ညည်းကို မနက်က ငါမှာသွားတယ် မဟုတ်လား၊ မိုးတွင်းစာအတွက် အသီးအနှံကလေးတွေ စိုက်ရအောင် မြေတူးထားဆိုတာ ဘာဖြစ်လို့ ခုထိမတူးသေးတာလဲ၊ ညည်းတို့ ကာလမိန်းကလေးတွေ တယ်အပျင်းထူတာပဲ"ဟု မြည်တွန်ရာ သမီးက မိန်းမတစ်ယောက် လာရောက်၍ ရန်တွေ့သွားကြောင်းများကို ပြောပြသည်။ ထိုအခါ အဖေဖြစ်သူသည် တအောင့်ကြာမျှ စဉ်းစားနေရာမှ "အဲဒီ မိန်းမဆိုတာ ဘယ်နေရာက လာတာလဲ"ဟု သမီးကိုမေးသည်။ "မသိဘူးအဖေ ကျွန်မလည်း ခေါင်းငုံ့ပြီး တွင်းတူးနေတာမို့ မသိလိုက်ဘူး။ သူရန်တွေ့ပြီး ပြန်သွားတော့မှ ကြည့်လိုက်တော့ ကျောက်ဆင်ရုပ်ကြီးနဲ့တူတဲ့ ကျောက်တုံးကြီးဘေး တညင်းပင်အောက်က တောစံပယ်ချုံတွေထဲကို ဝင်သွားတာ တွေ့တာပဲ"

ထိုမိသားစုသည် ပြည်မြို့နယ်အတွင်းရှိ မယားပင်ရွာကလေးမှ ပြောင်းရွှေ့လာကြသူများဖြစ်လေသည်။ အိမ်ထောင်ဦးစီး၏ အမည်မှာ ကိုသာအေးဟု ခေါ်သည်။ ကိုသာအေးသည် နံနက်စာ စားပြီးသည်နှင့် သူ့ဇနီး မခင်ကို "မယ်ခင်ရေ . . . ရွာထဲကို ခဏလိုက်သွားဦးမယ်၊ ယာထဲကို ဒီနေ့ မဆင်းနဲ့တော့၊ အိမ်မှာပဲနေကြ"ဟု မှာကာ ပုဆိုးတစ်ထည်ကို ခေါင်းပေါင်း၍ နေပူကျဲကျဲထဲတွင် ရွာထဲရှိ သူကြီးအိမ်သို့ ရောက်သွားလေသည်။

သူကြီးအမည်မှာ ဆရာကံ ဖြစ်သည်။ သူကြီးမဖြစ်မီက ဆေးနီကျော်တစ်မျိုးတည်းနှင့် ရေလဲအမျိုးမျိုးပေးကာ လူနာများကို ကုသရာ၌ အလွန်ပျောက်ကင်းကြသဖြင့် ဆရာကံ ဆေးနီးကျော်ဟု နာမည်ကြီးကာ စီးပွားဖြစ်ခဲ့သည်။ အသက် ငါးဆယ်ခန့်ရှိကာ ဖော်ရွေ၍ လူကြီးလူကောင်းပီသသူ ဖြစ်၏။ ကိုသာအေးရောက်သွားသောအခါ သူကြီးဆရာကံသည် လူသုံးလေးယောက်နှင့် ရေနွေးကြမ်းထိုင်သောက်နေရာမှ "လာ လာထိုင်၊ ရေနွေးသောက်ဦး" ဟု နှုတ်ဆက်ပြီးမှ လာရင်းကိစ္စကို မေးသည်။

"ကျွန်တော့်နာမည် သာအေးပါ ဆရာကြီး၊ မိသားစု ငါးယောက်နဲ့ ကျောက်ဆင်ရုပ်ကြီးနားက စမ်းချောင်းဘေးမှာ ယာခင်းကလေး လုပ်မလားလို့ စိတ်ကူးနေပါတယ်၊ ကျွန်တော်တို့မိသားစုက အရပ်မှာ ဆင်းရဲလွန်းလို့ ရေကြည်ရာ မြက်နုရာဆိုသလို လာပြီး လုပ်စားနေကြတာပါ။ လူရိုးလူကောင်းတွေပါ၊ အခု ကျွန်တော် လာတဲ့ကိစ္စက ကျွန်တော်တို့ ယာခင်းနေရာကို ဘယ်သူများပိုင်ပါသလဲ၊ ပိုင်ရှင်ရှိရင် လစာကြေးငွေပေးပြီး လုပ်စားပါရစေဆိုတာကို ခွင့်တောင်းချင်လို့ပါ"

"အမှန်တော့ ဒီနေရာကို ဘယ်သူမှ မပိုင်ဘူးကွယ့်၊ ဒီလိုပဲ တောတိုးပြီး လုပ်စားနေကြတာ အမှန်ပဲ"

"ဒါပေမယ့် ဆရာကြီး၊ ကျွန်တော့်သမီးက မြေတူးနေတော့ မိန်းမရွယ်ရွယ် တစ်ယောက်က ဒီမြေမှာ ဘာမှမလုပ်ရဘူးလို့ ရန်တွေ့သွားတယ်လို့ဆိုတယ်၊ တကယ်ပိုင်ရှင်အစစ်ရှိရင်တော့ ကျွန်



http://www.cherrythitsar.org

တော်တို့ ခွင့်တောင်းပြီး လုပ်စားချင်လို့ပါ”

ဆရာကံသည် လောကီနှင့် လောကုတ် သဘောတရားတို့ ပြည့်စုံခဲ့သည်။ လောကီမှုကိစ္စများတွင် အထိုက်အလျောက် အကြား အမြင်ရှိခဲ့ရုံမျှမက သူသည် ရဟန်းဘဝဖြင့်လည်း ဝါအတော်ရခဲ့ သည်ဟု ကြားဖူးထားသည်။ ရေနွေးဝိုင်းတွင် ရှိနေကြသူ သုံးလေး ဦးသည် အချင်းချင်း အကြည့်ချင်းဆက်ကာ ဆရာကံ မည်သို့ အကြံပေးမည်လဲဟု နားစွင့်နေကြသလို၊ ကိုသာအေးကိုလည်း အဓိပ္ပာယ်များစွာဆောင်သောအကြည့်များနှင့် အကဲခတ်သလို မကြာ ခဏ ကြည့်လျက်ရှိနေကြသည်ဟု အကင်းမထူလှသော ကိုသာအေး မှာလည်း တွေးစရာများ ရှိနေတော့၏။

“ဒီလိုလုပ်ပါ၊ ခင်ဗျားနာမည် ဘယ်သူ၊ ကိုသာအေး၊ ဟုတ်လား”

“ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော့်နာမည် သာအေးပါ၊ ပြောပါ ဆရာကြီး၊ ပွင့်ပွင့်လင်းလင်း ပြောပါ၊ ဆရာကြီးပြောသမျှ ကျွန်တော် နားထောင်လိုက်နာပါ့မယ်”

“အင်း . . . ခင်ဗျားကို ကြည့်ရတာ လူရိုးလူကောင်းပဲလို့ အကဲခတ်မိလို့ ခင်ဗျားပြောသလို ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် တော့ ခင်ဗျားလုပ်စရာရှိတာကို ကြိုးကြိုးစားစား ရိုးရိုးသားသားနဲ့ ဆက်လုပ်ပါ။ ခင်ဗျားမှာ သားလူပျိုပေါက် ပါလာတယ်ဆိုတော့၊



http://www.cherrythitsar.org

အနေအထိုင် အပြောအဆို ဆင်ခြင်ပါ။ အသောက်အစား မလုပ်မိစေနဲ့၊ အဲ . . . တစ်ခုတော့ ကျုပ် သတိပေးလိုက်မယ်၊ ဟင်းကျွေး ဟင်းရံလေးများ ချက်တဲ့အခါကို အိမ်နီးချင်းများကို ဟင်းခွက် ကမ်းသလို သဘောမျိုးနဲ့ အဲဒီ ကျောက်ဆင်ရုပ်ကြီးနားကို သွားပြီး မကြာ မကြာ ဟင်းခွက်ချပေးပါ။ ဟင်းခွက်ချတဲ့အခါမှာ ခင်ဗျား ကိုယ်တိုင်သွားချပါ။ "အိမ်နီးချင်းကို ခင်မင်လို့ ဟင်းခွက်ကမ်း ပါတယ်၊ စားကြပါ၊ သောက်ကြပါ ကျွန်တော်တို့ မှားတာရှိရင် ခွင့်လွှတ်ကြပါ၊ ကျွန်တော်တို့ကို စောင့်ရှောက်ကြပါ" ဆိုတဲ့ သဘောမျိုးနဲ့ ခင်ဗျားတို့ဘက်က စည်းလုံးလုံးနဲ့ မှန်မှန်ကန်ကန် ဆက်ဆံကြည့်ပါ၊ အဆင်ပြေပါလိမ့်မယ်"

နောက်တစ်နေ့ မိုးလင်းသည်နှင့် ကိုသာအေးသည် မယ်ခင်ကို ဈေးသို့လွှတ်ပြီး၊ အမဲအူစုံသည်းစုံ ဝယ်ခိုင်းသည်။ "ကိုသာအေးတော် . . . ဘာလုပ်တာလဲ၊ တစ်သက်လုံး မစားခဲ့တဲ့ ပစ္စည်းကို ဘာဖြစ်လို့ ဝယ်ခိုင်းတာလဲ၊ ကျုပ်မဝယ်ဘူး"

"မယ်ခင် . . . မိသိရင် တိတ်တိတ်နေ၊ စကားထပ်မရှည်နဲ့တော့၊ ငါက ဝယ်ဆိုရင်ဝယ်၊ ငါးဆယ်သားတိတိဝယ်ခဲ့" မယ်ခင်သည် မိုင်ဝက်နီးပါးဝေးသည့် ဈေးသို့ ဆောင့်အောင့်၍ ထွက်သွားသည်။ ပြန်ရောက်လာလျှင် "ရော့ . . . ကိုယ့်ဟာ ကိုယ်ချက်၊ "ကျုပ် ဘာမှလုပ်မပေးနိုင်ဘူး"ဟု ဆွဲခြင်းကို ကိုသာအေးအနားတွင် ဆောင့်ချထားခဲ့လေသည်။ သူကိုယ်တိုင် စိတ်တိုင်းကျချက်သည်။



http://www.cherrythitsar.org

တောအလှူများတွင် ကာလသားခေါင်း၊ အိုးသူကြီးလုပ်ခဲ့သူ၏ လက်ရာကား တဲဝိုင်းလေးတစ်ဝိုက်တွင် မွှေးကြိုင်သင်းပျံ့လျက် ရှိနေတော့၏။

မီးခွက်ထွန်းချိန် ရောက်လာ၍ မိသားစုအားလုံး ထမင်းဝိုင်းကြီးပြင်ပြီး လက်ဆုံစားကြလျှင်၊ ကိုသာအေးသည် မနက်က သူချက်ထားသည့် ဟင်းတစ်အိုးလုံးကို ကြွေရေသုတ် ဇလုံတစ်လုံး ထဲသို့ အကုန်မှောက်ချလိုက်ကာ ထိုဟင်းဇလုံကို ကျောက်ဆင်ရုပ်ကြီးနှင့် တောစံပယ် ပန်းချုံများအနီးရှိ မြေပြောင်ပြောင်ကလေးပေါ်သို့ချကာ "အိမ်နီးချင်း မိတ်ဆွေကောင်းများ ခင်ဗျား၊ ဟင်းကောင်းလေးချက်စားလို့ အိမ်နီးချင်းများကို ဟင်းတစ်ခွက် လာကမ်းလှမ်းပါတယ်၊ မြိန်မြိန်ရှက်ရှက် စားသောက်တော်မူကြပါ၊ မိတ်ဆွေအချင်းချင်း မေတ္တာစိတ်နဲ့ လာရောက်ပေါင်းသင်းခြင်း ဖြစ်ပါတယ်" ဟု မတ်တတ်ရပ်ကာ လေးလေးစားစား ပြောဆိုပြီးလျှင် ဟင်းဇလုံကို နေရာမှာပဲ ချထားခဲ့လိုက်၏။

နောက်တစ်နေ့ နံနက်ရောက်လျှင် ကိုသာအေးသည် မယ်ခင်နှင့်အတူ ယာထဲသို့မသွားဘဲ နေအိမ်ရှိ မနေ့က သူ့သမီးတူးထားသည့် တွင်းများကို ဆက်လက်၍ တူးနေလေ၏။ ထိုအခါ မနေ့က ရန်လာတွေ့သော မိန်းမပင် ရောက်လာပြန်ကာ "တော်တို့အညာသားတွေ စိတ်မှတ်ကိုမရှိဘူး၊ မနေ့ကတစ်ယောက်ကိုပြောပြီးပြီ၊ အခုတစ်ယောက် လာပြန်ပြီ၊ ဒီလိုဟာတွေကြောင့် ဒုက္ခရောက်

ကုန်ကြတာပဲ” ဟု ရန်တွေ့ပြန်၏။

“ဟုတ်ပါတယ် အစ်မလေးရယ်၊ မနေ့က တူးတာ သမီးပါ၊ သမီး နားမလည်လို့ တူးမိပါတယ်။ ဦးကြီးအခုလာတူးတာ အစ်မလေးနဲ့ တွေ့ချင်လို့ပါ၊ အစ်မလေးက ဘယ်နေရာမှာမတူးနဲ့ ဘယ်နေရာမှာ တူးပါလို့ပြခဲ့ပါ၊ အစ်မလေး ခွင့်ပြုတဲ့နေရာကလွဲပြီး ဘယ်နေရာမှာမှ မတူးပါဘူး”

“ဒါဖြင့် ဟောဒီတဲဝိုင်းနေရာကနေပြီး ကျောက်ဆင်ရုပ် စံပယ်ရုံအထိ ဘာကိုမှမတူးပါနဲ့၊ ဒီနေရာတွေနဲ့ လွတ်ရာကိုတူးပါ” ပြောပြီးသည်နှင့် ထိုမိန်းမသည်လည်း ပြန်သွားလေ၏။

ဤသို့ဖြင့် ကိုသာအေးတို့ မိသားစုသည် ယာကိုလည်း ကြိုးစားလုပ်သည်။ တစ်ပတ်လျှင် တစ်ခါ၊ နှစ်ခါဆိုသလို ကြက်သား၊ အမဲသားဟင်းများ ချက်၍လည်း ကျောက်ဆင်ရုပ်ကြီးအနားသို့ အမြဲယူသွားကာ “အိမ်နီးနားချင်းကောင်းများ ခင်ဗျား၊ မေတ္တာနဲ့ ဟင်းခွက်ကမ်းပါတယ်၊ စားကြ သောက်ကြပါခင်ဗျား”ဟု အမြဲပြော သည်။ ကိုသာအေးယာမှ ထွက်သမျှသော အသီးအနှံများသည် လုပကြီးမား အောင်မြင်သောကြောင့် သူများထက်ပို၍ ဈေးကောင်းရ သည်။ ကျေးဇူးကိုသိတတ်သော ကိုသာအေးသည် သူကြီးဆရာကံ ကိုလည်း ဝါဝင်ဝါထွက် အမြဲသွား၍ မိသားစုအလိုက် ကန်တော့ သည်။

ထိုအခါသို့ရောက်မှ သူကြီးဆရာကံ ပြောသည်မှာ

"အင်း . . . မေတ္တာဆိုတာ အဲဒါမျိုးပဲ၊ ကိုယ့်လက်သွားတော့ သူ့လက်လာတာပေါ့၊ အမှန်က ဒီနေရာဟာ သီးနှံဖြစ်ထွန်းမှန်းသိလို့ ယာလုပ်သမားတွေ လေးဦးလောက်ရှိပြီ လာလုပ်ကြတာ၊ တစ်နှစ်မကြာဘူး၊ အဲဒီလူတွေ သေကုန်ကြတော့ ဘယ်သူမှ လာမလုပ်ရဲကြတော့ဘူး၊ ဒီနေရာက မြေကြမ်းတယ်၊ မြေကြမ်းတဲ့အကြောင်းကလဲရှိနေတယ်။ ဘယ်လိုလဲဆိုတော့ ဟိုလွန်ခဲ့တဲ့ နှစ်တစ်ရာကျော်လောက်ကတည်းက ကျုပ်တို့ ဘိုးဘွားတွေ ပြောခဲ့ဖူးတာက

"ကျောက်ဆင်ရုပ်နေရာဟာ သိုက်တံခါးတဲ့၊ သိုက်တူးချင်သူတွေ လာပြီဆိုတာနဲ့ အဲဒီကျောက်ဆင်ရုပ်ကြီးဟာ ဝူးဝူးဝါးဝါး အော်ဟစ်ပြီး အချက်ပေးတော့တာပဲတဲ့၊ အရင်ကဆို တကယ့်ဆင်တစ်ကောင် ဝပ်နေသလို ထင်ရလောက်အောင်ကို တူတယ်ဆိုပဲ၊ နောင်တော့မှ သိုက်ဆရာတွေက သူတို့က ပညာနဲ့ ကျောက်ဆင်ရုပ်ကို နိုင်သလို နှိပ်စက်ကြလို့ ဆင်ရုပ်ကြီးဟာ ပီပီသသမရှိတော့ဘဲ ပျက်စီးသွားရတာလို့ ဘိုးဘွားတွေက ပြောခဲ့ကြတယ်၊ အမှန်တော့ ဒီကျောက်မျိုးဟာ အသက်ရှိတယ်၊ အင်မတန် ကြီးထွားမြန်ကြတယ်၊ အဲသလို ကြီးထွားမြန်တာကြောင့် ပုံပြောင်း သွားတာလဲ ဖြစ်နိုင်တယ်"ဟု ရှင်းပြလေသည်။

ကိုသာအေး ဖုန်းဆိုးမြေကြမ်းကြီးတွင် ယာလုပ်ငန်းဖြင့် အသက်မွေးလာသည်မှာ တစ်နှစ်ကျော်ကျော် ရှိသွားလေပြီ။ မည်သည့်အန္တရာယ်မျှ မကြုံကြိုက်ရသည့်အပြင် ပျဉ်ထောင်အိမ်ကလေးကိုပင် ဆောက်လုပ်နေထိုင်လာသည်ကို တွေ့ရသောအခါ အားလုံးက အံ့သြကုန်သည်။ ပထမ ယာခင်းလုပ်ခဲ့သူများ

သုံးယောက်ခန့် ကွယ်လွန်ပြီးသည်ကစ၍ ကိုသာအေးတို့မိသားစုကိုမှ အဘယ်ကြောင့် အကျိုးပေးရသနည်းဟူသော အဖြေကို သူကြီး ဆရာကံမှလွဲ၍ မည်သူမျှ သိနိုင်လိမ့်မည်မဟုတ်ပေ။

ကိုသာအေးတို့ ဤမြေသို့ရောက်ပြီး ဟင်းနှစ်ကြိမ်ပို့ခဲ့ပြီး နောက် တစ်ပတ်အကြာလောက်တွင် ကိုသာအေးတစ်ယောက် တည်း တဲရှေ့ မြေကွက်လပ်တွင်ထိုင်၍ နီးဖြာနေစဉ် အသက်ငါးဆယ် ခန့်အရွယ် ထွားထွားကျိုင်းကျိုင်း လူကြီးတစ်ယောက် တဲရှေ့သို့ ရောက်လာသည်။ "နီးဖြာနေသလား အိမ်သားတွေရော၊ ဘယ်သွား ကြလဲ"ဟု မေးသည်။ ကိုသာအေး မော့ကြည့်လိုက်သည်။ အရပ် ခြောက်ပေခန့်မြင့်သော ထိုလူကြီးကို ကြည့်ကာ လန့်သလိုဖြစ်သွား မိရာမှ "ဪ. . .အထဲ ဝင်ထိုင်ပါဦးခင်ဗျာ၊ ကွမ်းစားပါဦး၊ အိမ်သားတွေ တောထဲ ဟင်းရှာထွက်သွားကြတယ်"ဟု လောကွတ် စကားပြောရင်း တဲအတွင်းသို့ ခေါ်လိုက်သည်။ ကိုသာအေးစိတ်ထဲ တွင် "ဒီလူကြီးစကားကို သိပ်နားမလည်ချင်၊ ဒီလူကြီး စကားပြောသံသည် သူကြီး ဆရာကြီးကံတို့ ပြောသည့်စကားနှင့်လည်း မတူပါလား၊ ဘာလူမျိုးပါလိမ့်"ဟု လျင်မြန်စွာ တွေးလိုက်မိ၏။

သို့သော် ထိုလူကြီးက တဲအတွင်းသို့မဝင်၊ "ဒီမှာပဲတော်ပြီ အားလို့ စကားပြောရအောင်လာခဲ့တာ၊ မိတ်ဆွေတို့က အိမ်နီးနားချင်း မိတ်ဆွေကောင်းများရယ်လို့ ဟင်းချက်ပို့တာ နှစ်ကြိမ်ရှိပြီ၊ ကျေးဇူး တင်တယ်၊ ခင်ဗျားတို့က လူကောင်းတွေပဲ၊ ကျေးဇူးဆပ်ရဦးမယ်၊ အရင့်အရင်က လူတွေက ထင်ရာလုပ်ကြတာ၊ ကျုပ်ကတော့ သည်းခံပါတယ်၊ ဒါပေမယ့် ငယ်ရွယ်တဲ့ ကလေးတွေက မခံနိုင် ကြတော့ ဒုက္ခဖြစ်ကုန်ကြတာပေါ့။ လူငယ်ဆိုတာတွေက စိတ်မြန်

လက်မြန်ကြတယ်မဟုတ်လား။ တစ်နေ့က မိတ်ဆွေကို လာရန်တွေ့သွားတာ ကျုပ်သမီးပေါ့။ သူက စိတ်မထင်ရင် ထင်ရာလုပ်ချင်တဲ့စိတ်မျိုး၊ ဘယ်သူ့ကိုမှ အကြောက်အလန့်မရှိဘူး၊ ကျုပ်ကနှိမ်ထားလို့ တော်နေသေးတာ။

"ကိစ္စမရှိပါဘူးခင်ဗျာ၊ လူငယ်တွေဆိုတာ ဒီလိုပါပဲကျောင်းတကာရဲ့၊ ကျွန်တော်တို့ မိသားစုကတော့ ဘယ်သူမုန်းအောင်မှ မလုပ်ပါဘူး၊ လုပ်လဲ မလုပ်ဝံ့ပါဘူး၊ သူများကချစ်အောင်၊ ခင်အောင်ပဲ နေပါတယ်၊ ကျွန်တော်တို့မှာ ဆွေမရှိ၊ မျိုးမရှိ ဘယ် သူကိုမှ အားကိုးစရာ မရှိပါဘူး၊ ကျောင်းတကာတို့ကိုပဲ အားကိုး နေရပါတယ်၊ ကျွန်တော်တို့ မလိမ္မာတာတွေ့ရင် ဆုံးမပါ"

"အင်း ဟုတ်ပေလိမ့်မယ်၊ မိတ်ဆွေကို ကြည့်ရတာ အင်မတန် ရိုးသားတဲ့ပုံပါပဲ၊ စိတ်ချပြီးတော့သာနေ၊ ဒါ့ထက် ခင်ဗျားမိန်းမ နက်ဖြန် ဈေးသွားဦးမလား သွားရင် ဟင်းလျာအတွက် မှာချင်လို့၊ ဟိုနေ့က အမဲအူစုံ သည်းစုံဟင်း တယ်ကောင်းတယ်၊ အခုလဲ မိတ်ဆွေကိုယ်တိုင် ဟိုနေ့ကလိုပဲ ချက်ပေးပါ။ ရော့ . . . ဟင်းလျာဖိုး ကျပ်တစ်ဆယ်ပေးလိုက်မယ်၊ မိတ်ဆွေတို့အတွက်ပါ အကုန်ဝယ်ခဲ့နော်"

ပြောပြီးသည်နှင့် ငွေကျပ်စေ့ ဆယ်စေ့ကိုချကာ ထွက်သွားလေတော့သည်။ တစ်ပိဿာလျှင် တစ်ကျပ်ခွဲလောက်သာ ပေးရသည်ဖြစ်၍ ရှစ်ပိဿာလောက်များ ဝယ်ချက်ရမည်လားဟု ကိုသာအေးသည် သက်ပြင်းချကာ တွေးနေလေမိ၏။ ဤသို့ဖြင့် ထိုလူကြီးသည် ကိုသာအေးတစ်ယောက်တည်း ယာထဲမှာရှိလျှင် ယာထဲသို့လာ၍ စကားပြောသည်။ တဲမှာ တစ်ယောက်တည်း ရှိ

နေလျှင်လည်း တဲကိုလာ၍ စကားပြောသည်။ သို့သော် တဲအတွင်းသို့ကား တစ်ခါမျှ ဝင်ထိုင်ခြင်းမရှိခဲ့ပေ။

တစ်နေ့သော ညနေတွင် ကိုသာအေးတစ်ယောက်တည်း တဲမှာ ရှိနေခိုက် ထိုလူကြီးရောက်လာပြန်သည်။ "မိတ်ဆွေ ယာတွေမှာ အလုပ်ပါးနေတဲ့အချိန် မိတ်ဆွေရဲ့ အိမ်ရှင်မကို ဈေးရောင်းခိုင်းပါလား၊ မိတ်ဆွေရဲ့ သမီးလဲ ကူညီနိုင်တဲ့ အရွယ်ပဲ၊ ကျုပ်အရင်းအနှီးထုတ်ပေးမယ်"ဟု ပြောပြီး ငွေဒင်္ဂါးပြားများ ထုတ်ပေးသည်။ ကိုသာအေးသည် သဘောတူသဖြင့် ဇနီးနှင့်သမီးကို ရွာစဉ်လှည့်ကာ ကုန်အစုံရွက်၍ ရောင်းခိုင်း၏။ မိတ်ဆွေနှစ်ဦးတို့၏ ခင်မင်မှုကြောင့် ကိုသာအေး၏ ယာတဲသို့ မည်သည့် ကျွဲနွားများမှလည်း ဝင်မစား၊ ခိုးဝှက် ခိုးယူသူလည်း မရှိသောကြောင့် ကိုသာအေးတို့၏ စီးပွားရေးသည် အလွန်စုဆောင်းမိခဲ့လေသည်။

သို့သော် တစ်ခုသော နံနက်တွင် ထိုလူကြီးသည် တဲရှေ့သို့ ဒေါသတကြီးနှင့်ရောက်လာကာ၊"မိတ်ဆွေ၊ ခင်ဗျားက စီးပွားရေးကောင်းလာလို့ သဘောထားပြောင်းလာပြီ မှတ်တယ်။ စက္ကဝေါတို့ ပေါင်းလိုက်ရရင်တော့ ဒီလိုလူစားတွေချည်းပဲ တွေ့ရတယ်" ဟု အသံကျယ်ကျယ်နှင့် ပြောသည်။

ကိုသာအေးမှာ မျက်နှာများပျက်လျက် ကြောက်လန့်စွာဖြင့် "ကျွန်တော်ဘာများ လုပ်မိပါသလဲခင်ဗျာ၊ မကြိုက်တာ၊ မှားတာရှိပြင်ပါ့မယ်၊ ကျောင်းဒကာကြီးများကို စော်စော်ကားကား မလုပ်ဝံ့ပါဘူး"

"အေး. . .စိကတည်းက ဒါမျိုးတွေကိုသိလို့ မှာထားသားပဲ၊ ခုတော့ မိတ်ဆွေတင်မကဘူး ညတုန်းက မိတ်ဆွေသားကပါ ဝင်ပါလိုက်သေးတယ်၊ ကျုပ်က အားလုံးကိုအုပ်ချုပ်ထားလို့ ညက တော်သေးတာနော်၊ နို့မဟုတ်ရင် ညတုန်းကတည်းက အားလုံး ဒုက္ခရောက်ကုန်ကြမယ်၊ ငယ်သားအားလုံးက ကျုပ်ကို ပြောစရာဖြစ်လာအောင် ဘာဖြစ်လို့ လုပ်ရတာလဲ၊ ညက တစ်ညလုံး ကျုပ်တို့မှာ ကိုယ့်နေရာကိုယ် မနေနိုင်ဘူး၊ ရှောင်နေရတယ်၊ မိတ်ဆွေတို့ လုပ်ပုံဟာ ကျုပ်တို့ကို စော်ကားတာပဲ"

ကိုသာအေးသည် "ညက ငါဘာလုပ်မိပါလိမ့်" ဟု စဉ်းစားသည်။

ထိုအခါမှ သတိရလာသော အမှုအရာနှင့် "ကျောင်းဒကာရယ်. . .သည်းခံပါ၊ သည်းခံပါ၊ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ၊ နောင်မဖြစ်စေရဘူး၊ စိတ်ချပါ၊ တစ်ကြိမ်တစ်ခါ မှားမိတာကို သည်းခံပါ၊ ခွင့်လွှတ်ပါ၊ အမှတ်တမဲ့ဖြစ်သွားမိတာပါ၊ ကျေးဇူးကို ဖျက်တာလဲ မဟုတ်ပါဘူး၊ ငယ်သားအားလုံးနဲ့ သမီးကိုလဲ ရှင်းပြပေးပါ"

"ကောင်းပြီလေ၊ နောင်ကို သတိထားပါ၊ နောက်တစ်ကြိမ်ဆိုရင် ခွင့်လွှတ်ကြမှာ မဟုတ်တော့ဘူး၊ အခုလည်း မနည်းကို သွားရှင်းပြရဦးမယ်၊ သူတို့ မယုံမကြည်ဖြစ်ရင် မိတ်ဆွေအတွက် မကောင်းဘူး"

ထိုလူကြီး ပြန်သွားသည်နှင့် ကိုသာအေးသည် သူ၏ မိသားစုကို ပြောပြသည်။

ထို့နောက် အားလုံးစဉ်းစားရမည်မှာ ဤနေရာမှနေ၍ ရွာထဲသို့ အကြောင်းတစ်ခုခုပြကာ ပြောင်းရွှေ့မှ ဖြစ်တော့မည်။ ဤနေရာဆက်နေလျှင် စီးပွားရေးကောင်းလာမည် ဖြစ်သော်လည်း ဘုရားတရားနှင့် ကင်းကွာ၍ကား နေနိုင်ကြမည်မဟုတ်ချေ။ သို့ပါသော်လည်း မပြောင်းမရွှေ့မီ သိုသိပ်စွာနှင့် နေထိုင်ရန် အရေးကြီးကြောင်းကို သတိပေးထားလိုက်ရ၏။

ရွာသားများကလည်း ကိုသာအေးတို့ အညာသားမိသားစု၏ ယနေ့အထိ အန္တရာယ်ကင်းရှင်းနေသည်ကို ကြည့်ကာ ဘယ်နေ့ဘယ်ကာလတွင် သတင်းဆိုးကြားရမည်လဲဟု နားစွင့်နေကြလေ၏။

ဤသို့ဖြင့် မိတ်ဆွေနှစ်ဦးတို့သည် ဟင်းခွက်ကမ်းခြင်း၊ အပြစ်ကင်းစွာနေခြင်းဖြင့် ပြန်လည်၍ ယုံကြည်စိတ်ချ ရင်းနှီးလာကြပြန်သော တစ်နေ့တွင် ထိုလူကြီးသည် ကိုသာအေး တစ်ဦးတည်း ယာထဲတွင် နွားချေးခြောက်နှင့် အမှိုက်များကို မီးရှို့နေသည့်ညနေအချိန်တွင် မျက်နှာမကောင်းစွာဖြင့် ရောက်လာသည်။

"မိတ်ဆွေ၊ ကျောင်းဒကာကြီး ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား၊ မျက်နှာကလဲမကောင်းဘူး"ဟု နှုတ်ဆက်လျှင် ထိုလူကြီးက အေးဆေးစွာပြောပြသည်။ "မိတ်ဆွေ ကျုပ်တို့ ဒီနေရာကနေပြီး ပြောင်းရတော့မယ်။ စစ်တောင်းမြစ်က ပင်လယ်ဝမှာ

နေရမယ်လို့ အထက်က အမိန့်လာတယ်၊ မိတ်ဆွေတို့နဲ့ ခွဲခွာသွားရမှာကိုတော့ စိတ်မကောင်းဘူး”

“အားလုံး ပြောင်းရမှာလား၊ မိတ်ဆွေကြီးနေခဲ့လို့ မရဘူးလား၊ ဘယ်တော့ပြောင်းရမှာလဲ” ကိုသာအေးမှာလည်း မေးသာမေးရသည် ၊ ဤနေရာသို့ သူတို့ထက် ပိုဆိုးသူများရောက်လာလျှင် အခက်ဟု အတွေးနှင့်ပင် ပူနေလေပြီ။

“အာလုံး ပြောင်းကြရမှာ ၊ ကျုပ်က ဒီမှာအကြီးဆုံးဆိုတော့ ကျုပ်နေခဲ့လို့ မရပေဘူး၊ သန်ဘက်ခါကို အရုဏ်ချိန်မှာ ပြောင်းကြမယ်၊ မသွားခင် မိတ်ဆွေကြီးကိုတော့ ခင်မင်လို့ပြောခဲ့ရဦးမယ်၊ ကျုပ်ဟာ လူ့ဘဝတုန်းက နှယ်နှယ်ရရ မဟုတ်ခဲ့ဘူး၊ ဟိုး...ပိရူးအထက် ချောင်းဖျားနားက “မာလာ”ရွာကြီးဟာ ကျုပ်ဇာတိပေါ့”

“ဒါပေမယ့် မိတ်ဆွေရယ်၊ ဘယ်လောက်ပဲ သတ္တိရှိရှိ၊ ဘယ်လောက်ပဲ ခွန်အားသန်သန် သေတော့ ကျုပ်အဖြစ်ကလေ ကြွက်စုတ်ကိုက်လို့ ဆင်ပြောင်ကြီးသေရတဲ့ အဖြစ်မျိုးနဲ့ မတူလား”

“ဘုရားလက်ထက်က ကောသလမင်းကြီး သေခဲ့သလို ဇရပ်သို့ပြေးရချေ၊ ခွေးသေသို့ သေရငြားဆိုတဲ့ စကားလိုပဲ ကျုပ်သေခဲ့ရတယ်”

“မကျေနပ်၊ မခံနိုင်တဲ့ ဒေါသစိတ်တွေနဲ့ သေခဲ့ရတဲ့ကျုပ်ဟာ အခုထိ မကျွတ်သေးဘူး၊ ကျုပ်အတွက် အေးချမ်းတဲ့နေရာ



http://www.cherrythitsar.org

တစ်ခုကိုတောင် ခုထိမရနိုင်သေးဘူး၊ နှစ်ပေါင်းခြောက်ရာကျော်ခဲ့ပြီလေ၊ ဘယ်တော့မှ ကျုပ်အတွက် တစ်နေရာရမှာလဲ၊ မိတ်ဆွေဘဝဆိုတာ ဘယ်ဘဝပဲဖြစ်ဖြစ် အေးချမ်းမှု မရှိဘူးဆိုတာကို ကျုပ်ဒီနေ့ ထင်ထင်ရှားရှား သိလာပြီ၊ မြင်လာပြီ၊ မိတ်ဆွေကို ခင်လွန်းလို့ တစ်ခါမှ မတွေးခဲ့ မစဉ်းစားခဲ့တာတွေကို ကျုပ်ဖွင့်ပြောခဲ့ပြီးနှုတ်ဆက်ခဲ့ပါတယ်၊ နောက်တစ်နေ့ မိုးမလင်းခင် သွားရတော့မယ်၊ ကျုပ်တို့မရှိရင် ခင်ဗျားတို့ ရွတ်ချင်တာ ဆိုချင်တာကို ရွတ်ကြဆိုကြပေတော့"

ကိုသာအေးသည် ထိုလူကြီး သူ့အနားမှ ထွက်ခွာပျောက်ကွယ်သွားသည်အထိ ကြည့်နေမိ၏။ ထိုလူကြီးကို မမြင်ရသောအခါမှ သူ့ပါးပြင်ပေါ်သို့ ပူနွေးစွာကျဆင်းနေဆဲဖြစ်သည့် မျက်ရည်များကို သုတ်ပစ်ကာ ခေါင်းငိုက်စိုက်ချလျက် သူ့အိမ်ကလေးသို့ ပြန်လာခဲ့လေသည်။ ထိုညက သူအိပ်မပျော်ပါ၊ မိတ်ဆွေကြီးတို့အဖွဲ့ ထွက်ခွာကြမည်ဆိုသော အရုဏ်ချိန်ကိုသာ မျှော်လင့်နေမိလေသည်။ မကြာလိုက်ပါချေ။ လှည်းသံ ၊ လူသံ၊ ကလေးငိုသံများနှင့် ဆူညံအော်ဟစ် ခေါ်ဝေါ်နေကြသည့် အသံများကိုကြား၍ကိုသာအေးတို့ တစ်အိမ်သားလုံး အိမ်ပြင်သို့ ထွက်ကာကြည့်ကြလျှင် မည်သည့်အရာကိုမျှ မမြင်ရသော်လည်း "သွားပြီ . . . သွားပြီ" ဟူသော မိတ်ဆွေကြီး၏အသံနှင့် ကိုသာအေး၏ "သွားကြပေတော့ သွားကြပေတော့"ဟူသော ငိုသံပါကြီးနှင့် နှုတ်ဆက်လိုက်သံကိုသာ ကြားလိုက်ရလေ၏။

ရန်အောင်စာပေ

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကိုသာအေး၏ မြေးတော်စပ်သူ သမီးအငယ်ဆုံးက မွေးသည့် မခင်တုန်ကို စာရေးသူ သိမီလိုက်ပါသည်။ ဤအဖြစ်အပျက်များကို မိဘလို ခင်မင်ရိုသေနေသည့် ဦးလေး ဆရာကံက ပြောပြ၍ သိရလေသည်။ စာရေးသူတို့ အသက်ကိုးနှစ်လောက်က တွေ့ခဲ့ဖူးသော ကျောက်ဆင်ရုပ်သည် ယခုအခါတွင် ကျောအလျားရှည်ထွက်၍ နောက်ခြေနှစ်ဖက်မြေထဲသို့ဝင်သွားသည်မှလွဲ၍ ဆင်ဦးကင်းနှင့် နှာမောင်းနေပုံ အချိုးအစားများ မပျက်ယွင်းလှသေးပါ။

(၁၉၉၇)ခုနှစ် ဝါဆိုလကုန်လောက်က တောင်စွန်းမြို့ ရှိ "ဓမ္မဒူတ၊ စာသင်တိုက်နှင့် ဝိပဿနာရိပ်သာ"သို့ စာရေးသူ ရောက်ခဲ့ပါသည်။ တရားပြနေဆဲဖြစ်သည့် ဓမ္မဒူတ ဆရာတော်ဘုရား၏ ကျန်းမာရေးကို မေးလျှောက်ရင်းဖြင့် ...

"ဆရာတော်ဘုရား ဒီနေရာဟာ အရင်ကသိပ်ပြီး မြေကြမ်းပါတယ်၊ အခြောက်အလုန့်လဲ များတယ်လို့ ဆိုကြပါတယ်၊ ဆရာတော်ဘုရားတို့ အခုလို စာသင်တိုက်တွေ၊ ရိပ်သာတွေ လာဖွင့်တော့ မနှောင့်ယှက်ကြဘူးလားဘုရား"ဟု လျှောက်လျှင်

"ရိပ်သာမဆောက်ခင်ကတည်းက ဒီနေရာ မြေကြမ်းတယ်လို့ ပြောကြတယ်၊ ဒါပေမယ့် လူနေရပ်ကွက်နဲ့ ဝေးတာ၊ ရေမိုးအဆင်ပြေပြီး အေးချမ်းတိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်အခြေ



http://www.cherrythitsar.org

အနေကို နှစ်သက်လို့ ယောဂီတွေနဲ့ အဆင်ပြေမှာပဲလို့ ဒီနေရာကို ရွေးလိုက်တာပဲ၊ မီးများမီးနိုင်၊ ရေများရေနိုင်ဆိုတဲ့ စကားလိုပေါ့၊ မေတ္တာဖြင့်သာ အောင်စေရာ၏ဆိုပြီး မေတ္တာဓာတ်ကို များများ ပို့လွှတ်ရတာပဲ၊ ခုတော့ အားလုံးအောင်မြင်သွားပါပြီ၊ ဘာအန္တရာယ်မှ မရှိတော့ပါဘူး”ဟု ဆရာတော်ဘုရားက မိန့်ကြားလေသည်။

စာရှုသူအဆွေ ဘီးလင်းမြို့နယ်ထဲက တောင်စွန်းမြို့က လေးကိုရောက်ရင် ဓမ္မဒူတကျောင်းတိုက်ကို ရောက်အောင်သွားပြီး သော်ကမြောင်ကျောင်းအနီးနားက ကျောက်ဆင်ကြီးကို ကြည့်ဖြစ် အောင် ကြည့်ခဲ့ပါ၊ ပြီးတော့ ပြုသမျှ ကုသိုလ်အစုစုကို အမျှပေး ဝေခဲ့ပါလို့ မေတ္တာရပ်ခံပါရစေ။

* * * * *

# "ပြောမယုံ ကြုံဖူးမှသိ"

***"မဂ္ဂဇင်းတွေမှာ ဂမ္ဘီရပညာတွေနဲ့ ပတ်သက်ပြီး၊ ပြီးတော့ ဝိညာဉ်လောကနဲ့ ပတ်သက်ပြီး တစ္ဆေသရဲ၊ စုန်း ပယောဂဆိုတာတွေကို ရေးနေတာ ဖတ်ရတယ်၊ အဲဒါ တွေကို တကယ်ယုံသလား၊ တစ္ဆေ၊ သရဲ ၊ ဖုတ်၊ ပြိတ္တာ ဆိုတာတွေ ကို တွေ့ဖူးလို့လား၊ အခြောက် အလှန့်ရော ခံရဖူး လို့လား . . .ဆရာမ"***

ဟု ကျွန်မနှင့် သိကျွမ်းခင်မင်မှုရှိသော ဘာသာရေးသမား စာသမားကြီးဖြစ်သည့် ကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဦးဘော်ဇံ က ရင်းနှီးစွာဖြင့် ကျွန်မအယူအဆကို မေးလာပါသည်။ ဆရာကြီး သည် ငယ်စဉ်အခါက အားကစားဘက်တွင် အထုံပါလာသူဖြစ်၍ ယခု အသက်(၈၀)မှ ကျော်လာသည့်တိုင် သွားလာနိုင်၊ စားသောက် နိုင်သည်အထိ ကျန်းမာရေးကောင်းဆဲပင်ဖြစ်သည်။

"အင်မတန်မှ နက်နဲဆန်းကြယ်တဲ့ ဂမ္ဘီရပညာရပ်ကြီးက တော့ စာထဲပေထဲမှာ ခိုင်ခိုင်မာမာ ရှိနေပါတယ် ဆရာကြီး၊ ဒါပေ

မယ့် အခုပြောနေ၊ ရေးနေကြတဲ့ ဂမ္ဘီရ ပညာရပ်တွေကတော့ အနည်းငယ် ဖောင်းပွနေပါတယ်။ ပိဋကတ်တော်လာ ဂမ္ဘီရတရား ကြီးလေးပါးမှာ တွေ့ရတာကတော့ **(၁) ဓမ္မဂမ္ဘီရ – အကြောင်း အားဖြင့်၊ တရားတော်အားဖြင့် နက်နဲခြင်း (၂) အတ္ထဂမ္ဘီရ –အကျိုး အားဖြင့် အနက်အဓိပ္ပာယ်အားဖြင့် နက်နဲခြင်း (၃) ဒေသနာ ဂမ္ဘီရ–အနုလောမ၊ ပဋိလောမ၊ ဒေသနာတော် အားဖြင့်၊ ဟောပြောပုံ အားဖြင့် နက်နဲခြင်း (၄) ပဋိဝေဓဂမ္ဘီရ ထိုးထွင်းသိရခြင်း၌ နက်နဲ ခြင်းဆိုပြီး ပြထားပါတယ်။**

**ဂမ္ဘီရတရားအပြင် ဂန္ဓာရီ အတတ်ပညာဆိုတာ ရှိပါသေးတယ်။** မဂ္ဂဇင်းတွေမှာ ရေးနေကြတာက အများအားဖြင့် ခြုံပြောရမယ်ဆိုရင် ဂန္ဓာရီပညာရပ်တွေ များပါတယ်။ ဂန္ဓာရီဝိဇ္ဇာမျိုး နှစ်ပါးမှာ စူဠဂန္ဓာရီဆိုတာမှာ ဖုတ်ကြီး (၄၀)၊ ကဝေ (၉၉)၊ အတွင်းအပြင် (၃၇)မင်း၊ နတ်များ၊ ဂုမ္ဘာန်၊ ယက္ခ၊ ဂန္ဓဗ္ဗ အစရှိတဲ့ အောက်နတ် ပုဂ္ဂိုလ်တွေကို စွဲပြီး ပြုလုပ်စီရင်ကြတဲ့ အင်းအိုင်မန္တန် ဂါထာ၊ မန္တရား၊ လက်ဖွဲ့၊ ခါးလှည့်၊ မှော်၊ ကဝေဆိုတဲ့ ပညာတွေ ပါဝင်ပါတယ်။

မဟာဂန္ဓာရီဆိုတာမှာ သူရဿတီမယ်တော်ကစပြီး၊ ဒေဝီ နှစ်ဆယ့်တစ်ဦး၊ သာသနာစောင့်နတ်မင်းကြီး ငါးပါး၊ စတုလောက ပါလ နတ်မင်းကြီးလေးပါး၊ ဘိုးတော်သိကြားမင်းကစပြီး အထက် နတ်ဟူသမျှ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့နှင့် ပတ်သက်သမျှသော သိဒ္ဓိ အကျိုးရှိသူဟူသမျှလို့ မှတ်သားရပါတယ်။ ဒီတော့ ဂမ္ဘီရပညာ

လို့လွယ်လွယ် ပြောရမှာထက် ဂန္ဓာရီပညာရပ်တွေလို့ ပြောရင် ရပါလိမ့်မယ်။ ဒီတော့ ဆရာကြီးမေးတဲ့ စုန်းပယောဂဆိုတာတွေ က စုဋ္ဌဂန္ဓာရီပညာရပ်တွေ ဖြစ်လိမ့်မယ်လို့ ကျွန်မယူဆပါတယ်။ အခြောက်အလှန့် ခံရဖူးသလားလို့ ဆရာကြီးမေးတာကိုတော့ အခြောက်အလှန့် အမျိုးမျိုးကို ခံခဲ့ရဖူးပါတယ်။ အသံပေးပြီး ခြောက်တယ်၊ အမြင်အာရုံပေးပြီး ခြောက်တယ်။ အဲဒါကြောင့် ခြောက်လှန့်တတ်တဲ့သူတို့ရဲ့ အတတ်ကို ကျွန်မယုံကြည်ပါတယ်။ ဆရာကြီးက အခြောက်အလှန့်၊ အပူးအကပ်ဆိုတာတွေကို မယုံလို့ ပါလား”ဟု ကျွန်မက ပြန်မေးလျှင် “ယုံတာပေါ့၊ ကျုပ်က ကိုယ်တွေ့ကို ကြုံခဲ့ဖူးတာ၊ ကျုပ် ကြုံဖူးတာက အခြောက်အလှန့်၊ အပူးအကပ်တွေ မဟုတ်ဘူး၊ တကယ့်ကိုထူးထူးဆန်းဆန်း၊ ပြောရရင် ယုံကြည်လက်ခံချင်ကြမယ် မထင်ဘူး၊ ဒါပေမယ့် တကယ့်ကို ကြုံခဲ့ရတာ၊ အဲဒီတုန်းက ကျုပ်အသက်က ဆယ်နှစ်ရှိသေးတယ်။ ခုအနေနဲ့ပြောရရင် လွန်ခဲ့တဲ့နှစ်ပေါင်း(၇၀)ကျော်ကျော်ကဆိုပါတော့”

“ပြောပြပါ ဆရာကြီး၊ နားထောင်ချင်ပါတယ်၊ ဆရာကြီး ပြောတာဖြစ်လို့ . . . ကျွန်မ ယုံကြည်လက်ခံပါတယ်”

“ဒီလိုဗျ . . . ကျုပ်အသက် ဆယ်နှစ်မှာ အမေက မုဆိုးမ ဖြစ်နေပြီ။ အသက်က (၄၀)ဆိုတော့ ပင်ပန်းခံနိုင်တဲ့အရွယ်ပေါ့။ အမေက သူ့သူငယ်ချင်း အပျိုကြီးမမြဆိုတာနဲ့ အတူနေ အတူစား ဆိုပါတော့၊ ကျုပ်အမေနာမည်က ဒေါ်လုံးတဲ့”

* * * * *



http://www.cherrythitsar.org

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကမ်းထောင့်ကြီးရွာ အစွန်နယ်မှာ မလုံးနှင့် မမြတို့ သူငယ်ချင်းနှစ်ယောက် နေထိုင်သည့် လေးပင်သုံးခန်း ပျဉ်ထောင်အိမ်ကလေးရှိသည်။ အိမ်ရှင်က မလုံးဖြစ်သည်။ မလုံးသည် လုပ်ကိုင်ကျွေးမွေးမည့် ခင်ပွန်းမရှိတော့သော အခါမှာလည်း ခင်ပွန်းရှိစဉ်အခါက လုပ်ကိုင်ခဲ့သည့် ရက်ကန်းရက်သည့် ချည်ခင်များနှင့် ပဝါစသည်များကို ဆေးဆိုးသည့် အလုပ်ကိုပဲ ဆက်လက်လုပ်ကိုင်ခဲ့သည်။ သူငယ်ချင်း မမြကပါ မလုံး၏ အလုပ်များကို ဝင်ရောက်ကူညီ လုပ်ကိုင်ပေးသည်။ ဆွေမျိုးတော်စပ်ခြင်းမရှိပါသော်လည်း မလုံးနှင့် မမြသည် ညီအစ်မအရင်းလို ချစ်ခင်တွယ်တာကြသည်။ သားလေး မောင်သော်ကိုလည်း မမြက "လူလေး...လူလေး"နှင့် အလွန်ချစ်ခင်သည်။

သို့သော် မလုံးက မမြကို မကြိုက်တာတစ်ခုရှိသည်။ ထိုတစ်ခုသည်ကား မမြသည် အလုပ်အားသည်နှင့် ဖဲရိုက်သွားခြင်းပင် ဖြစ်သည်။ "ဖဲဝိုင်းမှာ ယောကျ်ားတွေနဲ့ ဒူးတင်ပေါင်တင် ကစားနေတာ မရှက်ဘူးလား မမြ" ဟု မလုံးက ခဏခဏ ဆူသည်။ ထိုအခါ မမြက ပြုံးသည်။ "ငါ့အသက် လေးဆယ်ကျော်နေပြီ၊ ရုပ်ကိုလည်းကြည့်ဦး၊ ဘယ်သူမှ မကြိုက်လို့ အပျိုကြီးဖြစ်နေတာ မဟုတ်လား၊ ဘာမှမပူနဲ့ မလုံး၊ ငါဖဲနိုင်ပါစေလို့သာဆုတောင်းပေး၊ ဖဲနိုင်လာသမျှ နင်တို့သားအမိအတွက်ပဲ" ဟု ပြန်ပြောတတ်၏။ ဤသို့ဖြင့် ဖဲမရိုက်ရလျှင် မနေနိုင်သူ မမြကို မလုံးက ခွင့်လွှတ်ခဲ့ရလေ၏။ တစ်ခါတစ်လေ ကမ်းထောင့်ကြီးရွာတွင်

မက တခြားသောရွာများသို့ပင် တစ်ညအိပ်၊ နှစ်ညအိပ် လိုက်ကစားသည်။ မလုံးသည် မမြအကျင့်ကို လုံးဝမကြိုက်ပါ။ သို့သော်လည်း ငယ်ကပေါင်းလာသည့် သူငယ်ချင်းဖြစ်၍ ခွင့်လွှတ်ထားရလေသည်။ မမြကလည်း အိမ်ပြန်ရောက်သည်နှင့် မလုံး၏ အလုပ်များကို မနားမနေ ဝင်ကူညီသည်။ မောင်သော်ကိုလည်း လူလေးအတွက်ဟု ဦးထုပ်၊ ဘောင်းဘီစသည်များ ဝယ်လာသည်။

ဤသို့ဖြင့် မမြသည် မလုံးတို့နှင့် အတူနေလာသည့် (၃)နှစ်ကျော်ကျော် သူ့အသက် (၄၆)နှစ်တွင် မလုံးအိမ်မှာပဲ ကွယ်လွန်သွားသည်။ မလုံးမှာ ဝမ်းနည်းရသည်။ သူငယ်ချင်း၏ ဈာပနကို ကောင်းမွန်စွာ လုပ်ကိုင်ပေးသည်။ ရက်လည်ဆွမ်းများ ကပ်လှူကာ "မမြရေ အမျှပေးဝေပါတယ် သာဓုခေါ်ပါသူငယ်ချင်း" ဟု ဝမ်းနည်းပက်လက် အမျှဝေသည်။ သို့သော် မလုံးတို့သားအမိနှင့် ဖဲရိုက်ခြင်းအပေါ်တွင် စွဲလန်းမှုဖြစ်နေသည့် မမြမှာ မလုံးအမျှပေးဝေနေသည်ကို ကြားနေရပါလျက် သာဓုမခေါ်ခဲ့ပါ။ ဤသို့ဖြင့် မမြကွယ်လွန်ပြီး တစ်လတိတိကြာသော တစ်ညတွင် မမြကို မလုံးက အိပ်မက်ထဲတွင် တွေ့လိုက်ရသည်။ မမြကမေးသည်။

"မလုံး . . . နင်တို့သားအမိနဲ့အတူ ငါလာနေချင်တယ်၊ ညည်း နေခွင့်ပြုမလား"

"အို . . . မိဟုတ်တာဘဲ၊ မမြက သေသွားပြီပဲ၊ တို့သားအမိနဲ့ အတူလာနေချင်လို ဖြစ်ပါ့မလား၊ လာမနေပါနဲ့အေ"

မလုံးက လက်မခံသည်နှင့် မမြသည် ငိုလျက်ထွက်သွားသည်ဟု အိပ်မက်မက်ကာ လန့်နိုးလာသည်။ မိုးလင်း၍ အိမ်နောက်ဖေးသို့ ထွက်ကာ မလုံးမျက်နှာသစ်လျှင် ရေတွင်းအနားရှိ မရမ်းပင်ပေါ်မှ မမြငိုရှိုက်နေသည့် အသံတွေကို မလုံးက ကြားလိုက်ရပြန်သည်။ "ခက်တာပဲ၊ ခက်တာပဲ" ဟု ရေရွတ်ရင်း မလုံးအိမ်ရှေ့သို့ ထွက်လာသောအခါ သားဖြစ်သူက "အမေ ဘာဖြစ်လို့လဲ"ဟု မေးသည်။ မလုံးသည် သူ့သားအား အိပ်မက်အကြောင်းများနှင့် နံနက်က မမြငိုသံ ကြားရသည့် အကြောင်းများကို ပြောပြသည် သို့သော် မောင်သော်သည် ကလေးမျှသာဖြစ်၍ မိခင်အား မည်သည့်အကြံကိုမျှ မပေးနိုင်ခဲ့ပါချေ။

ထိုည မိုးချုပ်၍ အိပ်ရာဝင်ခါနီးတွင် မလုံးတို့သားအမိ အိမ်အပြင်သို့ထွက်ကာ ခြေဆေးကြသောအခါ၌ "ဟော့ ....မလုံး ....ညည်း သိပ်ရက်စက်တာပဲ"ဟု ငိုရင်း ပြောလိုက်သည့် မမြ၏ အသံကြီးကို မလုံးတို့သားအမိ ကြားလိုက်ရပြန်၏။ မောင်သော်သည် သူ့အမေကို တအားဖက်ရင်း "အမေ ....အဲဒါ ဒေါ်မြအသံ မဟုတ်လား၊ ကျွန်တော်ကြောက်တယ်"ဟု ပြောကာ ငိုသည်။ ထိုအခါ မလုံးက အသံကြားရသည့်နေရာသို့ကြည့်ကာ "မမြရယ်၊ လူကိုမမြင်ရဘဲ ပြောနေတော့ (မောင်ရှည်)ကလေး တောင်လန့်နေပြီ"ဟု ပြောလိုက်သည်။

ထိုအခါ မမြသည် လူ့ဘဝက ရုပ်အတိုင်း သူတို့သားအမိ ရှေ့တွင် ဘွားခနဲပေါ်လာ၏။ မောင်သော်မှာ သူ့အမေကို တိုးကာ



http://www.cherrythitsar.org

ဖက်ထားပြီးလျှင် အံ့သြလျက်ရှိနေ၏။ မလုံးမှာလည်း ဘာမှမပြော နိုင်ဘဲ ရှိနေစဉ် မမြကမ "မလုံးရယ် ညည်းအိမ်မှာ နေခွင့်မပြုနိုင် ဘူးဆိုတာ ငါအသည်းနာလိုက်တာ" ဟု ပြောပြန်သည်။ မောင်သော် အလန့်ပြေသွားသဖြင့် "အဒေါ်မြ. . .အဒေါ်မြ အခုဘာဖြစ်နေလဲ" ဟု မေးလိုက်၏။ ထိုအခါ မလုံးကပါ ဝင်၍ ပြောပြန်သည်။

"ဟုတ်တယ်. . .မောင်ရှည်မေးသလိုပဲ၊ ညည်းအခု ဘာဖြစ်နေသလဲပြော၊ ညည်းမှာ နေစရာမရှိဘူးဆိုတော့ ငါလဲ စိတ်မကောင်းဘူး"

"ငါနေတဲ့နေရာမှာ ငါ့ထက်အကြီးတွေကရှိတော့ ငါ့ကို သိပ်နှိပ်စက်ကြတယ်၊ အစိမ်းသရဲဘဝကို ရောက်နေတယ်ဆိုပါတော့၊ ညည်းတို့ နားလည်အောင် ငါရှင်းမပြတတ်ဘူးအေ၊ ငါ့တစ်ကိုယ် လုံး မျောက်တစ်ကောင်လို အမွေးအမှင်တွေ အရှည်ကြီးပေါက်နေ တယ်၊ ညည်းတို့မြင်ရင် လန့်မှာစိုးလို့ ငါဖြစ်နေတဲ့ရုပ်ကို မပြဝံ့ ဘူး၊ ငါက လူ့ဘဝမှာ ကုသိုလ်ကောင်းမှု ဘာတစ်ခု လုပ်ခဲ့တာ မဟုတ်တော့၊ အခုလိုခံရမှာပဲ"

"ဒီလိုဆို ညည်းတို့နဲ့အတူနေလို့ ဖြစ်ပါ့မလားအေ၊ မောင်ရှည်က ညည်းရုပ်ကိုမြင်ပြီး လန့်သွားရင် ဘယ့်နှယ်လုပ်မလဲ" ဟုမလုံးက ပြောလေသောအခါ "ငါ့ရုပ်အစစ်ကို. . .ညည်းတို့ မမြင်စေရပါဘူး၊ တစ်ခါတစ်လေ ညည်းတို့ကို ပြချင်ရင် လူ့ဘဝက ရုပ်ကိုပဲပြပါ့မယ်၊ စိတ်ချပါ" ဟု မမြက ကတိပေးသောကြောင့်

မလုံးက သူ့အိမ်တွင် နေစေခွင့်ပြုလိုက်သည်။ သူ့အိမ်မှာ ကိုးကွယ်ထားသည့် အိမ်တွင်းနတ်နှင့် ရိုးရာနတ် စသည်များကိုလည်း လက်အုပ်ချည်၍ ရှိခိုးကာ "အရှင်ကောင်း အရှင်ကြီးတို့ မမြကို ကျွန်မအိမ်မှာ နေခွင့်ပြုတော်မူကြပါ"ဟု ပြောကာ တောင်းပန်လိုက်သည်။

မမြသည် လူ့ဘဝမှာကတည်းက အစားအသောက်ကြီးမှန်းကိုသိ၍ မလုံးသည် ဇလုံတစ်လုံးတွင် ထမင်းနှင့် ဟင်းများကို ပုံထည့်ကာ မမြစားပါဟုပြောပြီး မီးဖိုနားမှာ ချထားပေးရသည်။ ပြောင်နေအောင်စားပြီး ဇလုံကိုလည်း စင်ကြယ်အောင် ဆေးထားသည်။ လူ့ဘဝကလိုပဲ မလုံးဆေးဆိုးထားပြီး ချည်ခင်များကို လှန်းပေးသည်။ ရပ်သိမ်းပေးသည်။ သို့သော် တစ်ခါတစ်ရံ လေးရက် ငါးရက်စသည် မမြပျောက်နေတတ်သည်။ ထမင်းထည့်ထားပေးသည့် ဇလုံမှာ ထမင်းများ၊ ဟင်းများ နဂိုအတိုင်းရှိနေလျှင် အိမ်မှာ မမြမရှိဟု သိရလေသည်။

မလုံးစိတ်ညစ်ရသည်မှာ အိမ်မှာ မလုံးမရှိသည့်အခါမျိုးတွင် မမြသည် သူစားချင်သော မုန့်ပဲသရေစာသည်များကို အိမ်ထဲသို့ ခေါ်ကာ ဝယ်စားတတ်သည်။ စားပြီးလျှင် နက်ဖြန်မှ ပိုက်ဆံလာယူဟု နဂိုရုပ်ကိုပြ၍ ဝယ်သည်။ ဈေးသည်များက မလုံးကိုတွေ့၍ ပိုက်ဆံပေးလိုက်ရသည်။ ထိုအခါ မလုံးက စိတ်ဆိုးပြီး လူကို မမြင်ရသော်လည်း "မမြ . . . ညည်းလုပ်ပုံ ငါစိတ်ညစ်လာပြီ၊ ငါ့မှာလဲ ပိုက်ဆံရှိတာ မဟုတ်ဘူး၊ အဲသလိုချည်း ညည်းလုပ်



http://www.cherrythitsar.org

နေရင် ညည်းကို ဒီအိမ်မှာနေဖို့ ငါခွင့်မပြုနိုင်ဘူး”ဟု ညည်းညည်း ညူညူပြောလိုက်လျှင် ခေါင်းမိုးပေါ်ကလိုလို၊ မီးဖိုထဲကလိုလို လေသံ သဲ့သဲ့နှင့် “စိတ်မဆိုးပါနဲ့ မလုံးရယ်၊ ဆာလွန်းလို့ ဝယ်စားမိတာပါ၊ နောက်ကို ငါမလုပ်တော့ဘူး”ဟု ပြောသည်။ သူပြောသည့်အတိုင်း လည်း နောက်ထပ် မလုပ်တော့ပါ။

သို့သော် ရွာထဲတွင် သေသွားသည့် ဖဲသမား မမြကို မလုံးတို့အိမ်ဝင်းထဲတွင် မကြာခဏ တွေ့ရသည်ဟူသော သတင်း ကြောင့် မလုံးအိမ်သို့ပင် အထွက်အဝင် မလုပ်ဝံ့ကြသောအခါ မလုံး စိတ်ညစ်လာသည်။ ထို့ကြောင့် ဉာဏ်ဆင်ပြီးလျှင် “မမြရေ တို့အိမ်ကို အဝေးက ဧည့်သည်တွေ ရောက်လာတည်းကြမယ်၊ ဧည့်သည်တွေရှိတုန်း တခြားမှာ ညည်း ခဏသွားနေပါ”ဟု ပြောလိုက်၏။ မမြကလည်း “ဒါဖြင့် တခြားသွားနေပါ့မယ်၊ဒါပေမယ့် ပိုက်ဆံတစ်မတ်လောက် ငါ့ကိုပေးပါ”ဟု ဆို၍ “ပိုက်ဆံတစ်မတ်က ဘာလုပ်ဖို့လဲ”ဟု မလုံးက ပြန်မေးလျှင် “ဖဲကစားစရာအရင်းမရှိလို့ ဟော့”ဟု မမြက ပြန်ပြောသည်။ မလုံးက ငွေမတ်စေ့ကလေးကို အိတ်ထဲမှ နှိုက်ယူပြီး “ရော့ . . .”ဟုဆိုကာ ကြမ်းပြင်ပေါ်ချထား ပေးလိုက်လျှင် မတ်စေ့ကလေးသည် အပေါ်သို့ မြောက်တက်ကာ ပျောက်သွားလေ၏။

ထိုနေ့မှာပင် မလုံးသည် ဝန်စည်စလယ်အနည်းငယ်ကို ယူကာ သားမောင်သော်ကိုခေါ် တစ်ဖက်ရွာသို့ သမ္ဘန်နှင့် ကူးပြေး လျှင် မမြသည် လှေပဲ့မှာထိုင်လျက် ပေါ်လာကာ “ဟော့မလုံး . . .



http://www.cherrythitsar.org

ညည်းက ငါ့ကို လက်မခံချင်တာနဲ့ ထွက်ပြေးတာပေါ့လေ”ဟု ရန်တွေ့သည်။

“မဟုတ်ပါဘူး မမြရယ်၊ ညည်းလည်းသိမှာပဲ၊ တို့ကို အလုပ်အပ်တဲ့လူက တစ်နေ့တစ်ခြား ရှားလာတယ်မဟုတ်လား၊ အဲဒါကြောင့် ဆွေမျိုးတွေဆီမှာ ခဏမှီခိုရအောင် လာတာပါ” ဟု မလုံးက ပြန်ပြောသောအခါ “ဒါဖြင့် အဲဒီအိမ်ကို ငါပါလိုက်ခဲ့မယ်”ဟု မမြကပြော၍ မလုံးမှာ ပို၍စိတ်ညစ်သွားရာမှ “မမြရယ်၊ ငါ့ဆွေမျိုးတွေကိုတော့ အနှောင့်အယှက် မလုပ်ပါနဲ့၊ ငါတို့ နဲ့ ပါလာတာကို ဘယ်သူမှမသိအောင် ညည်းနေပါ”ဟု . . . ပြောလိုက်လျှင် “ငါသိပါတယ်အေ . . .”ဟု ပြန်ပြောသည်။ သမ္ဗန်သမားမှာ မလုံးယောကျ်ား၏ ညီအရင်းဖြစ်၍ မလုံးနှင့် မမြတို့ ပြောဆိုနေကြသည်ကို မည်သူ့အားမျှမပြောရန် နှုတ်ပိတ်ထားလိုက်သည်။

ဆွေမျိုးများအိမ်တွင် မလုံးတို့သားအမိနေ၍ ငါးရက်ကြာသွားသော တစ်နေ့တွင် မလုံးတစ်ယောက်တည်း ရှိနေခိုက် လူကို မမြင်ရဘဲ “ရော့ . . . နင်တို့သားအမိသုံးဖို့” ဟုဆိုကာ မလုံးရင်ခွင်ထဲသို့ ငွေငါးဆယ်ထုပ် ကျလာသည်။ “ဘယ်ကရတာလဲ” ဟု မလုံးက မေးသည်။ “ဖဲရိုက်လို့ နိုင်လာတာ”ဟု မမြက ပြောသည်။ မလုံးက ထိုအကြောင်း သူ့သားကို ပြောပြသောအခါ သားဖြစ်သူ မောင်သော်က “အမေ . . . အဒေါ်မြပြောတာ ဟုတ်မှ ဟုတ်ရဲ့လား မသိဘူး၊ သူများတွေဆီကများ ခိုးလာသလား”

ဟု ပြောမိလျှင် မလုံးက "မမြက လိမ်မပြောတတ်ပါဘူးကွယ်" ဟု စိတ်မကောင်းစွာဖြင့် ပြန်ပြောသည်။

မလုံးတို့သားအမိသည် သူတို့အိမ်ရှိရာသို့ ပြန်လာကြသော အခါမှာလည်းမမြပါ လိုက်လာသည်။ ယခင်ကအတိုင်း ဆေးဆိုး အလုပ်ကိုပဲ ဆက်လုပ်လာလာကြရင်း သုံးနှစ်ခန့်အကြာတွင် မလုံး ကွယ်လွန်လေသည်။ မလုံးကွယ်လွန်လျှင် မမြ၏ ငိုရှိုက်နေသံကို အိမ်မှာ မည်သူမျှမရှိသောအခါများ၌ မောင်သော်ကြားရသည်။ ထိုအခါ မောင်သော်၏ အသက် ဆယ့်သုံးနှစ်ရှိလေပြီ။ တစ်နေ့ သောအခါတွင် မမြသည် နဂိုရုပ်အတိုင်းနှင့် မောင်သော်ကိုပြကာ "မောင်ရှည်...အဒေါ်မြ ဒီမှာမနေတော့ဘူး သွားမယ်၊ မောင်ရှည် အတွက် အိပ်ရာထဲမှာ ပိုက်ဆံထားခဲ့တယ်။ အဲဒါကို အရင်းအနှီး လုပ်ပြီး ကုန်ကူးပါဟု ပြောသည်။ မောင်သော် သူ့အိပ်ရာသို့ သွားကာကြည့်လျှင် ခေါင်းအုံးအောက်မှာ ငွေတစ်ရာ့ငါးဆယ်တွေ့ သည်။ ထိုအခါမှစ၍ မမြကို မောင်သော် မမြင်ရတော့ပေ။ သူထားပေးခဲ့သည့် ငွေနှင့် မောင်သော်သည် နယ်မြို့ကလေးရှိ ဆွေမျိုးများ အကူအညီဖြင့် ပညာဆက်သင်ခဲ့ရသည်။ ထို့နောက် ကျောင်းဆရာဘဝဖြင့် အငြိမ်းစားယူပြီးသည့်တိုင် လူပျိုကြီးဘဝဖြင့် နေခဲ့သည်။ တရားဘာဝနာများဖြင့် ပျော်မွေ့ရင်း တူ၊ တူမများ၏ အပြုအစုကိုခံယူ၍ ဘဝတစ်လျှောက် အေးချမ်းစွာ နေထိုင်ခွင့်ရလျက် ရှိနေလေသည်။

* * * * *

ရန်အောင်စာပေ

"အဲဒါ ကျုပ်ကိုယ်တွေ့ပဲ၊ ဘယ်လိုဘဝမှာနေရလို့ ဘယ်လို ကုဒ္ဓိပါဒ်တွေ ရနေသလဲတော့ မသိဘူး၊ ဒီအဖြစ်မျိုးကို ကြားဖူး သလား"ဟု ဆရာကြီးက မေးပါသည်။

"အပြင်မှာတော့ မကြားဖူးပါဘူး၊ ရာဇဝင်ထဲမှာတော့ *အင်းဝမြို့ကို နောင်တော်ကြီးမင်း စိုးစံနေတုန်းက ဘေတ် ချောင်းဗိုလ်ဥဒိန် ကျော်ခေါင်ဟာ သေဆုံးပြီး တစ္ဆေဘဝနဲ့ နောင်တော်ကြီးမင်း စက်တော်ခေါ်နေတုန်းမှာ ခြေတော်ကို လာလှုပ်နှိုးပြီး သူ့ကို တာဝန်တစ်ခုခု ဆောင်ရွက်ခွင့်ပေးပါ ေ တာင်းလို့ လေသာဆောင် အမှုထမ်းအဖြစ် အမှုတော်ထမ်းခွဲ ရတယ်လို့ တွေ့ဖူးပါတယ်။*

*တစ်နေ့မှာ အင်းဝကနေ မုတ္တမကို မြင်းသည်ကျော် သားနဲ့ ငရွှန်းကို နောင်တော်ကြီးမင်းက စစ်ရေးတာဝန်နဲ့ စေလိုက် ရာမှာ ရောက်ချိန်တန်တဲ့ရက်မှာ ရောက်မလာတဲ့ အတွက် အကြောင်းထူးများ ရှိနေသလားလို့ ဘေတ်ချောင်းဗိုလ် တစ္ဆေကို မုတ္တမ လွှတ်ပြီး ကြည့်ခိုင်းတယ်၊ နေ့ချင်းပဲ ပြန် ရောက်လာပြီး အကြောင်းထူး မရှိပါကြောင်းလို့ ပြန်လျှောက် တယ်။ မင်းကြီးက ယုံကြည်တော်မူဟန် မရှိတာကြောင့် ဘေတ်ချောင်းဗိုလ်က " တောင်ငူ ၊ ခပေါင်းမြစ် အနီးနားက မန်ကျည်းပင်ကြီးရဲ့အောက်မှာ သားနဲ့ ငရွှန်း ထမင်းချက်*

*နေတာကိုမြင်လို့ မန်ကျည်းပင်ထက်က အကိုင်းအခတ်တွေကို ချိုးပြီး ချခဲ့ကြောင်းပါ"လို့ လျှောက်သတဲ့။*

*နောက် ငွေနှန်းတို့ ပြန်ရောက်လာလို့ ဒီအကြောင်းမေးတော့ သူတို့ တစ္ဆေခြောက်ခံခဲ့ရကြောင်းကို လျှောက်ထားကြသတဲ့။ ဒီတော့ ဘေတ်ချောင်းဗိုလ်က "ဘွဲ့တံဆိပ် သနားတော်မူပါလို့" လျှောက်တယ်။ နောင်တော်ကြီးမင်းက "ကိုယ်ထင်ပြခံယူရမည်" မိန့်ပါတယ်။ ကိုယ်ထင်မပြဝံ့ပါ၊ ရုပ်သဏ္ဍာန်ဆိုးလှ၍ ကြောက်မက်ဖွယ် ဖြစ်တော်မူပါမည်" ပြန်လျှောက် တော့ ဇဝနယက္ခ ကျော်ခေါင်ဆိုတဲ့ ဘွဲ့တော်ကို ရွှေပြားပေါ်မှာ ရေးပြီး မင်းတရားကြီး ရွှေ့တော်မှာ ကလပ်ပေါ် တင်ထား ပေးသနားတော်မူတော့၊ ဘွဲ့တံဆိပ် ချည်ထားတဲ့ ကြိုးကို ဆွဲယူသွားပြီး ရွှေနန်းတော် လေသာဆောင်မှာရှိတဲ့ ထုပ်လျှောက်ကြားမှာ ထားလိုက်တာကို မင်းတရားကြီးရော မှူးမတ်တွေပါ အားလုံး မြင်ကြရသတဲ့၊* ဒီတော့ ဆရာကြီးပြောပြတဲ့ မမြနဲ့ မလုံးတို့ အကြောင်းဟာ မဖြစ်နိုင်ဘူးလို့ ပြောမရပါဘူး၊ နာနာဘာဝ လောကမှာလည်း အမြင့်စား၊ အနိမ့်စား၊ ဣဒ္ဓိပါဒ်ရှိသူ၊ မရှိသူရယ်လို့ ရှိကြတော့ အမျိုးမျိုး အဖုံဖုံမြင်ကြ တွေ့ကြမှာပဲ။ အဲဒါတွေ အားလုံးဟာ စဥ္စဂန္ဓာရီအတတ်တွေမှာ ပါဝင်ကောင်းပါလိမ့်မယ် ထင်ပါတယ်။

ကျွန်မကတော့ အဲဒီပညာတွေ အမျိုးမျိုးကို မျက်မြင်ကိုယ်



http://www.cherrythitsar.org

တွေ့ အတော်ရှိခဲ့ပါတယ်၊ လက်ခံနိုင်စရာတွေ အများကြီးရှိပါတယ်၊ မကြုံဖူးဘူးလို့ မယုံဖူးဆိုရင် နယ်ကျဉ်းနေပါသေးတယ်လို့ ဆိုရပါလိမ့်မယ်၊ နောက်ခါများမှပဲ ကျွန်မရဲ့ အတွေ့အကြုံထူးတွေကို တင်ပြပါဦးမယ် ဆရာကြီးရှင့်”။

* * * * *

# ဘဝစက်ဝိုင်းကြီး ချာချာလည်

"တိုးတိုးရေ . . . မေမေ ထောက်ကြံ့က ယာသမားတစ်ယောက်အိမ်မှာ ဝင်စားနေတယ်လို့ ရုံးကမိတ်ဆွေတစ်ယောက်ဆီက ကြားခဲ့ရတယ်။ ဆယ်နှစ်သမီးတောင် ရှိနေပြီတဲ့"

"အို . . . ဘုရား၊ . . . ဘုရား ဟုတ်ရဲ့လား ကိုမောင်ရယ်"

"မပြောတတ်ဘူး၊ တစ်ဆင့်ကြားပဲ၊ အဲဒီမိတ်ဆွေဆီက မေမေဝင်စားနေတယ်ဆိုတဲ့ ထောက်ကြံ့က အိမ်ရှင်နာမည်နဲ့ ရပ်ကွက်တို့ နေရာတို့ကိုတော့ပြောလိုက်တယ်၊ ရုံးပိတ်တဲ့ တနင်္ဂနွေနေ့ကို ကိုမောင်တို့သွားစုံစမ်းကြည့်ရရင် မကောင်းဘူးလား"

"ကောင်းတယ် . . . ကိုမောင်"

* * * * *

ရန်အောင်စာပေ

http://www.cherrythitsar.org

မေမေ ကွယ်လွန်သည်မှာ (၁၉၇၉)ခုနှစ်က ဖြစ်သည်။ အသက် (၅၄)နှစ် ရှိပြီဖြစ်သော မေမေသည် အထက်တန်းပြ ကျောင်းဆရာမကြီးအဖြစ် တပည့်တပန်းများ၏ ချစ်ခင်လေးစားမှုကို များစွာခံယူခဲ့ရသလို ကျောင်းရှိ ဆရာဆရာမများ၏ တွယ်တာ ခင်မင်မှုကိုလည်း ရရှိခဲ့ပါသည်။ မေမေ့ဝါသနာသည်ကား အားလပ် ရက်ကလေးရလျှင် ခရီးထွက်ချင်သည်။ စိတ်တူကိုယ်တူ ခရီးဖော် များနှင့်တွဲကာ ပြန်မာတစ်ပြည်လုံးရှိ ဘုရားများကို လှည့်လည်ဖူး ချင်သည်။ ကျွန်မနှင့် ဖေဖေတို့က မေမေနှင့်အတူ ခရီးလှည့်ရာကို မလိုက်နိုင်ကြပါ။ ကျွန်မတို့မှာလည်း ရုံးအလုပ် ရုံးတာဝန်များက ခေါင်းမဖော်နိုင်အောင် များကြသည်။

မေမေ ဒီတစ်ခါထွက်သည့်ခရီးမှာ မွန်ပြည်နယ်အတွင်းရှိ တန်ခိုးကြီးဆံတော်ရှင်ဘုရားများကို ငါးရက်ကြာ သွားရောက်ဖူးမြော် ကြမည့် ခရီးစဉ်ဖြစ်သည်။ မေမေနှင့်အတူ မေမေတို့ကျောင်းမှ ဆရာ၊ ဆရာမများအပြင် ပတ်သက်ရာ၊ ခင်မင်ရာ မိတ်ဆွေများ ပါလိုက်ကြမည်ဖြစ်၍ ဘတ်စ်ကားကြီးနှင့် သွားကြသည်။ ရန်ကုန်မှ စတင်ထွက်ခွာသည်နှင့် ပထမဦးဆုံး သွားကြရမည့်နေရာမှာ ဒေးစွန် ပါဖြစ်သည်ဟု မေမေပြောသည်။ ဒေးစွန်ပါမှာ ဘုရားစုံဖူးပြီးမှ ရှေ့ ခရီးကို ဆက်သွားကြမည်ဟုဆိုသည်။ ထို့ကြောင့် မေမေ့အတွက် အဝတ်အစားအိတ်နှင့် နိုင်လွန်ခြင်ထောင်၊ အညာစောင်တစ်ထည် စားသောက်စရာ၊ ငါးခြောက်ကြော်၊ ငါးပိကြော်၊ သရက်သီးသနပ် စသည်များကို သေသေချာချာ ထုပ်ပိုး၍ ကျွန်မပြင်ဆင်ပေးလိုက် ပါသည်။

ခရီးထွက်ကြမည်မှာ နံနက် (၅)နာရီဟု ဆိုပါသော်လည်း ဝီရိယကြီးမားသော မေမေသည် (၃)နာရီထိုးကတည်းက အိပ်ရာမှ ထကာ ဘုရားရေတော်လဲ၊ ဆီမီးကပ်၊ ဘုရားဝတ်ပြုနှင့် လှုပ်ရှားပါတော့သည်။ မေမေအိပ်ရာမှထပြီး ပြင်ဆင်နေတော့ ကျွန်မပါ စကျော် ကျော်မှာ မေမေ့ကို အကြိုလာသည့်ကားကြီး အိမ်ရှေ့ကို ရောက်လာ၏။ မေမေက ပထမဆုံးအဖြစ် ကားပေါ်ရောက်သူ ဖြစ်လေသည်။ မေမေတို့ကား ထွက်သွားပြီးနောက် ကျွန်မမှာလည်း အိပ်ချင်စိတ် မရှိတော့ပြီဖြစ်၍ မေမေသောက်ပြီး၍ ကျန်နေခဲ့သော ချိုင့်ထဲမှ ကော်ဖီကို ကော်ဖီပန်းကန်ထဲ ငှဲ့ထည့်ပြီးသောက်လိုက်စဉ် ကော်ဖီပန်းကန်သည် ဘာမှအထိအခိုက်မရှိပါဘဲနှင့် ကော်ဖီသောက်နေသည့် စားပွဲပေါ်သို့ ဖြုတ်ခနဲ ပြုတ်ကျသွားသည်။ ကော်ဖီများ စားပွဲပေါ်တွင် ရွှဲစိုကုန်တော့၏။ ပန်းကန်လုံးက ကွဲသွားခြင်းမရှိပါသော်လည်း ပန်းကန်၏ လက်ကိုင်ကွေးကွင်းကလေးကတော့ ကျွန်မ၏ ညာဘက်လက်မနှင့် လက်ညှိုးအကြားတွင် ညှပ်လျက်သား ကျန်ခဲ့လေသည်။

ထူးဆန်းသော ဤအဖြစ်ကို ဖေဖေနှင့် ကိုမောင်တို့နိုးလာ၍ လက်ဖက်ရည်စားပွဲတွင် ထိုင်သောက်ကြသောအခါ၌ ကျွန်မက ပန်းကန်လုံးနှင့် လက်ကိုင်ကွေးကွင်းကလေးကို ပြရင်းပြောပြသည်။ ပို၍ ယခုမှ ထူးဆန်းနေသည်မှာ ပန်းကန်လုံးသည် ပြောင်ချောနေလျက် လက်ကိုင်ကွင်းကသာ အကွင်းလိုက် ပြုတ်ထွက်



http://www.cherrythitsar.org

သွားခြင်းမျိုးဖြစ်လေသည်။ ပဲ့ခြင်း၊ ရွဲ့ခြင်း လုံးဝမရှိပါဘဲလျက် လက်ဆတ်စွာဖြင့် လက်ပေါ်မှ ပြုတ်ထွက်သွားခြင်းသည် ထိုအခါက ဟာသတစ်ခုလိုပင် ဖြစ်သွားကာ ကျွန်မတို့အားလုံး ပြုံးမိသွားကြပါသည်။ ဤအချိုပန်းကန်သည် ဖေဖေနှင့် မေမေတို့ လက်ထပ်စဉ်အခါက မေမေ၏ကျောင်းမှ ဆရာ၊ ဆရာမများစုပေါင်း လက်ဖွဲ့လိုက်ကြသည့် "ဂျွန်ဆင်"ကုမ္ပဏီမှ ထုတ်လုပ်သော ဒင်နာဆက်ပန်းကန်စုံမှာ ပါလာသည့် အချိုပန်းကန်လုံး ဖြစ်သည်။

နေ့စဉ်ပြုလုပ်နေကြ ဝတ္တရားများဖြစ်သည့် ဖေဖေ့အတွက် ရုံးမသွားခင် ထမင်းပွဲပြင်ပေးရခြင်းနှင့် ကျွန်မနှင့် ကိုမောင်အတွက် ရုံးသို့ယူသွားမည့် ထမင်းချိုင့်ကို အိမ်ဖော်ကလေးမ၏ အကူအညီဖြင့် လုပ်ကိုင်ပြီးစီးသွားလျှင် ရုံးသို့ထွက်လာကြသည်။ ရုံးသို့ရောက်ပြီး ခဏလေးတွင် ဖေဖေ့ထံမှ ဖုန်းဝင်လာသည်။ ဖေဖေ့အသံတုန်လှုပ်မောဟိုက်နေပါသည်။ စကားလုံးများပင် မသဲကွဲချင်ပါ။ လေသံကလည်း ကွဲအက်လျက် –

"သမီး...တိုးတိုး...မိနှင်းတို့ကား ဝမ်းဘဲအင်းမှာ မှောက်လို့တဲ့"ဟု ပြော၏။ မေမေ့နာမည်မှာ မနှင်းပွင့်ဖြစ်ပါသည်။ ဖေဖေကတော့ မနှင်းဟုပဲ အမြဲခေါ်သည်။ ကျွန်မမှာ တစ်ကိုယ်လုံး တုန်လှုပ်သွားကာ ခေါင်း ပုတ်လောက်ကြီးသွားပြီး "ဖေဖေ... မေမေဘာဖြစ်သွားသေးလဲဟင်...တိုးတိုးတို့ ဘာလုပ်ကြမလဲ၊ လိုက်သွားရ မကောင်းဘူးလား..."ဖေဖေက သက်ပြင်းချလိုက်

သည်။ “ဘာဖြစ်တယ်လို့ မပြောနိုင်သေးဘူး သမီး၊ ဖေဖေလိုက်သွားမယ်၊ သမီးနဲ့ မောင်မောင်တို့ အိမ်မှာပြန်နေ၊ ဖေဖေအိမ်ကို ဖုန်းဆက်မယ်” ဒါပဲပြောပြီး ဖေဖေ ဖုန်းချသွားသည်။

ကံဆိုးလှစွာသော မေမေတို့၏ ဘုရားဖူးကားကြီးသည် ဒေးစွန်ပါသို့ ရောက်လုခါနီးနီး လမ်းချိုးအကွေ့ရှိ တံတားအုတ်တိုင်ကို တိုက်မိပြီးလျှင် လမ်းဘေးချိုင့်ထဲသို့ တုံးလုံးလဲကျသွားသည့် အခိုက် ပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာကာ ကားတစ်စင်းလုံး မီးလောင်သွားသည်။ ကားပေါ်တွင်ပါလာသည့် ခရီးသည်(၂၄) ယောက်နှင့် ကားမောင်းသူအဖွဲ့ သုံးယောက်အပါအဝင် အားလုံး သေကုန်ကြသည်ဟု ဆို၏။ အနီးအနားရှိ လူတစ်ချို့သည် ခရီးသည်များကို အကူအညီပေးရန် ပြေးလာကြပါသော်လည်း လောင်နေသော မီးအရှိန်ကြီးမားလွန်းသောကြောင့် မည်သို့မျှ အကူအညီမပေးနိုင်ကြဘဲ လက်ပိုက်ကာ ကြည့်နေရသည်ဆို၏။ မီးငြိမ်းသွားသောအခါတွင်မူ မည်သူ့ကိုမျှ ရုပ်မဖမ်းနိုင်တော့ပါ။ အားလုံးသည် မီးသွေးတုံးများကဲ့သို့ မည်းနက်ဖွဲ့စည်းလျက် ရှိကြကုန်ပြီ။

သည်လိုနှင့် မေမေသည် နှုတ်မဆက်၊ လက်မပြဘဲ ကျွန်မတို့ဘဝထဲမှ ထွက်ခွာသွားလေပြီ။ မေမေကွယ်လွန်သည့် တပေါင်းလဆုတ် တစ်ရက်နေ့ညကမူ အိပ်မက်ထဲမှာလိုလို၊ နားဝမှာပဲ လာပြောသလိုလို မေမေ့အသံကို ထင်ရှားစွာ ကျွန်မကြားလိုက်ရပါသည်။ တကယ်တော့ ထိုညက ကျွန်မသည် နှစ်ခြိုက်

မိန်းမောစွာဖြင့် အိပ်ရာပေါ်ခေါင်းချ၍ မအိပ်မိပါ စိတ်ထဲ၌တွေးရင်း ငိုင်ရင်း၊ ငိုရှိုက်ရင်းဖြင့်သာ ဆက်တီပေါ်၌ မှေးမှိတ်သွားမိသလား မပြောတတ်ပါ။

"သမီး . ° . ° . တိုးတိုး . ° . ° . စိတ်မကောင်း ဖြစ်မနေနဲ့၊ မေမေ ပြန်လာခဲ့မယ်"

ဟူသော မေမေ့အသံ ပီပီသသကို ပြတ်သားစွာဖြင့် ကျွန်မ ကြားလိုက်ရပါသည်။ ဝမ်းသာသလို၊ အားတတ်သလို ခံစား လိုက်ရပါသည်။ မေမေ ဘယ်လိုအဖြစ်နှင့် ပြန်လာပါမည်လဲ။

"သြော် . ° . ° . ° မေမေရယ်။ သမီးတို့ဘ၀ထဲက ဂျွန်ဆင်ပန်း ကန်လေးလိုပဲ ပြတ်ပြတ်တောက်တောက်နဲ့ တကယ်ထွက်သွားပြီ ကိုး၊ အဲဒီတုန်းကတော့ နိမိတ်ပြတယ် မထင်လို့ သမီးတို့ ရယ်ပွဲ ဖွဲ့မိခဲ့ပါသေးတယ်"

မေမေတို့၏ ဆိုးရွားလှစွာသောအဖြစ်ကို စကားတွေက အမျိုးမျိုးဝေဖန်လာကြသည်။ တစ်ချို့က သူတို့ကားပေါ်မှ လူပေါင်း (၂၇)ယောက် ပါလာတယ်ဆိုတော့ (၉)ဂဏန်း ဖြစ်နေတာပေါ့။ ခရီးသွားရင် အဲသလိုမျိုး မသွားကောင်းဘူး။ ကျောက်ခဲတစ်လုံး လောက်ကို ကားပေါ်တင်သွားပြီး ကိုကျောက်ခဲ ကျွန်တော်တို့နဲ့ လိုက်ခဲ့နော်၊ ခင်ဗျားပါဆိုရင် ကားပေါ်မှာ အားလုံး (၂၈)ယောက် လို့ ပြောရတယ်"ဟု ဆိုသည်။ တစ်ချို့ကလည်း "ဆန်းတစ်ရက်၊ ဆုတ်တစ်ရက်ကို ခရီးမထွက်ကောင်းဘူးဆိုတာကို သူတို့က မယုံ

ကြဘူး ထင်ပါရဲ့ ရှေးစကား အရှိသားပဲလေ။ ရှေးထုံးကို မပယ်ရ၊ ဈေးသုံးကို မလွှယ်ရဆိုတာ” ဟူသော စကားတွေကို နားမထောင်ချင်အောင် ကြားနေရသည်။

ဖေဖေမှာလည်း သနားစရာ ဖြစ်နေရှာသည်။ အခါတိုင်းဆိုလျှင် ကိုမောင်နှင့် ကျွန်မကတစ်ဖွဲ့၊ ဖေဖေနှင့် မေမေကတစ်ဖွဲ့ ဆိုသလို လွတ်လပ်စွာဖြင့် ပျော်ရွှင်ရယ်မောကာ နေခဲ့ကြသည်။ ခုတော့ ဖေဖေ့မှာ တစ်ယောက်တည်း ငေးငေးမောမောဖြင့် အဖော်မဲ့နေရသည့် ငှက်ကလေးတစ်ကောင်လို ခွန်းတွဲ့တွဲ့ သံချိုမပြည်နိုင်ဖြစ်နေရသည်ကို နေ့စဉ်မြင်တွေ့နေရခြင်းကပင် ကျွန်မအတွက် စိတ်ထိခိုက်ဖွယ်ရာ ခံစားနေရလေသည်။

ခုတော့ ထောက်ကြံ့မှာသွားပြီး ဆင်းရဲတဲ့ မိဘတွေဝမ်းမှာ မေမေသွားဝင်စားသည်မှာ ဆယ်နှစ်သမီးတောင် ဖြစ်နေပြီဟု ကိုမောင်က ကြားလေပြီ။ ထိုညက ကျွန်မအိပ်မပျော်ပါ။ တကယ်ပဲ မေမေဖြစ်နေပြီဆိုလျှင် ကျွန်မတို့ သားသမီးများအနေဖြင့် မည်သို့သော အကူအညီကို ပေးရပါမည်နည်း။ အလွန်မှ သန့်သန့်ရှင်းရှင်း နေထိုင်တတ်ပါသော၊ သနပ်ခါးတုံးမွှေးမွှေးကို ကိုယ်တိုင်သွေးပြီး ကိုယ်လုံးအနှံ့လူးရမှ စိတ်ကြိုက်တွေ့ပါသော မေမေသည် ခုလို ဆင်းဆင်းရဲရဲနေရသည့် မိဘများထံမှာ ဘယ်လိုများ ခံစားနေရရှာပါမည်နည်း။ မေမေသည် ကျွန်မမှတ်မိသမျှ နံနက်ည အမြဲမပြတ် ဘုရားဝတ်ပြုသည်။ ပုတီးမပြတ်စိပ်သည်။ အလှူဒါနမှာလည်း နောက်မတွန့်ခဲ့ပါ။ သို့ပါလျက် ဒါနနှင့် သီလပြည့်စုံခဲ့သော မေမေ့



http://www.cherrythitsar.org

ဘဝသည် မည်သို့သော ဝဋ်ကြွေးကြောင့် ဆင်းရဲသောဘဝမှာ လူသွားဖြစ်ရပါသနည်းဟူသော အတွေးများနှင့် ရစ်ပတ်ကာ အိပ်မပျော်နိုင်တော့ပါ။

ကျောင်းပိတ်ထားသောနေ့ဖြစ်ပါ၍ မေမေဝင်စားသည်ဆိုသော "နီနီ"ကလေးကို ကျွန်မတို့တွေ့လိုက်ရပါသည်။ သူမိဘနှစ်ပါးဖြစ်သည့် အသက်(၃၀)ကျော်ကျော် ဇနီးမောင်နှံနှစ်ယောက်သည် ယောက်ျားဖြစ်သူက အပေါ်ပိုင်းဗလာကျင်းကာ ရေနွေးသောက်လျက်ရှိ၏။ ဇနီးဖြစ်သူက သူ့ခင်ပွန်း၏ ပုဆိုးစုတ်ကို လက်ချုပ်အပ်နှင့် ချုပ်ပေးနေရာမှ "ထိုင်ကြပါ"ဟု ကျွန်မတို့ကိုဆိုရင်း ဖျာကလေးခင်းပေးသည်။ ယောက်ျားဖြစ်သူက မြေကရားနှင့် ထည့်ထားသည့် ရေနွေးကို ကျွန်မတို့အနားသို့ ပန်းကန်တစ်လုံးနှင့် အတူချကာ "ရေနွေးသောက်ပါ"ဟု ရေနွေးငှဲ့ပေးရင်း ဧည့်ခံသည်။

"ကျွန်တော်တို့က ရန်ကုန်က လာတာပါ။သူက ကျောင်းဆရာမကြီး ဒေါ်နှင်းပွင့်သမီး မခင်တိုး"ပါဟု ကျွန်မကို လက်ညှိုးညွှန်ပြရင်း ကိုမောင်ကပြောလျှင် ယောက်ျားဖြစ်သူက သူ့ဇနီး၏ မျက်နှာကို လှမ်းကြည့်သည်။ သူတို့နှစ်ဦး အကြည့်ချင်းဆုံသွားခိုက်တွင် နီနီကလေးသည် ကစားနေရာမှ ပြေးတက်လာရင်း ကျွန်မနှင့် ကိုမောင့်ကို ဟိုကြည့်ဒီကြည့်လုပ်ကာ "အခုမှလာကြတယ် ဒီမှာဖြင့် ဘယ်တော့လာကြမလဲလို့ မျှော်လိုက်ရတာ မောနေပြီ"ဟု ဆိုလျက် ကျွန်မလက်ကို သူ့လက်ကလေးနှစ်ဖက်နှင့် ဆုပ်ကိုင်ရင်း ငိုမလိုပြော၏။

"ဟဲ့ . . . ဟဲ့ . . . နီနီ . . . နင့်တစ်ကိုယ်လုံး ဖုန်တွေနဲ့ ညှော်သည်တွေအနား ဘာလာရှုပ်တာလဲ"

"ဘယ်က ညှော်သည်ဟုတ်ရမလဲ၊ တိုးတိုးပါ၊ ကိုယ့်သမီး အနား ကိုယ်လာတာ မလာရဘူးလား၊ မောင်မောင်က စပို့ရှပ်အင်္ကျီနဲ့၊ ဘာဖြစ်လို့ အပြင်ဖုံးအင်္ကျီဝတ်မလာတာလဲ။ သူ့ကိုယ်သူ ကာလ သားလုပ်လို့"

နီနီသည် သူ့အဖေကို ရန်တွေ့သလို ခပ်ပြောရာမှ ကိုမောင့် ကိုပါ အပြင်ဖုံးအင်္ကျီ ဝတ်မလာသည့်အတွက် မာန်မဲသလို ပြောလိုက် ပုံသည် မေမေ့အတိုင်းပဲ၊ မေမေသည် အရာရှိကလေးဖြစ်နေသည့် ကိုမောင့်ကို အပြင်ဖုံးမဝတ်ဘဲ လမ်းထွက်လျှင် အမြဲဆူသည်။ စပို့ရှပ်နှင့် လမ်းထွက်တိုင်း "မောင်မောင် . . . မင်းက ကာလသား လေးလား၊ သူများတွေမြင်ရင် မခန့်လေးစား မင်းကို ဆက်ဆံလိမ့် မယ်"ဟု သတိပေးတတ်သည်။

အခုလည်း ကိုမောင့်ကို မောင်မောင်တဲ့။ အမေခေါ်ခဲ့သည့် အတိုင်းမို့ ကျွန်မရော ကိုမောင်ပါ မျက်လုံးပြူးသွားကြရပါသည်။ "နီနီ . . . သမီး ရေသွားချိုး။ ဒီမနက် ရေမချိုးရသေးဘူး။ သနပ် ခါးတွေ ကျောက်ပျဉ်မှာ အမေသွေးထားပေးတယ်။ ညှော်သည်တွေက မပြန်သေးပါဘူး" နီနီ သူ့အမေစကားကို နားထောင်ပါသည်။ သူထ သွားသည့်အခိုက် သူ့အဖေက ကျွန်မတို့ကို ပြောပြသည်မှာ . . .

"ဆရာမကြီးတို့ ကားမီးလောင်ပြီး ငြိမ်းသွားစမှာပဲ



http://www.cherrythitsar.org

ကျွန်တော်တို့ စီးလာတဲ့ ဖရဲသီးကားကြီး အဲဒီအနားရောက်သွား တော့ ရဲတွေက အဲဒီနေရာကို ဝိုင်းထားတယ်။ ဝင်ခွင့်မပေးဘူး။ ကွေ့ပြီးဘေးကို မောင်းခိုင်းတယ်။ ကျွန်တော်က ကားနောက်ပိုင်းက ပါလာတာမို့ မီးလောင်နေတဲ့နေရာကို လှမ်းကြည့်ပြီး "တို့နဲ့နေချင် တဲ့သူ လိုက်လာခဲ့၊ ယောကျ်ားလေးတော့ မလိုချင်ဘူး၊ မိန်းမဆိုရင် လက်ခံမယ်"လို့ အော်လိုက်တယ်။ ဒီတော့ ကျွန်တော်နဲ့အတူ ကားနောက်မှာပါလာတဲ့ အဖော်က "ဟာ . . . မပြောကောင်း မဆိုကောင်း ဒီလူ ဘာတွေပြောနေတာလဲ၊ မတော်လို့ လိုက်လာရင် ဘယ့်နှယ်လုပ်မလဲတဲ့"။ ဒီတော့ ကျွန်တော်က ပြန်ပြောလိုက်တယ်။ "လိုက်လာတော့လဲ မွေးလိုက်တာပေါ့ဗျာ၊ ကျွန်တော်တို့ "အိမ် ထောင်ကျတာ လေးနှစ်ကျော်ပြီ၊ သားသမီးတစ်ယောက်မှ မရသေး ဘူး"လို့ ပြန်ပြောလိုက်တယ်။

တိုက်တိုက်ဆိုင်ဆိုင် အဲဒီညမှာပဲ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ အသက် ကျွန်တော်တို့ထက် ကြီးပုံရတဲ့ မိန်းမ တစ်ယောက်၊ အိမ်ကပြင်မှာလာရပ်တယ်၊ "ဘယ်သူကို တွေ့ချင် လို့လဲ"ဆိုပြီး ကျွန်တော်မေးတော့ "မင်းပဲနေချင်ရင် လိုက်လာခဲ့ ခေါ်လို့ လိုက်လာတာ နေရမလား၊ နေခွင့်ပြုမလားတဲ့" မေးပါရော "ဟုတ်ကဲ့ . . . နေချင်ရင် နေပါ"လို့ပြောပြီး လန့်နိုးလာတော့ အရုဏ်ပေါ်နေပြီ။ မကြာပါဘူး နီနီ့ကို ကိုယ်ဝန်ရတာပဲ"

နီနီသည် အသက်ခြောက်နှစ်သို့ရောက်လျှင် မူလတန်း ကျောင်းကလေးမှာ ပညာသင်ရသည်။ နီနီသည် ဉာဏ်ကောင်း

သည်။ အတန်းထဲမှာ အတော်ဆုံးဖြစ်သည်ဟု ဆရာမက သူ့ကို အရေးပေးသည်။ တစ်နေ့သောအခါ၌ နီနီနှင့် ပတ်သက်၍ သူ့ဆရာမ ရင်တုန်ခဲ့ရလေသည်။ ဖြစ်ပုံက ကားကြီးသည် နီနီတို့ ကျောင်းဝင်းထဲ၌ အဆောင်အသစ်တစ်ခု ဆောက်ရန်အတွက် အုတ်များတင်လာသည့် ကားကြီးသည် နီနီတို့ စာသင်ခန်းအနီးသို့ ရောက်ကာမှ ကားဘီးပေါက်ကာ ကျယ်လောင်သော အသံကြီးထွက်လာသည်။ နီနီသည် ထိုအသံကြီးကို ထိတ်လန့်သွားပြီးလျှင် ဆရာမထိုင်နေသည့် စားပွဲအောက်သို့ အတင်းပြေးဝင်ပုန်းအောင်းရင်းဖြင့် တစ်ကိုယ်လုံးတုန်နေသည်။ မျက်ရည်များလည်းဝေနေသည်ကို တွေ့လိုက်ရ၍ ဆရာမပါ ထိတ်လန့်သွားပြီးလျှင် နီနီ့ကို ဖက်ထွေးထားပြီး မေးလိုက်သည်။

"နီနီ ဘာဖြစ်လို့လဲ . . . ကားဘီးပေါက်တာ ဘာကြောက်စရာရှိလို့လဲ"

"သမီး ကြောက်တယ် ဆရာမ . . . သမီးကြောက်တယ်"

"အို . . . ခက်တာပဲ၊ အတန်းထဲမှာ ဘယ်သူမှ မကြောက်ဘူး"

"သူတို့က ဘယ်ကြောက်မလဲ။ သမီးက ကားမှောက်လို့ သေခဲ့ရတာဆိုတော့ ကားသံကိုကြားတာနဲ့ ကြောက်တာပဲ"

"ဩော် . . . ဟုတ်လား၊ သမီး ကားမှောက်တာက



http://www.cherrythitsar.org

ဘယ်မှာ မှောက်တာလဲ”

“ဒေးစွန်ပါဘုရားကို သွားရင်း လမ်းမှာမှောက်တာ”

“အဲဒီတုန်းက သမီးက ဘယ်သူတွေနဲ့ သွားတာလဲ”

“ကျောင်းက ဆရာ၊ ဆရာမတွေနဲ့ပေါ့၊ သမီးက ကျောင်း ဆရာမကြီးလေ”

“ဩ. . .လက်စသတ်တော့ သမီးက ဆရာမလိုပဲ ဆရာမ လုပ်ခဲ့တာကိုး”

ဆရာမသည် နီနီကလေး အကြောက်ပြေစေရန် အလိုက် အထိုက် ပြောရင်းဖြင့် အတန်းထဲသို့ပြန်ပို့ခဲ့၏။ ထိုစဉ်က နီနီသည် အသက် (၇)နှစ်သာ ရှိပါသေးသည်။ ဆရာမသည် အိမ်သို့ပြန် ရောက်လျှင် သူ့အမေသို့ နီနီ၏အကြောင်းကို ပြောပြသည်။ ထိုအခါ ဆရာမ၏ အမေက “အင်း ဖြစ်နိုင်တယ်၊ လွန်ခဲ့တဲ့ (၇)နှစ်လောက် က ဘုရားဖူးကား ဒေးစွန်ပါကိုသွားရင်း လမ်းမှာ ကားမှောက်ပြီး မီးလောင်လို့ အားလုံးသေကုန်တယ်။ အဲဒီအထဲမှာ ကျောင်းဆရာ ဆရာမတွေ အများဆုံးပါတယ်လို့ သတင်းစာမှာ ဖတ်ရတယ်” ဟု ပြောပြလေသည်။

သို့သော် ဆရာမလေး၏ နှုတ်ဆိတ်မှုကြောင့် နီနီ လူဝင် စားဖြစ်သည်ကို မည်သူမျှ မသိခဲ့ပါသော်လည်း နီနီ၏ မိဘများကမူ သူတို့သမီးလေးသည် ချမ်းသာကြွယ်ဝစွာ နေထိုင်လာခဲ့ရသည့်

ဘဝမှ သူတို့ဝမ်းထဲသို့ လာဝင်စားသူဖြစ်လိမ့်မည်ဟုတော့ တွေးမိကြသည်။ နီနီသည် သုံးနှစ်သမီးအရွယ် စကားပြောတတ်စမှာပင် သူ့အမေက ကြွေရေသုတ်ဇလုံဖြင့် ထမင်းထည့်ကျွေးကာ ခွေးစားတဲ့ ခွက်ထဲကထမင်း ငါမစားဘူး”ဟု ငြင်းဆန်နေ၍ ကြွေပန်းကန်နှင့် ထမင်းကျွေးခဲ့ရသည်။ သူ့ကို ရေချိုးပေးလျှင် ဝတ်ပြီးသားအင်္ကျီကို ပြန်ဝတ်ပေး၍မရ။ သနပ်ခါးကိုလည်း အလွန်ကြိုက်၍ သူ့အမေက စက်သွေးသနပ်ခါးခဲများဝယ်၍ လူးပေးလျှင် ထွန့်ထွန့်လူးကာ ငိုသည်။ “ဒါတွေမလိမ်းချင်ဘူး”ဟု ငြင်း၍ သနပ်ခါးတုံးဝယ်ကာ သွေး၍ လူးပေးမှ အလူးခံ၏။

သူ့အမေက နီနီကို သနပ်ခါးဖွေးဥနေအောင် လူးပေးပြီး တိုးတိုးတို့ ထိုင်နေရာသို့ ခေါ်လာပေးတော့ နီနီက မေးသည်။ “ကိုလွန်းမြိုင်နေကောင်းလား”။ ကိုလွန်းမြိုင်ဆိုသည်မှာ တိုးတိုး၏ အဖေဖြစ်သည်။ တိုးတိုးအဖေသည် ဒေါ်နှင်းပွင့် ကွယ်လွန်ပြီး မကြာခင်အတွင်းမှာပဲ နောက်အိမ်ထောင်ပြုသွားသည်ဖြစ်၍ “မေမေ့အရိုးတောင်မဆွေးသေးဘူး၊ နောက်အိမ်ထောင်ပြုရက်တယ်”ဟု အဖေ့ကို မကျေမနပ် ဖြစ်နေသည်။ တိုးတိုးက နီနီမေးခွန်းကို “မေးမနေနဲ့ နောက်မိန်းမယူလိုက်တာ ကြာပြီ”ဟု ဖြေလိုက်တော့ နီနီက မျက်နှာပျက်သွားသည်။ သည့်နောက်တွင် ကိုလွန်းမြိုင်နာမည်ကို နီနီထံမှ တစ်ခါမျှ မကြားရတော့။

“ကဲ . . . မေမေဆိုရင် မေးမယ် . . . မေမေ့ အဝတ်ဗီရိုကို

ခတ်တဲ့သော့တွဲ ဘယ်မှာမှ ရှာမရဘူး၊ ဘယ်နေရာမှာ ထားခဲ့သလဲ” ဟု ကောက်ခါငင်ခါဖြင့် တိုးတိုးကမေးလျှင် သူထားခဲ့သည့်နေရာကို ပြောပြသည်။ အိမ်ပြန်ရောက်၍ ပြောလိုက်သည့်နေရာမှာရှာလျှင် သော့တွဲကို တွေ့ရလေသည်။

* * * * *

တိုးတိုးနှင့် ကိုမောင်သည် နီနီနှင့်စတွေ့သည့်အချိန်မှစ၍ မကြာမကြာ ထောက်ကြံ့သို့ ရောက်တော့သည်။ နီနီသည် သူတို့၏ မေမေဒေါ်နှင်းပွင့် အမှန်ပင်ဖြစ်နေသည်ဟု ယုံကြည်လာသည်ဖြစ်၍ နီနီစတုတ္ထတန်း အောင်မြင်သည့်နှစ်မှ ဆယ်တန်းရောက်သည် အထိ တာဝန်ယူခဲ့သည်။ နီနီ့အတွက် အဝတ်အထည်၊ မုန့်ဖိုးစသည် များကိုလည်း ထောက်ပံ့သည်။ တိုးတိုးမှာ သဇင်ပန်းများ ပေါ်ချိန်သို့ ရောက်လျှင် မေမေကြိုက်နှစ်သက်သည့် ပန်းဟုဆိုကာ နီနီ့ထံသို့ ကိုမောင်နှင့် ပန်းများပို့ခိုင်းသည်။ နီနီကျောင်းမှ ပြန်လာသောအခါ သူ့အမေက ဖန်ခွက်တစ်လုံးထဲတွင် ရေအနည်းငယ်ထည့်၍ ထောင်ထားသည့် သဇင်ပန်းခက်များကို မြင်လိုက်သည်နှင့် “မောင်မောင်လာပို့သွားတာလား”ဟု အတပ်မေးသည်။

တစ်ခါတွင် နီနီ့ကို အိမ်သို့အလည်ခေါ်လာသည်။ တိုးတိုး က အိမ်မှာ နီနီနှင့် ဖေဖေတို့ဆုံမိကြလျှင် ဘယ်ပုံရှိမည်လဲဟု ဖေဖေနှင့် တွေ့ပေးခြင်းဖြစ်လေသည်။ ထိုအချိန်က နီနီသည် (၆)တန်းသို့ ရောက်သည့်နှစ်၊ အသက် (၁၂)အရွယ် ဖြစ်လေ



http://www.cherrythitsar.org

သည်။ တိုးတိုးက နီနီ၏လက်ကိုဆုပ်ကာ "ဖေဖေ. . . မေမေ ဝင်စားနေတဲ့ နီနီလေ. . ."ဟု မိတ်ဆက်ပေးလျှင် ဦးလွန်းမြိုင် သည် မျက်နှာမပျက်ပဲ နီနီ့ကိုကြည့်သည်။ နီနီကလုံးဝ ဦးလွန်းမြိုင် ကို မကြည့်။ မျက်နှာလွှဲထားသည်။ ခြံထဲလှည့်၍ ကြည့်သည်။ ဒေါ်နှင်းပွင့်ဘဝက သူစိုက်ပျိုးထားခဲ့သည့် သနပ်ခါးပင်နှင့် ယုဇန ပန်းပင်များရှိရာတွင် အချိန်အတန်ကြာစွာဖြင့် ငေးမောကာ ကြည့် သည်။ ဒီတစ်ကြိမ်ပဲ သူ သက်ဝင်လှုပ်ရှား နေထိုင်သွားသည့် အိမ်ကြီးသို့လာသည်။ နောင်သောအခါများတွင် တိုးတိုးက ဘယ်လို ပင် ခေါ်ပါသော်လည်း မလိုက်တော့ပါ။

ဒေါ်နှင်းပွင့်ဘဝတုန်းကလိုပဲ ဉာဏ်ကောင်းလာသည့် နီနီ သည် ဆယ်တန်းသို့ ရောက်လာသည်အထိ တစ်နှစ်တစ်တန်း မှန်မှန်အောင်မြင်သည်။ တိုးတိုးကို မမတိုး၊ ကိုမောင်ကို ဦးမောင် ဟု ပြင်၍ခေါ်လာသည်။ ဦးလွန်းမြိုင်အကြောင်း စကားစပ်မိလျှင် "မကြားချင်ဘူး၊ စိတ်နာတယ်"ဟုပြောသည်။ နီနီ ဆယ်တန်းအောင် လျှင် တက္ကသိုလ် ဆက်တက်ရန်ကို တိုးတိုးတို့က တိုက်တွန်းသည်။ သို့သော် နီနီ၏မိဘများက သဘောမတူ။ အလုပ်တစ်ခုခုလုပ်ရင်း အဝေးသင်ပဲ သင်ပါဟုဆိုသည်။ နီနီ၏မိဘများက မချောင်လည် သော သူတို့ဘဝကို နီနီ၏လုပ်စာဖြင့် အားဖြည့်လိုသည့် ဆန္ဒရှိနေ သည်ဟု တိုးတိုးက နီနီ့ကို စတိုးဆိုင်တစ်ခုတွင် အလုပ်သွင်းပေး လိုက်လေသည်။



http://www.cherrythitsar.org

"သြော် . . .ဘဝဆိုတာ သံဝေဂရစရာပါပဲ စက်ဝိုင်းကြီး တစ်ခုလို လည်ပတ်နေတာမို့ ဘဝဆိုတာကြီး မပြတ်သမျှ ယောကျ်ား ဖြစ်လိုက်၊ မိန်းမဖြစ်လိုက်၊ ချမ်းသာတဲ့ဘဝကိုရောက်လိုက်၊ဆင်းရဲ တဲ့ဘဝကို ရောက်လိုက်မို့ တိုးတိုးတော့ မေမေ့အဖြစ်ကို ကြည့်ပြီး သေပြီးတဲ့နောက် ဘယ်ဘဝမျိုးကို ရောက်မှာပါလိမ့်လို့ တွေးမိရင်း သိပ်ကြောက်တာပဲ ကိုမောင်ရယ် . . ."ဟု တိုးတိုးက ညည်းသည်။

ပြီးခဲ့သော (၂၀၀၁)ခု လညီးပိုင်းက နီနီသည် သူနှစ်သက် သော သူငယ်တစ်ယောက်နှင့် လက်ထပ်လိုက်ပြီဟု တိုးတိုးက စာရေးသူကို သတင်းပို့သည်။ "သူ့အသက် (၂၂)နှစ် ရှိနေပြီပဲလေ၊ သူလဲ အိုးနဲ့အိမ်နဲ့ အချစ်နဲ့မေတ္တာကို ပုထုဇဉ်လူသားပီပီ တောင့်တ မိမှာပေါ့ တိုးတိုးရယ်"ဟု စာရေးသူက ပြောတော့ "တိုးတိုးစိတ်ထဲ မှာ နှမြောသလိုလို၊ ဝမ်းနည်းသလိုလိုနဲ့ တစ်မျိုးကြီးပဲ ခံစားမိတယ် ဒေါ်ဒေါ်ရယ် . . ."ဟု ဆိုပါသည်။

"အင်း . . .ဘဝစက်ဝိုင်းကြီးတစ်ခု စတင်လည်ပတ်လာဦး မှာပါကလား . . ."

(ဆရာမကြီး ဒေါ်နှင်းပွင့်အား သတိရစွာဖြင့်)

* * * * *

# ဘိုးသူတော်ကပေးသည့်အရင်းအနှီး

၁၉၃၀ ပြည့်နှစ်လောက်တွင် ဘီးလင်းမြို့နယ်အတွင်းရှိ တောင်စွန်းရွာသည် ကျေးရွာကြီးတစ်ရွာအဖြစ် အရောင်းအဝယ် စည်ကားမှုရှိသော်လည်း လူမျိုးခြား၊ ဘာသာခြားများဖြစ်သည့် ဘာဘူကုလားခေါ် အသားဖြူ၍ အလုံးအရပ်ထွားကျိုင်းသော ကုလား သူဌေးများက ကြီးစိုးမှုရှိခဲ့သည်။ ဒိုင်အာခီ အစိုးရဖွဲ့စည်းချိန်တွင် ဘီးလင်းမြို့နယ်အတွက် ဒိုင်အာခီကိုယ်စားလှယ်တစ်ဦး ရွေးချယ်ရာ လည်း တောင်စွန်းရှိ ဘာဘူလူမျိုး မစ္စတာစီတီး အရွေးခံရသည်။ မစ္စတာစီးတီးတွင် သူတို့နှင့် ဘာသာတူ ဇနီးရှိပါသော်လည်း မြန်မာအမျိုးသမီး ကွမ်းတောင်ကိုင်တစ်ဦးကို အရယူနိုင်ခဲ့သည်။ သူတို့နေသောနေရာ၊ တောင်စွန်းဘူတာ၏ အရှေ့ဘက်ကုန်းမြင့်ကို "ဘိုတဲကုန်း"ဟု အမည်ပေးထားကာ ဘိုဆန်ဆန် နေထိုင်ကြသည်။ သူတို့ပိုင်သော ကျောက်မိုင်းသည် အင်္ဂလိပ်အစိုးရပိုင်ဆိုင်သော သယံဇာတ ကျောက်သားကျောက်တောင်ကြီးဖြစ်၍ ထိုကျောက် တောင်ကို ဖောက်ခွဲရရှိသည့် "လိပ်သဲကျောက်"ခေါ် ကျောက်သား ပြာပြာ ကျောက်တုံးငယ်များအား အစိုးရပိုင် မီးရထားလမ်းများ

ဖောက်လုပ်ရာသို့ အများဆုံးသွင်းနိုင်သော ကျောက်မိုင်းကြီးတစ်ခု ဖြစ်လေသည်။

ဤကျောက်မိုင်းတွင် သူတို့နှင့် ဘာသာတူသည့် လူမျိုးကို သာအလုပ်ပေး၏။ အလုပ်လုပ်ခကြေးအတွက် ယောကျ်ားများကို တစ်နေ့ငါးပဲ၊ မိန်းမများကို လေးပဲအဖြစ် "လက်တေး"ခေါ် ကြေးပြားများကို နေ့စဉ်ထုတ်ပေးသည်။ ဤလက်တေးနှင့် ဝယ်ခွင့် ရသော ကုန်စုံဆိုင်မှာလည်း သူတို့နှင့် ဘာသာတူသည့် "အဒူ လမြား"ဆိုင်တစ်ဆိုင်ပဲ ရှိသောကြောင့် အဒူလမြားမှာလည်း တစ်နေ့တခြား ကြီးပွားလာသည်။ မိုင်းအလုပ်သမားများကား ခုနစ်ဆယ်နီးပါး ရှိသည်ဖြစ်သောကြောင့် ညနေလေးနာရီခွဲ အလုပ် သိမ်းချိန်ရောက်ပြီဆိုလျှင် အဒူလမြားဆိုင်တွင် တိုးမပေါက်တော့ချေ။

(ဤကျောက်မိုင်းကို တော်လှန်ရေးအစိုးရလက်ထက် ပြည်သူပိုင်သိမ်းလိုက်သည့် အချိန်မှစ၍ မြန်မာအလုပ်သမားများ အစားထိုးဝင်ရောက်လာနိုင်၏။ယခုအခါ အကျဉ်းဦးစီးဌာန၊ ရဲဘက် စခန်းအဖြစ် ရဲဘက်များ ဝင်ရောက်လုပ်ကိုင်လျက် နေ့စဉ်ဝင်ငွေများ ရရှိစုဆောင်းနိုင်ကြသည်။)

အထက်တွင် ဆိုခဲ့သည့် ၁၉၃၀ ပြည့်နှစ်လောက်တွင် ကျောက်မိုင်းသူဌေးပင် ပိုင်ဆိုင်သည့် ဆန်စက်ကြီးတစ်လုံးရှိသည်။ ထိုဆန်စက်အလုပ်သမားများမှာလည်း သူတို့နှင့် ဘာသာတူများပင် ဖြစ်လေသည်။ မြန်မာအလုပ်သမားများကို ကျိုးနွံမှုမရှိဟု လုံးဝလက် ခံခြင်းမပြုခဲ့။ ဤသို့သောကာလတွင် ဆန်စက်အလုပ်သမားတစ်ဦး

ဖြစ်သည့် "အာလူး"အမည်ရှိ အသက်သုံးလေးဆယ်ကျော်အရွယ် ကုလားလူမျိုး တစ်ယောက်သည် သူတို့လူမျိုးဖြစ်သည့် ဇနီးသည်နှင့် ကလေးနှစ်ယောက်၏ ဖခင်အဖြစ် တောင်စွန်းရွာ၏ မြောက်ဘက် ပိုင်းအစွန်းတွင် တဲကလေးထိုးကာ အလွန်ဆင်းရဲစွာ နေထိုင်ရ၏။

အာလူး အလုပ်သွားလျှင် ထမင်းချိုင့်ယူသွားတတ်သည်။ ဆန်စက်နှင့် အနည်းငယ်ဝေးသောကြောင့် တောလမ်းမှဖြတ်သွားလျှင် အရောက်မြန်သည်ဟု အာလူးသည် ကျောက်တုံး၊ ကျောက်လုံးကြီး များ ပြည့်နှက်နေသည့် ကနစိုးပင်တောတန်းမှ ဖြတ်သွားလေ့ရှိသည်။ အပြန်တွင် ကနစိုသီးများ မှည့်နေတာမြင်လျှင် အိမ်သားများ အတွက် ခူးသည်။ သူ၏ထမင်းချိုင့်ကိုလည်း ကနစိုပင်များအနီး ရှိ စမ်းချောင်းတွင် စမ်းချောင်းရှိ သဲနုနုကလေးများနှင့် ပြောင်လက် နေအောင် ဆေးကြောသွားလေ့ရှိသည်။ ဤသို့ဖြင့် ဤလမ်းမှဖြတ် သွား ဖြတ်လာလုပ်နေသော အာလူးသည် တစ်နေ့သော ညနေ အပြန်တွင် အုန်းသီးကြီးလို လုံးလုံးဝန်းဝန်းဖြစ်နေသည့် ဧရာမ ကျောက်တုံးကြီးအနီးမှာ ဘိုးသူတော်လိုလို အရပ်ဆိုးဆိုး အရပ်ပုပု ဝဝဖြစ်နေသော အသက်ငါးဆယ်အရွယ် လူကြီးတစ်ယောက်နှင့် တွေ့သည်။ အာလူးသည် မြန်မာစကားကို မြန်မာတစ်ယောက်ကဲ့သို့ ပီပီသသ ပြောနိုင်သည်။ သူ၏ ဇနီးနှင့် ကလေးများသည်လည်း သူ့လိုပဲ ပြောနိုင်ကြသည်။ သူတို့မိသားစုအချင်းချင်းပင်လျှင် မြန်မာ လို ပြောကြသည်ကများ၏။ ထို့ကြောင့် သူ့ကို –

"ဟော့– အာလူး၊ ခဏနေဦး"ဟု ဆိုလိုက်သံကို ကြားရ

သည်နှင့် အာလူးခြေစုံရပ်ကာ ဘိုးသူတော်ကြီးကို ကြည့်လိုက်၏။ ဘိုးသူတော်ကြီးက သူနှင့်ခြေလှမ်း အနည်းငယ်လှမ်းနေသောကြောင့် သူက နောက်ကို ပြန်လှည့်လိုက်ပြီးလျှင် ဖိုးသူတော်ကြီးနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"အာလူး မင်းသိပ်ဆင်းရဲတယ်။ ဒီတော့ မင်းကိုငါအလုပ်တစ်ခုပေးမယ်။ မင်းအတွက် အဆင်ပြေသွားသလို ငါ့အတွက်လဲ အဆင်ပြေရအောင် မင်းလုပ်ပေးမလား"

"ဘာလုပ်ပေးရမလဲ ပြောလေ"

"ငါ့အတွက် နေ့တိုင်း ဝက်သားဟင်းချက်ခဲ့ပေးပါ"

အာလူး ကျောတွန့်သွားသည်။ ဝက်သားဆိုသည်မှာ သူ့အတွက် မဟာရန်သူ၊ သူ့တစ်သက်လုံးစားဖူးဖို့မဆိုထားနှင့် ကြည့်ပင်မကြည့်ခဲ့သော ပစ္စည်း၊ သို့ပါလျက် ဤဘိုးသူတော်သည် သူ့ကိုမှ လာခိုင်းရသည်လားဟု ဒေါသထောင်းခနဲထသွားသည်။ မျက်နှာလည်း ပျက်မလိုဖြစ်သွားသည်။ သို့သော် သူ့စိတ်ကို နိုင်အောင်ထိန်းလိုက်ပြီးလျှင် ပိုက်ဆံများများပေးလျှင် ချက်ပေးလိုက်မည်။ ဆင်းရဲသောဘဝမှာ ပိုက်ဆံရဖို့ အရေးကြီးသည်။ အိုးတစ်လုံးနှင့် သီးသန့်ချက်ပေးလျှင် ဖြစ်နိုင်တာပဲဟု အတွေးပေါ်လာသောကြောင့်–

"ချက်ပေးရင် ဘယ်လောက်ပေးမှာလဲ။ ဘယ်လောက်ချက်ပေးရမှာလဲ"

ဟု မေးလိုက်သောအခါ ဘိုးသူတော်ကြီးက ပြန်ပြောသည်မှာ –

"ဝက်သားအစိတ်သားကို ငရုတ်သီး၊ မဆလာနဲ့ နူးအိနေအောင် နေ့တိုင်းချက်ပေးရင် မင်းကို တစ်နေ့တစ်ကျပ်ပေးမယ်"

ထိုခေတ်တွင် ဝက်သားတစ်ပိဿာကို ငွေတစ်ကျပ်ပဲ ပေးရသည်။ ထို့ကြောင့် အစိတ်သားဝယ်လျှင် (တစ်မတ်)လေးပဲ ကုန်မည်။ ဆီ၊ ငရုတ်သီး၊ ကြက်သွန်စသည်များက အလွန်ဆုံး တစ်ပဲကုန်မည်။ ထို့ကြောင့် တစ်နေ့လျှင် သူ့အတွက် ခြောက်မူး (ဆယ့်တစ်ပဲ) ကျန်မည်။ စက်ထဲမှာ ထမ်းရပိုးရသည်မှာပင် တစ်နေကုန်လုပ်မှ သုံးမူး(ခြောက်ပဲ)သာ ရသည်ဖြစ်၍ ဘိုးသူတော် ချက်ခိုင်းသည့် ဟင်းကို ဘာပဲဖြစ်ဖြစ် သူချက်ပေးမည်ဟု အာလူးသည် သူ့ဦးနှောက်ကို စက်နှင့်တွက်သလို အမြန်ဆုံးတွက်လိုက်ပြီးလျှင်–

"ဟုတ်ကဲ့ – ကျွန်တော်ချက်ပေးမယ်" ဟု ကတိပေးလိုက်သည်။

"ဒါဖြင့်ရော –ငွေတစ်ကျပ်ပေးလိုက်မယ်"ဟု ဝေလခေါင်းခေါ် ကတုံးပုံရိုက်နှိပ်ထားသည့် ငွေဒင်္ဂါးတစ်ပြားကို အာလူးလက်ထဲသို့ ထည့်သည်။ အာလူးက –

"ကျွန်တော်ချက်ပြီး သတ္တုချိုင့်နဲ့ထည့်ယူလာမယ်။ ဘယ်နေရာမှာ လာယူမှာလဲ"

ဟုမေးသည်။

"ယူသာလာခဲ့၊ ငါ့ကိုမတွေ့လဲ ကိစ္စမရှိဘူး၊ ချိုင့်ကို ဟောဒီကျောက်တုံးဘေးမှာ ထားခဲ့။ ညနေ မင်းအလုပ်က ပြန်လာရင်



http://www.cherrythitsar.org

အဲဒီချိုင့်ကို ချထားတဲ့နေရာမှာပဲ လာယူ၊ ငွေတစ်ကျပ်ကို ချိုင့်ထဲမှာ ထည့်ထားပေးမယ်။”

ဟု ဘိုးသူတော်ကြီးက ပြောပြီးလျှင် ကျောက်တုံးနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

* * * * *

တောင်စွန်းဈေးထဲတွင် ဝက်သားရောင်းသောဆိုင်သည် တစ်ဆိုင်တည်းသာရှိလေသည်။ ဝက်သားဆိုင်ပိုင်ရှင်သည် စိန်လှိုင်နှင့် စိန်ညြဆိုသော တရုတ်လူမျိုးစစ်စစ် ညီအစ်ကိုနှစ်ယောက်ဖြစ်သည်။ သူတို့ညီအစ်ကိုသည် နေ့တိုင်းလာ၍ ဝက်သားအစိတ်သားကို မှန်မှန်ဝယ်သော အာလူးအား ထူးဆန်းလွန်းသည်ဟု အံ့ညြနေကြသည်။ ဝက်သား မစားသော လူမျိုးဖြစ်၍ ဝက်သားဝယ်သည်ကို အံ့ညြသည်ထက် နေ့တိုင်းဝက်သား အစိတ်သား ဝယ်နိုင်သည့် ငွေအင်အားမရှိသူ အာလူးလို ကုလီတစ်ယောက်က ဤမျှဝယ်စားနိုင်သည်ကို ပိုမို၍ အံ့ညြနေမိကြ၏။

ထို့ကြောင့် စိန်လှိုင်နှင့် စိန်ညြတို့ ညီအစ်ကိုက ကျွန်မ၏ အစ်ကိုများကို ဤအကြောင်းပြောပြလေသည်။ စိန်လှိုင်နှင့် စိန်ညြတို့၏ ညီမနှစ်ယောက်ဖြစ်သော ရန်ကီးနှင့် ရွှေကီးတို့ကလည်း ကျွန်မနှင့် ကျောင်းနေဘက်များဖြစ်ကြ၍ သူတို့အစ်ကိုများထံမှ ကြားရသော အာလူးအကြောင်းကို ပြောပြလေသည်။ ဤသို့ဖြင့် အာလူးဝက်သားဟင်း နေ့တိုင်းချက်သည် ဟူသော သတင်းသည်

တောင်စွန်းဈေးထဲတွင်သာမက တစ်ရွာလုံးတွင် ပျံ့နှံ့သွားတော့၏။

သို့သော် အာလူးကိုယ်တိုင်ကမူ ဤသတင်း ပျံ့နှံ့နေသည်ကို လုံးဝမသိ။ အချိန်ကာလအားဖြင့်လည်း အာလူးသည် ဘိုးသူတော်ကြီးနှင့် တွေ့ကြုံရင်းနှီးခဲ့သည်မှာ လပေါင်းများစွာ ကြာခဲ့လေပြီဖြစ်သောကြောင့် အာလူး၏ မိန်းမမှာပင် ရွှေတွဲလောင်း၊ ငွေတွဲလောင်း ဖြစ်လျက်ရှိနေလေပြီ။ သို့သော် အကဲခတ် မရလောက်အောင်ပင် အာလူး၏ ခြေလှမ်းများက မှန်ကန်နေသည်။ နံနက်အလုပ်သွားရင်း ဟင်းချိုင့်ကို ယူသွားသည်။ ညနေ အလုပ်မှပြန်လာလျှင် ဘိုးသူတော်ကြီးနှင့် အချိန်းအချက် ပြုလုပ်ထားသည့်ကျောက်တုံးကြီးအကွယ်မှ ချိုင့်ကို ပြန်ယူလာသည်ဖြစ်၍ မည်သူမျှ ခြေရာခံ၍မရ ဖြစ်နေလေ၏။ ဘိုးသူတော်ကြီးနှင့် အာလူးတို့သည်လည်း လူအချင်းချင်း သံယောဇဉ်တွယ်ငြိကာ ခင်မင်နေကြသကဲ့သို့ တစ်နေ့တစ်ခြား ခင်မင်ရင်းနှီးလာသည်။

ဘိုးသူတော်ကြီးက အာလူးကိုလည်း မကြာခဏပင် "အာလူး မင်းနဲ့ငါ အခုလိုဆက်သွယ်နေတာ ဘယ်သူ့ကိုမှမပြော နဲ့နော်"ဟု သတိပေးသည်။

"ဘယ်သူ့ကိုမှ မပြောပါဘူး"ဟု အာလူးက ပြန်ပြောလျှင် "မင်းမိန်းမကိုလည်း မပြောနဲ့နော်"ဟု ထပ်မှာသည်။ အာလူးကလည်း ရိုးသားစွာဖြင့် "ကျွန်တော့်မိန်းမကိုတော့ ပြောလိုက်တယ်။ ဒါပေမယ့် သူက ဒီနားမှာ ဘုန်းကြီးတွေနေတဲ့ကျောင်း အများကြီး

ရှိလို့ ဘုန်းကြီးတွေက ချက်ခိုင်းတာလို့ ထင်နေတယ်။ သူ့အတွက် စိတ်ချပါ။ သူက အိမ်ထဲမှာပဲ နေတယ်။ ဘယ်ကိုမှ မသွားဘူး။ ဘယ်သူနဲ့မှ မသိဘူး”ဟု ပြန်ပြောလေသည်။

တစ်နေ့သောညဉ့်မှု အာလူးသည် အိပ်မောကျနေရာမှ အိပ်မက်လိုလို၊ တကယ်လိုလိုနှင့် “အာလူး–ငါ့ကို လာကယ်ပါဦး။ ဟင်းချိုင့်ချထားတဲ့နေရာမှာ ဝါးတစ်လုံးစိုက်ထားတယ်။ မင်းလာပြီး အဲဒီဝါးလုံးကို နုတ်ပေးပါ”ဟူသော ဘိုးသူတော်ကြီး၏ စကားသံကို ကြားလိုက်ရ၏။ ပြတ်ပြတ်သားသား ကြားလိုက်ရသည်ဖြစ်၍ အာလူးဖျတ်ခနဲ သတိရလာလျှင် သူအလုပ်လုပ်သော ဆန်စက်မှ သံချောင်းသုံးချက်ခေါက်လိုက်သောအသံနှင့်အတူ ဆန်စက်ဒရဝမ်ကြီး၏ အော်လိုက်သည့် “တင်းဘဂျားဟို”ဟူသော အသံကြီးကိုပါ ကြားလိုက်ရ၏။

ထိုအခါ အာလူးသည် အိပ်နေရာမှ လူးလဲထလိုက်ကာ ဘိုးသူတော်ကြီး ပြောလိုက်သည့်နေရာသို့ ခြေလှမ်းသွက်သွက်လှမ်း၍ ထွက်လာခဲ့သည်။ လရောင်ကြောင့် အရာဝတ္ထုအားလုံးကို ပြက်ပြက်ထင်ထင် အာလူးမြင်ရ၏။ သူကြားလိုက်ရသည့်အတိုင်း အမှန်ပင် ဖြစ်နေသည်။ မြေပေါ်သို့ တစ်တောင့်ထွာခန့် ပေါ်ထွက်နေသည့် သူ၏ လက်ကောက်ဝတ်နီးပါးရှိ ဝါးတစ်လုံးကို မြင်လိုက်ရသည်နှင့် သူသည် ဘာကိုမျှမစဉ်းစားနေတော့ဘဲ အင်အားနှင့် ဆွဲနုတ်ယူလိုက်စဉ် “ဝေါ”. ° . ° .ဟူသော အသံကြီးသည် တောထဲ၌ ဆူညံစွာပေါ်ထွက်လေ၏။ ဤအချိန်မှာပဲ ဘိုးသူတော်ကြီးသည် သူ၏ရုပ်ကို

မပြဘဲ ကျေးဇူးတင်လိုက်တာကွာ။ အာလူးရေ. . . မင်းနဲ့ငါ နောင်ကို ဆက်သွယ်လို့ မဖြစ်တော့ဘူး။ လူတွေသိကုန်ကြပြီ”ဟု ပြောသည်။

“လူတွေ ဘာဖြစ်လို့ သိကုန်တာလဲ၊ ကျွန်တော်ဘယ်သူ့ကိုမှ မပြောဘူး”

“အေး ဟုတ်တယ်။ မင်းမပြောပေမယ့် လူတွေက သိကုန်ကြလို့ အခုငါ့နေရာကိုလာပြီး ငါဘယ်မှ မသွားနိုင်အောင် ဝါးလုံးမှာ အင်းရေးပြီး ဆရာတွေက ငါ့ကို ခြေချုပ်လိုက်ကြတယ်။ ပြီးတော့ငါ့ကိုနှိပ်စက်ပြီး ရွှေတွေငွေတွေ တောင်းကြလိမ့်မယ်။ ငါ ဒီမှာ နေလို့မဖြစ်တော့ဘူး။ ငါသွားမယ်အာလူး။ ရော့–မင်းတို့အတွက် ငွေကျပ်တစ်ရာပေးခဲ့မယ်။ ဒီငွေနဲ့ရင်းနှီးပြီး မင်းအလုပ်တစ်ခုလုပ်ပါ”

အာလူးရှေ့တွင် အဝတ်နှင့်ထုပ်ထားသည့် ငွေထုပ်တစ်ခု ပေါ်လာချိန်မှာပဲ “သွားပြီ အာလူးရေ”ဟူသော ဘိုးသူတော်ကြီး၏ နှုတ်ဆက်သံကြီးနှင့်အတူ အခြားသော အသံမျိုးစုံတို့ကိုပါ အာလူးသည် ခေါင်းငိုက်စိုက်နှင့် ငွေထုပ်ကို ပိုက်ကာပြန်လာလျှင် ထိုအနီး အနားရှိ ဘုန်းကြီးကျောင်းများမှ လေးနာရီထိုးသည့် ကုလားတက် ခေါက်သံများကို ကြားလိုက်ရ၏။

အိမ်ရောက်သည်နှင့် သူ၏မိန်းမကို ငုတ်တုတ်ထိုင်လျက် တွေ့လိုက်ရသည်။

“နင် ဘယ်သွားတာလဲ”ဟု သူ့မိန်းမက မေးသည်။ အာလူးဘာမျှပြန်မပြော။ သူ့အိပ်ရာထဲသို့ထိုးမှောက်၍ အိပ်ချ



http://www.cherrythitsar.org

လိုက်ပြီးမှ "စကီနာ ဒီမနက် ဝက်သားမဝယ်နဲ့တော့"ဟု သာ ဆိုလိုက်လေသတည်း။

(ဤအဖြစ်အပျက်ကို အာလူးသည် တောင်စွန်းဘူတာမှ အဆင်း၊ လမ်း၏ တံတောင်ဆစ်ကွေးနေရာ "လမ်းထောင့်"တွင် လက်ဖက်ရည်နှင့် နံပြားဆိုင်ကို ဖွင့်ရောင်းပြီးသည့်နောက် သုံးနှစ် လောက်ကြာသောအခါမှ ကျွန်မ၏ အဖေကို အလုံးစုံပြောပြ၍ သိရှိမှတ်သားခဲ့ရပါသည်ဟု ဝန်ခံပါသည်။)

**"တစ္ဆေ၊ သရဲ၊ ဖုတ်၊ ပြိတ္တာ၊ မြေဖုတ်ဘီလူး စသည်တို့ တကယ်ရှိပါသလား"ဟူသော အမေးနှင့် ပတ်သက်၍ မင်းကွန်း အလယ်တောရဆရာတော်နှင့် မန်လည်ဆရာတော်တို့ အမေး အဖြေ ပြုလုပ်ရာတွင် "ပြောကြချင် လောကတွင် တစ္ဆေရှိ သတဲ့။ ဆွေသိင့်လာ၊ သိပါချင်၊ ရှိပါလျှင် တစ္ဆေဆိုတဲ့ သည်ပုဂ္ဂိုလ်ကောင် သရုပ်ကို၊ ကျမ်းအပ်လို့ကြား"**

**"ပြောကြချင်၊ လောကတွင် တစ္ဆေရှိသည်ဟု နံ့သိ ကျော်ကြား၊ မျိုးထူးတွေ၊ သည်တစ္ဆေ ရှိသည်ဟုတ်ပါဘု၊ မြေဖုတ်ကို တစ္ဆေပြောကြတယ်၊ လောကလူများ"**

* * * * *

# ပြာပုံစခန်းမှ လွမ်းကျိန်စာ

ကျန်စစ်သားမင်းကြီး လက်ထက်တွင် ဗန့်ကျည်တိုက်၊ ယင်းမာပင်မြို့နယ်အတွင်းရှိ ပြောင်းပြာရွာကြီးသည် စီးပွားရေးကောင်းကြသောကြောင့် လူချမ်းသာ၊ လူရတတ်များ ပေါများသည့် အပြင်အမှုထမ်း၊ အရာထမ်းများလည်း ရှိကြသောကြောင့် ပုဂံမင်းနေပြည်နှင့်လည်း အသွားအလာ အဆက်အဆံရှိခဲ့ကြသည်။

ထိုပြောင်းရွာကြီးတွင် မိဘများမရှိကြတော့သော်လည်း အလွန်ချစ်ခင်ကြသည့် မောင်နှမနှစ်ယောက်ရှိသည်။ အစ်မအမည်မှာ မမယ်ကောင်းဖြစ်သည်။ မမယ်ကောင်းသည် အပျိုကြီးဖြစ်သည်။ သူ့မောင်ဖြစ်သူက အိမ်ထောင်ပြုသွားသောကြောင့် ပြောင်းပြာရွာကြီးနှင့် အလှမ်းဝေးလှသည့် “လက်တောင်း”ဟူသော ရွာကလေးမှာ နေသည်။

တစ်နေ့တွင် ပြောင်းပြာရွာကြီး တစ်ရွာလုံး ထိတ်လန့်



http://www.cherrythitsar.org

အံ့သြကုန်အောင် သတင်းတစ်ခု ထွက်လာသည်။ “မမယ်ကောင်း တစ်ယောက် လင်မရှိဘဲ ဗိုက်ကြီးနေတယ်”ဟူသော သတင်းဖြစ်၏။

အလွန် အနေအထိုင် သိမ်မွေ့ပိရိသော သူကြွယ်မျိုးရိုးဖြစ်သော မမယ်ကောင်း၏ မကောင်းသတင်းကြောင့် သက်ကြီးရွယ်အို မိန်းမများက “မမယ်ကောင်းရဲ့ ကာယကံရှင် ဘယ်သူများလဲအေ။ ကျော်မကောင်း ကြားမကောင်း ဖြစ်ရတယ်လို့၊ ဒါမှမဟုတ် ညည်း အစော်ကားခံရသလား” ဟု ပွင့်လင်းစွာပဲ ဆွေရင်းမျိုးရင်းပမာ လာမေးကြသည်။

“ဘယ်သူမှ ကျွန်မကို မစော်ကားပါဘူး”

“ဒါဖြင့် ဒီဗိုက်က ဘယ်လိုပူလာရတာလဲ”

“မသိဘူး ဒီလိုပဲ နေရင်း သူ့ဘာသာသူ ပူပူလာတာပဲ။ စောစောကတော့ လူပြုစားတာလား။ ဒါမှမဟုတ် ဝေဒနာတစ်ခုခု ဖြစ်သလားအထင်နဲ့ ဟိုမေး၊ ဒီမေး မေးပါသေးတယ်။ စိတ်လဲ သိပ်ညစ်သွားတယ်။ အဲသလိုနဲ့ တစ်ညတော့ အိပ်မက်မက်တယ်”

“အဲ အဲ ဟုတ်ပြီ၊ ဘယ်လိုအိပ်မက်လဲ”

“အိပ်မက်က သိပ်ထူးဆန်းတာပဲ။ မိန်းမလှလေးတစ်ယောက် သူ့မှာ လက်ဝတ်ရတနာတွေ အပြည့်ဝတ်လို့ အဝတ်အစားကလဲ ဘုရင့်သမီးတော်တွေ ဝတ်သလိုဝတ်ထားပြီး ဒီအိမ်မှာ အမေနဲ့အတူ ကျွန်မလာနေပါရစေလို့ ခွင့်တောင်းတယ်။ ကျွန်မ သိပ်ဝမ်းသာသွားတာပေါ့။ ကျွန်မ နေရတာ တစ်ယောက်တည်းမို့

အဖော်ရတာပဲ။ အဖော်ကလဲ မိန်းမလှကလေးဆိုတော့ နေခွင့်ပြု လိုက်တယ်။ ဒီတော့ သူက ဒီမှာသူနေရမယ်ဆိုရင် ဟောဒါလေး သောက်လိုက်ပါတဲ့။ ဘာရေလဲ မသိဘူး၊ ရွှေဖလားတစ်လုံးနဲ့ ထည့်လာတာကို တိုက်တယ်"

"ကျွန်မက ယူသောက်လိုက်တယ်။ နဲနဲကလေးပါ။ ဘာ အရသာမှလဲမရှိပါဘူး။ သောက်ပြီးမှ မေးလိုက်တယ်။ အဲဒါဘာ အရေလဲလို့ သူကပြောတယ် "ကျင်နက်ရေ"တဲ့ (ခါချဉ်နက်ရေ) အဲဒီတော့မှ ပါးစပ်ထဲမှာ ချဉ်သလိုဖြစ်လာတုန်း အိပ်နေရာက ဖျတ်ခနဲ လန့်နိုးလာတယ်"

"ဟယ် ထူးလှချည်လား"

"ဟုတ်တယ်၊ ထူးတာတော့ အမှန်ပဲ အိပ်ရာက နိုးနိုး ချင်း သတိပြုလိုက်မိတာကလဲ ပါးစပ်ထဲမှာ ချဉ်နေတယ်"

ထူးဆန်းသော မမယ်ကောင်း၏ အိပ်မက်နှင့် မမယ် ကောင်း၏ ကိုယ်ဝန်သတင်းကြောင့် မမယ်ကောင်း၏ မောင်ဖြစ်သူ မှာလည်း အစ်မအတွက် ရက်လှချည်ရဲ့ဟုဆိုကာ ပြောင်းပြာရွာသို့ ခြေဦးမလှည့်တော့ဘဲ မမယ်ကောင်းကို သေခန်းဖြတ်လိုက်သည်။

မမယ်ကောင်း၏ ကိုယ်ဝန်သည် လရင့်လာသောအခါမှ ထုံးစံအတိုင်း သမီးကလေးတစ်ယောက် မွေးလေသည်။ ထိုသမီး လေးကို ပြောင်းပြာရွာရှိ မိန်းမကြီးများက လာရောက်ကြည့်ရှုကြပြီး



http://www.cherrythitsar.org

သည့်အခါမှာ "ကလေးက လှလိုက်တာတော်၊ မမယ်ကောင်းလို ဝဝတုတ်တုတ် ညိုညိုမည်းမည်း မဟုတ်ဘူး၊ အသားကလေးကလဲ ဝါဂွမ်းဖြူလို နုအိညက်နေတာပဲ"ဟု သတင်းလွှင့်ကြသည်။

ကလေးအသက် တစ်လပြည့်လျှင် မမယ်ကောင်းက သူကိုးကွယ်သော ဘုန်းတော်ကြီးကျောင်းသို့ ကလေးကို ခေါ်သွားကာ နာမည်တောင်းသည်။ ဘုန်းတော်ကြီးက ကလေးဇာတာကို တွက်ချက်ကြည့်သည်။ "ကလေးက စိတ်သဘောထားကောင်းတယ်၊ နှလုံးသားလဲ ဖြူစင်တယ်။ ဒါကြောင့် ကလေးနာမည်ကို ရှင်မယ်ဖြူလို့" ခေါ်ကြဟု မိန့်တော်မူလိုက်၏။

ရှင်မယ်ဖြူ နာမည်ပေးမင်္ဂလာကို မမယ်ကောင်းက ခမ်းနားစွာ ကျင်းပသည်။ ဘုန်းတော်ကြီးများကိုပင့်ကာ ဆွမ်းကပ်လှူသည်။ ပြောင်းပြာရွာ တစ်ရွာလုံး အကုန်ဖိတ်ကာ ကျွေးမွေးညှော်ခံသည်။ လက်တောင်းရွာမှာနေသည့် မောင်ဖြစ်သူနှင့် သူ၏ မိသားစု ကိုလည်း ဖိတ်သည်။ သို့သော် မောင်ဖြစ်သူက လုံးဝမလာ။ မမယ်ကောင်းသည် သူ့မောင်ကြိုက်နှစ်သက်တတ်သည့် မုန့်များကို အထူးပြုလုပ်ထားသည်ဖြစ်ရာ မောင်က မလာသောအခါမှာ စိတ်မကောင်းသောကြောင့် ထိုမုန့်များကို ပြောင်းပြာရွာနှင့် တစ်ခေါ်လောက်ဝေးသော ချောင်းထဲသို့ ပစ်ချလိုက်သည်။

(ထိုချောင်းကို ယခုအထိ "မုန့်ပစ်ချောင်း"ဟုခေါ်ကြသည်။ မုန့်များသည် ချောင်းထဲတွင် ပုံစံမပျက် ကျောက်တုံးကျောက်ခဲများ

ဖြစ်လျက် မပျက်စီးဘဲ တည်ရှိဆဲဖြစ်၏။)

ရှင်မယ်ဖြူ အရွယ်ရောက်လာလျှင် ကိုယ်လက်အင်္ဂါ ပြေပြစ်စွာဖြင့် မြင်သူငေးလောက်သည့် အလှပဂေးတစ်ယောက် ဖြစ်လာကာ အဝေးအနီးဝန်းကျင်တွင် ရှင်မယ်ဖြူ၏ အချောအလှ သတင်းများ ပျံ့လွင့်လာသည်။ ထိုသတင်းကို မမယ်ကောင်း၏ မောင် ကြားသိရသောအခါမှာ ရှင်မယ်ဖြူကို ကြည့်လိုသောကြောင့် မမယ်ကောင်းအိမ်သို့ လာသည်။ ထို့နောက် သူ့သားနှင့် ရှင်မယ်ဖြူ ကို ထိမ်းမြားခွင့်ပြုပါဟု ခွင့်တောင်း၏။

မမယ်ကောင်းက ခေါင်းခါသည်။ ရှင်မယ်ဖြူကို မည်သူနှင့်မျှ ထိမ်းမြားပေးမည်မဟုတ်။ သူ့လိုပဲ အပျိုကြီး လုပ်ခိုင်းမည်။ ရှင်မယ်ဖြူနှင့်လည်း သူမခွဲနိုင်ပါဟုဆိုလျှင် မမယ်ကောင်းမောင် သည် သူ့အစ်မကို မကျေနပ်၍ သူ့သမီးနှင့် ကွဲအောင်ခွဲမည်ဟု ကြံစည်ကာ "ပြောင်းပြာရွာမှာ ရုပ်အဆင်းလက္ခဏာနှင့် ပြည့်စုံ သော မိန်းမလှတစ်ဦး ပေါ်သည်" ဟု ပုဂံနန်းသို့ ရောက်သည်အထိ သတင်းပို့လိုက်သည်။

ကျန်စစ်သားမင်းကြီးသည် ဤသတင်းကိုသိလျှင် လက္ခဏာ ဖတ် ပုဏ္ဏားတော်များနှင့် မှူးမတ်ကြီးများကိုစေကာ ကြည့်ခိုင်း၏။ ပုဏ္ဏားတော်များလည်း ရှင်မယ်ဖြူကို မြင်တွေ့ရလျှင် မိဖုရားဖြစ် ထိုက်သော ရုပ်အဆင်းနှင့် အပြစ်ကင်းစင်သော မိန်းမလှဖြစ်သည် ဟု ဆုံးဖြတ်ကာ မမယ်ကောင်းအိမ်ရှေ့တွင် ပန်းတုံးစိုက် ရာဇမတ်

ကာလျက် တော်ကောက်ကြောင်း ကြေညာလိုက်သည်။

မမယ်ကောင်း ငိုရတော့သည်။ သမီးကို ရှင်ဘုရင်သော မင်းသော ဘယ်သူနှင့်မျှ မပေးစားနိုင်ဟုဆိုကာ ရှင်မယ်ဖြူကို သူ့အနားသို့ ခေါ်ယူပြီးလျှင် . . .

ရှင်မယ်ဖြူ၏ လက်သန်းကလေးကို ဆတ်ခနဲကိုက်ဖြတ်လိုက်သည်။ လက်သန်းကလေး ပြတ်ထွက်သွားပြီးလျှင် သွေးများကျလာသောအခါမှာ ရှင်မယ်ဖြူသည် နာလည်းနာ သူ့အမေ ဘာကြောင့် ယခုကဲ့သို့ ရက်စက်စွာ ပြုမူသည်ကိုလည်း နားမလည်သောကြောင့် "အမေရယ် ရက်စက်လိုက်တာ၊ သမီး လက်သန်းကို ဘာဖြစ်လို့ ကိုက်ဖြတ်လိုက်ရတာလဲ"ဟု ငိုရှိုက်ရင်းမေးသည်။

"သမီးရှင်မယ်ဖြူ သမီးဘာမှ မသိဘူးနော်၊ သမီးကိုကျန်စစ်သားမင်းကြီးက မိဖုရားမြှောက်မယ်လို့ အခုတော်ကောက်သွားပြီ မဟုတ်လား။ အမေသမီးကို မခွဲနိုင်ဘူး၊မင်းသောဘာသော၊ ဘယ်သူနဲ့မှ မပေးစားချင်လို့ သမီးလက်ကလေးကို ကိုက်ဖြတ်လိုက်ရတာ။ မင်းဆိုတာ ခြေလက်အင်္ဂါ မပြည့်စုံသူကို ဘယ်လောက်ပဲလှလှ၊ မိဖုရားမမြှောက်တော့ဘူးကွယ့် သမီးရဲ့။ ပြီးတော့ မိဖုရားတွေ အများကြီးရှိနေတဲ့ ရှင်ဘုရင်နဲ့ နေရရင် သမီးကလေးစိတ်ညစ်နေရှာမှာပေါ့"

မမယ်ကောင်းသည် ရှင်မယ်ဖြူ၏ လက်ကိုဆေးထည့်ဆေးလိမ်းဖြင့် အမြန်ဆုံး အနာကျက်စေရန် ဆေးဆရာများနှင့်



http://www.cherrythitsar.org

ကုသပေး၏။ အနာပျောက်သွားသောအခါ ရှင်မယ်ဖြူ လက်သန်းကလေး လက်သည်းမရှိတော့ တုံးတိတိကလေး ဖြစ်နေလေပြီ။

ကျွန်စစ်သားမင်းကြီးသည် မမယ်ကောင်း ပြောသကဲ့သို့ မိဖုရားများလှ၏။ မိဖုရားကြီးအပယ်ရတနာနှင့် ဥဿမင်းသမီးခင်ဦး၊ ထီးလှိုင်ရှင်သူကြီးသမီး ခင်တန်၊ မထီးတူမ သမ္ဘူလ စသည်ဖြင့် နန်းရ မိဖုရားလေးပါးအပြင် ကိုယ်လုပ်တော်နှင့် မောင်းမငယ်များလည်း ရှိလိမ့်မည်ဟု ထီးနန်းနှင့် မဝေးလှသော မမယ်ကောင်း စိတ်မှာ ထင်ထားပေမည်။

သို့သော် ရှင်မယ်ဖြူကို တော်ကောက်သွားသော မှူးမတ်များသည် သတ်မှတ်ထားသောနေ့တွင် ပြောင်းပြာသို့ ရောက်လာကြသည်။ လက္ခဏာကြန်အင် ကြည့်ရှုစစ်ဆေးပြီးဖြစ်သည့်အတွက် ထပ်မံစစ်ဆေးခြင်းမပြုတော့ဘဲ အဆောင်အယောင်နှင့်တကွ ရှင်မယ်ဖြူကို ပုဂံနန်းတွင်းသို့ ခေါ်သွားကြလေတော့သည်။

နန်းတွင်းရောက်၍ ကျွန်စစ်သားမင်းကြီးသို့ ဆက်သသောအခါသို့ ရောက်မှပဲ ရှင်မယ်ဖြူတွင် လက်သန်းကလေးပြတ်နေသည်ကို မင်းကြီးကိုယ်တိုင် တွေ့မြင်ရှုစားမိကာ ရှင်မယ်ဖြူကို မိဖုရားမမြှောက်တော့ဘဲ မောင်းမငယ်အဖြစ်နှင့်သာ အနောက်ဆောင်သို့ ပို့ထားစေလိုက်သည်။

ကျွန်စစ်မင်းကြီးသည် ဤအချိန်တွင် သက်တော်ခုနစ်ဆယ်ခန့်ရှိကာ နန်းစည်းစိမ် ဆယ်နှစ်ခန့်သာ ရှိသေးသည်ဖြစ်၍

ပုထိုးစည်းခံ အများအပြားကို တည်ရှိခြင်းစသည့် အလုပ်များကို စိတ်ဝင်စားတော်မူနေချိန်ဖြစ်၏။

ထို့ကြောင့် ရှင်မယ်ဖြူသည်လည်း အချိန်ရလျှင် ရသလို ကွမ်းရေတော်သားဖြစ်နေသည့် ပြောင်းပြာရွာသား မောင်ငုံနှင့် ဆက်သွယ်ရင်းနှီးမှုရကာ အချင်းချင်းရည်ငံလာကြသည်။ ရည်ငံရာမှတစ်ဆင့် လွတ်လပ်စွာ အတူနေလိုသောဆန္ဒဖြင့် ပုဂံနန်းတွင်းမှ ထွက်ပြေးလာကြတော့၏။

ပြောင်းပြာရွာသို့ ပြေးလာကြခြင်းဖြစ်၍ အမေ မမယ်ကောင်းနှင့် တွေ့ကြသည်။ အမေက ပြောင်းပြာတွင် လုံခြုံမှုမရှိ။ ယင်းမာပင်မှတစ်ဆင့် လယ်ဝေါက်တောင်လမ်းနှင့် တောင်ကြောကိုဖြတ်ကာ ခေါက်လောက်တောင်၊ မဟူတောင်နှင့် ပြာပုံတောင်များသို့ အရောက်သွားနိုင်မှ လွတ်မြောက်နိုင်မည်။ အထူးသဖြင့် တောနက်သော ပြာပုံတောင်မှာ ပုန်းအောင်းနိုင်လျှင်ကောင်းမည်။ ပြာပုံတောင်မှာ စားသောက်ဖွယ်ရာ သစ်သီးဝလံလည်း ပေါသည်။ စိမ့်စမ်းလျှိုမြောင်တို့လည်း များသည်ဟု အကြံပေး၏။

ထို့ကြောင့် ရှင်မယ်ဖြူတို့နှစ်ယောက်သည် သူတစ်ပါးမြင်လျှင် မှတ်မိသွားမည်ကို စိုးရိမ်သောကြောင့် နွမ်းပါးသော ဆင်းရဲသားများအသွင် ရုပ်ဖျက်ကာ တောတက်၊ သစ်သီးခူးကြမည့်ဟန်ဖြင့် ပြာပုံတောင်ရှိရာသို့ ဦးတည်ထွက်ပြေးလာကြသည်။

ယမတိုင်၊ လယ်ဝေါက်၊ ဆင်ဆွယ်၊ အင်းတောစသည့်

ရွာများကို ရွာပြင်မှနေ၍ တစ်ရွာပြီးတစ်ရွာ အပင်ပန်းခံပြီး ဖြတ်လာကြသည်။

အမေ လုပ်ပေးလိုက်သည့် ကောက်ညှင်းမုန့်၊ ဆန်မုန့်များကိုစားပြီး ဖြစ်သလိုအိပ်၊ ဖြစ်သလိုစားရင်းဖြင့် ပြာပုံတောင်ခြေနားသို့ ရောက်လာသည်။

နေထိပန်းလို နွမ်းနေရှာသည့် ချစ်သူကို မောင်ငုံက အားပေးသည်။ ယောကျ်ားသားဖြစ်သူ မောင်ငုံသည်ပင် ဤစခန်း၊ ဤလမ်းကို ဖြတ်သန်းရာမှာ မောဟိုက်လာသည်။ ရှင်မယ်ဖြူအတွက်တော့ ပြောဖွယ်ရာမရှိ၊ သြော် သူ့ခမျာ ငါ့ကိုချစ်ရှာလွန်းလို့ စွန့်စားလိုက်လာရရှာပါကလားဟု များစွာသနားမိသည်။ ထိုအခိုက် ရှင်မယ်ဖြူသည် တောင်ကမ်းပါးယံကြီးကို မှိုင်ငြမ်းအိပ်နေရာမှ လူးလဲထကာ မောင်ငုံကို လှမ်းပြောသည်။

“ကိုမောင်ငုံရေ လူသံတွေကြားရသလိုပဲ၊ နန်းတွင်းက လိုက်လာကြသလား မသိဘူး၊ မယ်ဖြူတို့ ပြေးရဦးမယ်ထင်တယ်”

မောင်ငုံက တောင်အောက်သို့ လှမ်းမြော်ကြည့်ရင်း နားစွင့်နေသည်။ မဟူတောင်ဆီမှ လွင့်လာသည့် လူသံများကိုကြားရ၏။ သည်တစ်ခါတော့ ပြေး၍လွတ်နိုင်တော့မည်မဟုတ်။ သူသည်လည်းမောလွန်း၍ လှုပ်ပင်မလှုပ်ချင်တော့။ ရှင်မယ်ဖြူမှာတော့ ပြောဖွယ်ရာမရှိပြီ။ လျှိုစောင်းမှာ ပေါက်နေကြသည့် တောင်သလဲပင်

တောထဲသို့ ရှင်မယ်ဖြူကိုပါ တွဲခေါ်ပြီး နှစ်ယောက်အတူ ပုန်းနေလိုက်သည်။

မဟူတောင်မှ တက်လာကြသည့် ရဲမက်များကို ရှင်မယ်ဖြူ မြင်လိုက်သည်။ သူတို့လာရန် ဘာမျှမဝေးတော့၍ ပြေးမလွတ်တော့ဟု သိလိုက်ပြီ။

"ကိုမောင်ငုံ ဘယ်လိုလုပ်ကြမလဲ"

မောင်ငုံကိုမေးတော့ သူသည်လည်း မျက်နှာပျက်နေပြီ။ မတတ်နိုင်တော့ အဖမ်းခံကြရတော့မည်။ သူတို့နှစ်ဦး ကွဲကြရတော့မည်ဟု ရှင်မယ်ဖြူသည် မောင်ငုံကိုဖတ်ကာ ငိုတော့၏။ ရဲမက်အားလုံးခြောက်ယောက်၊ သူတို့ပုန်းနေသည့် တောင်သလဲပင်အနားသို့ ရောက်လာကြသည်။ ဟိုကြည့် ဒီကြည့် ကြည့်ကြသည်။

ထူးဆန်းသည့်အဖြစ်၊ သူတို့နှစ်ယောက်လုံးက ရဲမက်တွေကိုမြင်သည်။ ရဲမက်တွေက သူတို့နှစ်ယောက်ကို လုံးဝမတွေ့၊ရဲမက်များသည် သူတို့အနားမှာပဲ ကွမ်းတစ်ယာညက်ခန့် ကြာအောင်ထိုင်သွားကြပြီးမှ လက်လျှော့ကာ တောင်အောက်သို့ ပြန်ဆင်းသွားကြသည်ကို မြင်လိုက်ရသောအခါမှာ ဝမ်းသာဖွယ်ကောင်းလှသည့်အဖြစ်ဟု ပုန်းအောင်းနေကြသည်မှ ထွက်လာရင်း မောင်ငုံက ပြောသည်။

"မယ်ဖြူရေ တို့ကို နတ်မတာပဲ၊ သူတို့ပြန်သွားကြပြီ။

ဒီအန္တရာယ်ကတော့ လွတ်ကြပြီပေါ့ ဒီတော့ ကိုမောင်ငုံတို့ ဘယ်ကို ခရီးဆက်ကြမလဲ”

“မယ်ဖြူတော့ ဒီလှို့ထဲမှာပဲနေချင်တယ်၊ ဒီနေရာက တောအုပ်ကောင်းတဲ့အပြင် စားသောက်စရာ သစ်သီးဝလံတွေက ရာသီအလိုက်သိပ်ပေါတာမို့ ဒီမှာပဲနေလို့ ဖြစ်ပါလိမ့်မယ်”

ပြာပုံတောင်မှာရှိသည့် မြေသားများက ပြာလိုနူးညံ့အိစက်နေသည်။ မြေသားအရောင်ကလည်း ထူးထူးခြားခြား ပြာလိုမွဲခြောက်ခြောက်၊ ပြာနှမ်းနှမ်း အရောင်ဖြစ်နေသောကြောင့် မောင်ငုံက သူ့စိတ်ထဲမှာ ထူးဆန်းနေသည်။ ထို့ပြင် ပြာပုံတောင်တစ်တောင်တည်းကသာ ဒီနားတစ်ဝိုက်တွင် မြေသားအရောင် ပြောင်းလဲထူးခြားနေသည်ကို သတိပြုမိသောကြောင့် . ̊ . ̊ .

“မယ်ဖြူရေ ဒီတောင်နာမည်ကို ဘယ်လိုခေါ်သလဲ” ဟု မေးလိုက်သည်။ ရှင်မယ်ဖြူက ဖြတ်ခနဲ မျက်နှာပျက်သွားရာမှ–

“အို ဘာဖြစ်လို့ မေးရတာလဲ၊ မမေးနဲ့ ကိုမောင်ငုံ”ဟု လေသံပြတ်ပြတ်နှင့် ပြောကာ မောင်ငုံကို ကျောခိုင်းလိုက်သည်။ မောင်ငုံကလည်း တောင်နာမည်ကို မေးတာနဲ့ မယ်ဖြူက မျက်နှာဘာဖြစ်လို့ ပျက်သွားရပါလိမ့်ဟု တွေးကာ “တောင်နာမည်သိချင်လို့မေးတာ၊ မယ်ဖြူက ဘာဖြစ်သွားတာလဲကွယ်”ဟု ထပ်ပြောလိုက်သည်။



http://www.cherrythitsar.org

"ဒီလောက် သိချင်နေရင်ပြောပြမယ် ကိုမောင်ငုံ ဟောဒီ လက်ဝဲဘက်က တောင်က "အိုဘဲ့ တောင်အို၊ လင်မလို"တဲ့၊ ဟို ဘက် လက်ယာအစွန်က တောင်နာမည်ကိုတော့ အိုဘဲ့ တောင်မ လင်မရ"လို့ခေါ်တယ် ဟု ရှင်မယ်ဖြူ ရှင်းပြနေစဉ်မှာပဲ၊ မောင်ငုံ သည် အကောင်းသားပကတိမှ မြေပြင်ပေါ်သို့ စန့်စန့်ကြီး လဲကျ ကာ သေဆုံးသွားသည်ကို ရှင်မယ်ဖြူ မြင်လိုက်ရသည်။ ကြောက် လန့်အားငယ်မိသည်မှာ ပြောဖွယ်ရာမရှိ၊ ဒီတောဒီတောင်ကြီးထဲမှာ အဖော်မပါ၊ တစ်ကိုယ်တည်း ဘဝဖြင့် ဘယ်လိုနေရပါမည်နည်း။ ကိုမောင်ငုံအလောင်းကို ဘယ်လိုလုပ်ရပါမည်နည်းဟု တွေးကာ အားရပါးရ ငိုမိသည်။ အမေ့ကိုလည်း သတိရသည်။ အမေသာ အနားမှာရှိလျှင် အကြံဉာဏ် ပေးနိုင်လိမ့်မည်။ ခုတော့ ဘယ်လို လုပ်ရမည်နည်း။

"ကိုမောင်ငုံရေ မယ်ဖြူဘယ်လိုလုပ်ရပါ့မလဲ မယ်ဖြူကိုပါ လာခေါ်သွားပါ ကိုမောင်ငုံရယ်"

ပြောရင်း ရှင်မယ်ဖြူသည် မိန်းမောလဲကျ သတိမရ ဖြစ်သွားရှာလေတော့သည်။

* * * * *

သမီးရှင်မယ်ဖြူတို့ ထွက်ပြေးသွားကြသည်မှာ ဆယ်ရက် ကျော်ပြီ။ အန္တရာယ်အပေါင်းမှ လွတ်မြောက်ပါစေဟု မမယ်ကောင်း



http://www.cherrythitsar.org

မှာ နေ့စဉ်ဆုတောင်းနေရသည်။သမီးလေး ပြောင်းပြာရွာမှ မောင်ငုံနှင့်အတူ ပြာပုံတောင်သို့ ထွက်ပြေးသည့်နေ့တွင် ရဲမက်များရောက်လာသည်။ မမယ်ကောင်းကို စစ်ဆေးကြသည်။ ပြောင်းပြာရွာသားတစ်ချို့က မောင်ငုံနှင့်ရှင်မယ်ဖြူတို့ ပြာပုံတောင်သို့ တက်သွားကြသည်ကို မြင်သည်ဟု သတင်းပေးသူကပေးသည်။

ဤသို့ဖြင့် မမယ်ကောင်းသည် သမီးအတွက် ရင်မအေးစွာဖြင့် ခံစားနေစဉ် ညက အိပ်မက်မြင်သည်။ အိပ်မက်ထဲတွင် ရှင်မယ်ဖြူသည် ဆံပင်ကိုဖားလျားချထားသည်။ ခေါင်းမှာ ရှာပန်းထည်အနီကို စည်းနှောင်ထားသည်။ မမယ်ကောင်းက "သမီးဘယ်လိုဖြစ်လာတာလဲ"မေးတော့ ငိုသည်။ "အမေ ကိုမောင်ငုံရော သမီးပါသေပြီ" ဟု ပြောသည်။ "ဘာဖြစ်လို့သေတာလဲ ရဲမက်တွေဖမ်းလို့ အသတ်ခံရတာလား"ဟု မမယ်ကောင်းက မေးသည်။ "မဟုတ်ဘူး သမီးပြောပြမယ်၊ သမီတို့နှစ်ယောက်စလုံးကို သမီးရဲ့ ဘဝဟောင်းကအစ်မဖြစ်ခဲ့ဖူးတဲ့ ပြာပုံတောင်ရှင်မက သတ်လိုက်တာ" ဟု ဘဝဟောင်းက အကြောင်းကို ရှင်းပြသည်။

* * * * *

ပြာပုံတောင်မှာ တောင်အိုနှင့် တောင်မဟူ၍ တောင်နှစ်လုံးရှိသည်။ တောင်အိုမှာ အစ်မနတ်သမီး၊ တောင်မမှာ ညီမနတ်သမီးတို့က တောင်စောင့်နတ်သမီးများအဖြစ် စောင့်ရှောက်ကြသည်။



http://www.cherrythitsar.org

တောင်စောင့်နတ်ဘဝဖြင့် အနေကြာသောအခါမှာ ညီမဖြစ်သူက လူ့ဘဝကို ခဏသွားချင်ကြောင်း အစ်မကိုပူဆာသည်။ ထိုအခါ အစ်မဖြစ်သူက လူ့ဘဝမှာ ပျော်သမျှ နေခွင့်ကိုတော့ ပြုသည်။ သို့သော် ချစ်သူလုံးဝမရှိစေရ။ အိမ်ထောင်လုံးဝ မပြုရဟု တားမြစ်လျှင် ညီမက ကတိပေးသည်။ ထို့ကြောင့် အစ်မဖြစ်သူသည် မမယ်ကောင်း၏ဝမ်းမှာ သန့်ရှင်းစွာ သန္ဓေတည်စေရန် အတွက် စိတ်တိုင်းကျ စီစဉ်ပေးလိုက်သည်။

ရှင်မယ်ဖြူအဖြစ်နှင့် ပြာပုံတောင်သို့ ရောက်လာသောအခါမှာ ရဲမက်တို့ ရှာမတွေ့နိုင်အောင် အစ်မဖြစ်သူ တောင်စောင့်နတ်သမီးက သူ့ညီမကို ဝှက်ပေးသည်။ ရဲမက်တို့ တောင်ပေါ်မှ ဆင်းသွားသောအခါမှ ရှင်မယ်ဖြူသည် သူ့စကားကို နားမထောင်ရုံမျှမက သူယူထားသော လင်ဖြစ်သူကိုပါ မလေးမစား သူ့ရှိရာ “အိုဘဲ့တောင်အို လင်မလို”ဟု အမည်ပေးထားသည့် တောင်ပေါ်ကိုမှ ခေါ်ယူလာခဲ့ရပါမည်လား ဟူသော ဒေါသစိတ်ဖြင့် လည်ကို ညှစ်ကာ သတ်လိုက်သည်။ ရှင်မယ်ဖြူကိုလည်း “အိုဘဲ့ တောင်မလင်မရ” တောင်ကိုပြန်လာ၍ စောင့်စေဟု ဇီဝိန်ကို နတ်ယူကာ ပြာပုံတောင်ရှင်မနတ်အမည်ဖြင့် တောင်တစ်ခုလုံးကို စောင့်ရှောက်ခိုင်းလိုက်သည်။ သူကိုယ်တိုင်မူကား ကျွတ်လွတ်သွားလေပြီတည်း။

မမယ်ကောင်းသည် အိပ်မက်ထဲတွင် မြင်ရသည့်သမီး ရှင်မယ်ဖြူပြောစကားများကို အားလုံးကြားပြီးသည်နှင့် အိပ်ရာထဲမှ



http://www.cherrythitsar.org

ဖျတ်ခနဲ နိုးလာသည်။ ဘာကိုမျှမတတ်နိုင်တော့ အားလုံး ဆုံးရှုံးကုန်ပြီဟု စိတ်ကိုထိန်းကာ မောင်ငုံနှင့် သမီးကိုရည်စူးပြီး ဆွမ်းကပ်လှူသည်။ အမျှဝေသည်။ သမီးရှင်ဖြူ ပြာပုံရှင်မနတ်ဘဝမှ အမြန်ဆုံး ကျွတ်လွတ်ကာ ဟိုတစ်ခါလိုပဲ လူ့ဘဝသို့ ပြန်ရောက်လာပါစေဟု ဆုတောင်းသည်။

သို့သော် ရှင်မယ်ဖြူအနေနှင့်ကားပြောင်းပြာရွာကို စိတ်နာသည်။ ပြောင်းပြာရွာသားများက လမ်းညွှန်လိုက်၍ ပြာပုံတောင်သို့ ရဲမက်များရောက်လာကြသည်ဟု "ပြောင်းပြာရွာသည် မည်မျှပင်ပန်းကြီးစွာ စိုက်ပျိုးရှာဖွေကြပါသော်လည်း၊ ဆင်းရဲမွဲတေသောဘဝမှ မလွတ်မြောက်ကြပါစေနှင့်၊ ပြောင်းပြာရွာမှာ ပေါ်ထွက်သမျှသော မိန်းမလှ မှန်သမျှသည်လည်း အရွယ်ရောက်သည်နှင့် ကိုယ်လက် ပျက်စီးကြပါစေသတည်း"ဟု ကျိန်စာတိုက်သည်။ (ဤကျိန်စာသည် နှစ်ပေါင်း နှစ်ရာခန့်အထိ စူးရှထိရောက်ခဲ့၏။)

သက္ကရာဇ် ၅၃၆ခုနှစ်၊ ပုဂံနရပတိစည်သူမင်း လက်ထက်တွင် မင်းနှင့်တကွ ပြည်သူအများပါ ကိုးကွယ်ကြသည့် "ကဿပ" ဘွဲ့တော်ရှိ ရဟန်းတော်တစ်ပါး ပေါ်ထွန်းလာသည်။ ပေါင်လောင် လူမျိုးများကလည်း အလွန်ရိုသေ ဆည်းကပ်ကြသောကြောင့် ဤအရှင်ကို "ပေါင်လောင်ရှင် ကဿပ"ဟုလည်း ဘွဲ့တော်တွင်သည်။ ပေါင်လောင်ရှင် ကဿပ အရှင်မြတ်သည် တောရဆောက်တည်ရင်းဖြင့် ပုံတောင်ပုံညာနှင့် မဟူတောင်ကြားတွင် ပျံလွန်တော်မူသည်။

ထိုအချိန်မှစ၍ "ကဿပ အလောင်းတော်" မြှုပ်နှံထားသည့် တောင်ဖြစ်သည်ဟု "အလောင်းတော်ကဿပ"တောင်ဟူ ၍ နာမည်သတင်းကြီးလာသည်။ အလောင်းတော်ကဿပတောင် တွင် ပြာပုံတောင်သည် စခန်းတစ်ခု ဖြစ်လာသောအခါ ပြာပုံတောင်စောင့် ရှင်မနတ်ကွန်းကို တည်ဆောက် ကိုးကွယ်လာကြသည်။ တောလမ်းခရီး သွားလာလုပ်ကိုင် ရှာဖွေစားသောက်သူများကို စောင့်ရှောက်ပါဟု နတ်ကွန်းရှေ့သို့ရောက်လျှင် စားဦးစားဖျား ပန်းဆီမီးတို့ဖြင့် တင်မြှောက်ပူဇော်ကြ၏။

ပြာပုံရှင်မနတ် ရှင်မယ်ဖြူသည် တစ်ခါတစ်ရံ သူ့ပုံရိပ်ကို မထင်မရှား ပြသည်။ တစ်ခါတစ်ရံ ကြွေကွဲဝမ်းနည်းနေသည့် အသံဖြင့် "ကိုမောင်ငုံရေ စံနန်းမှာ ပြေမရှွင်နိုင်"ဟု သူ့ချစ်သူမောင်ငုံကို လွမ်းဆွတ်တမ်းတစွာ ငိုသလို ပြောနေသံများကိုလည်း ကြားရတတ်သည်ဟု ဒေသခံများက ပြောကြသည်။

ချစ်သူနှင့် ကွဲကွာနေရသော ပြာပုံရှင်မနတ်သည် သူ့နတ်ကွန်းရှေ့သို့ ချစ်သူ၊ သို့မဟုတ် ဇနီးမောင်နှံစုံတွဲများ ဖြတ်သန်းသွားမိလျှင် မကြိုက်သောကြောင့် ချက်ချင်း မူးမေ့သတိလစ်သွားအောင် ပြုလုပ်တတ်သည်ဟု သူ့နတ်ကွန်းရှေ့သို့ ယခုတိုင် ယောကျာ်းနှင့် မိန်းမ အတူယှဉ်တွဲသွားလာခြင်းများကို မလုပ်ကြပါဟု ဒေသခံများက ပြောပြသည်။

ထို့အပြင် လက်ဝတ်ရတနာ ရွှေငွေများဝတ်ဆင်၍ သူ့



http://www.cherrythitsar.org

နတ်ကွန်းရှေ့မှာ မည်သူမျှ ဖြတ်သန်းခြင်းမပြုဝံ့ကြပါ။ ပြာပုံတောင်ရှင်မက မကြိုက်ဟုဆိုကာ ဝတ်လာသော ရွှေငွေများကို ချွတ်၍ နတ်ကွန်းရှေ့မှ လွန်သွားမှသာ ပြန်လည်ဝတ်ဆင်ကြသည်။ ပြာပုံရှင်မနတ်၏ သက်တမ်းသည် ကျန်စစ်သားမင်းကြီး နတ်ရွာစံသည့် သက္ကရာဇ် ၄၅၀ ခုနှစ်မှစ၍ တွက်လျှင် သက်တမ်း ၉၁၀ နှစ်ရှိလေပြီ၊ သို့သော် ဤတောင်ပေါ်သို့ ခြေလျင်ခရီး တက်လေ့ရှိကြသည့် ဒေသခံများသည် ယခုတိုင် ပြာပုံတောင် ရှင်မနတ်ကွန်းရှေ့သို့ရောက်လျှင် အစဉ်အလာအတိုင်း ဆက်လက်ရှိသေကြသည်။ မည်သူမျှ မလေးမစား မလုပ်ဝံ့ကြ။

သို့သော် သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ရှင်ဝါယမာဘိဝံသ (အမရပူရ)၏ ၁၉၅၄ခုနှစ်မှာ ရေးခဲ့သည့် "အလောင်းတော်ကဿပ မှတ်တမ်း"တွင် ဖော်ပြထားသည့် ဆရာတော်၏ ကိုယ်တွေ့များကို အလျဉ်းသင့်၍ ဤတွင်ဖော်ပြလိုက်ပါသည်။

(ဆရာတော် ၁၃၁၆ခု တပို့တွဲလဆန်း ၁ရက်၊ တနင်္လာနေ့တွင်၊ အလောင်းတော် ကဿပတောင်သို့ တက်သောအခါ ခြေလျင်ခရီးဖြစ်၍ ညနေသုံးနာရီလောက်တွင် ပြာပုံတောင်ရှင်မနတ်ကွန်းရှေ့သို့ ရောက်သည်။ ထိုအခါ အသက်သုံးဆယ့်ငါးနှစ်အရွယ်ခန့် ဒါယိကာမတစ်ဦး တောထဲမှထွက်လာပြီး ကိုယ်တော်ဘယ်ကြွမှာလဲဟု လျှောက်သည်။

ဆရာတော်က တောနက်ထဲဖြစ်နေ၍ ထိုမိန်းမကို အကဲခတ်သည်။ မျက်တောင်လည်း လုံးဝမခတ်။ လက်ဖဝါး ခြေဖဝါး တို့လည်း နီသည်။ ကေန္တ ကြားဖူးထားသည့် ပြာပုံတောင်ရှင်မ ဆိုတာများ ဖြစ်နေမလားဟု တွေးသည်။ သို့သော် ထိုဒါယိကာမ မေးသည်ကိုတော့ "အလောင်းတော်ကဿပတောင်ကို ကြွမလို့" ဟု ဖြေလိုက်သည်။ အဲသလိုဆိုရင်၊ တပည့်တော်မ လိုက်ပို့ပါ့မယ်ဟု ပြောကာလိုက်ပို့သည်။ နတ်စင်နေရာနှင့် ကိုက် ၁၅ဝ ခန့်ဝေးမည့် နေရာမှစ၍ ဆရာတော်ကို သူလိုက်ပို့သည်မှာ ဘုရားဝစခန်းအထိ ဖြစ်သည်။ လမ်းမှာ နှစ်နာရီနီးပါးခန့် ဆရာတော်က ရှေ့၊ သူကနောက်မှ လိုက်ကာ လျှောက်ခဲ့ကြစဉ် ဆရာတော်က နာမည်မေးသည်။ သူက သူ့နာမည်ရှင်မယ်ဖြူပါ ဘုရားဆိုတော့ ဒါဖြင့် ပြာပုံတောင်က ဒါယိကာမကြီးနတ်စင်ပေါ့ဟု မေးလျှင် ဟုတ်ပါတယ်ဘုရားဟု ဖြေသည်။

ဆရာတော်က "ပြာပုံတောင်ရှင်မနတ်မယ်ဖြူ အကြောင်းကို ကပိုင်မှာ တည်းခိုခဲ့တုန်းက ပြည့်ပြည့်စုံစုံကြားခဲ့ရတယ်။ ဒီနယ်က လူတွေ လက်ဝတ်ရတနာဝတ်ပြီး တောင်တက်လာရင် လေကြီးမိုးကြီးကျတယ်၊ မူးမေ့ အော့အန်ကြတယ်။ အဲဒါတွေဟာ ဒါယိကာမက လုပ်တာဆို"ဟု မေးသည်။

"လွန်ခဲ့တုန်းက လုပ်တာပါဘုရား။ အခု တပည့်တော်မ မလုပ်တော့ပါဘူး ခွင့်လွှတ်လိုက်တာ နှစ်ငါးဆယ်ကျော်သွားပါပြီ"

"သာဓု သာဓု သာဓု ဒါယိကာမကြီး ပြီးတော့ ပြောင်းပြာ ရွာမှာ သုံးနှစ်တစ်ကြိမ် မိန်းမလှပေါ်တယ် ပေါ်တဲ့မိန်းမလှအားလုံး အရွယ်ရောက်လာရင် ကိုယ်လက် ပျက်စီးတယ်။ ပြောင်းပြာမှာ တစ်နှစ်သုံးသီး စားရပေမယ့် လူတွေ မွဲတေကြတယ်လို့ ကြားရ တာ၊ ဒါယိကာမကြီး ကျိန်စာကြောင့်ဆိုတာ ဟုတ်သလား"

"တပည့်တော်မ သေရတာ ပြောင်းပြာရွာက လူတွေ သတင်းပေးလို့ဆိုပြီး စိတ်ဆိုးရတာရယ်။မိန်းမလှပေါ်လာရင် တော် ကောက်တတ်တဲ့ မင်းတွေကို မကျေနပ်တာရယ်စုပေါင်းပြီး အမှန် ပဲ ကျိန်စာတိုက်ခဲ့ပါတယ်ဘုရား . ° . ° .အခုတော့ ကျိန်စာအားလုံး ပြေသွားပါပြီ ဘုရား"

"ကြားရတာ ဝမ်းသာတယ်၊ ဒါယိကာမကြီး စိတ်နှလုံး နူးညံ့တယ်ဆိုတာ ကုသိုလ်စိတ်ပါ သာဓုခေါ်ပါတယ်။ ဒါထက် မေးချင်သေးတယ်။ ဒါယိကာမကြီး ပုတီးစိပ်ဖူးသလား"

"မစိပ်ဖူးပါဘူး"

"စိပ်ကြည့်စမ်းပါ၊ အခု နေရတာထက် အဆင့်မြင့်လာ၊ တန်ခိုးကြီးလာမယ်။တစ်နေ့ကို "သုဂတောငါးချက်ဂါထာကို တစ်ပုဒ် ဆုံးရင် တစ်လုံးချပြီး သုံးပတ်မှန်မှန် ဝတ်မပျက်စိပ်ကြည့်ပါ"

"သုဂတော ငါးချက်ဆိုတာ ရှင်းပြပါ ဘုရား၊ အမေနဲ့ နေတုန်းက ဘုရားရှိခိုးတာရော ပုတီးစိပ်တာပါ အထုံရှိပါတယ်

ဘုရား”

“ကဲ ပြောပြမယ် မှတ်ထား သုဂတော ငါးချက်ဂါထာ ဆိုတာ

သုဂတော သုဂတ ဌာနံ

သုဂတော သုန္ဒရံ ပိစ

သုဂတော နိဗ္ဗာန်နံ ယန္တိ

သုဂတော တေ နမော နမာ။

အဲဒီ လေးပုဒ်ကိုရွတ်ပြီးမှ ပုတီးတစ်လုံးကိုချ။ ဒီပုတီး စိပ်ပြီးမှ ဘယ်လိုတိုးတက်မှုရှိလာတယ်ဆိုတာကို ဦးပဥ္စင်း ‌တောင်ပေါ်က ဆင်းလာတော့ လျှောက်ပါ။ တောင်ပေါ်မှာ ဦးပဥ္စင်း လေးဆယ့် ငါးရက်နေမယ်”

“ကောင်းပါပြီ ဘုရား။ အရှင်ဘုရားမှာတဲ့အတိုင်း စိပ်ပါ့ မယ်”

ဆရာတော်သည် အလောင်းတော် ကဿပ ဂူတွင်း၌ အဓိဋ္ဌာန်မပျက် သီးတင်းသုံးလျက်ရှိစဉ် ပြာပုံတောင် ရှင်မနတ် မယ်ဖြူသည် တပို့တွဲလဆန်း ၁၁ရက်နေ့မှာ ဂူတွင်းသို့ ရောက်လာ ကန်တော့သည်။“တပည့်တော်မ အရှင်ဘုရားမှာခဲ့တဲ့အတိုင်း ပုတီး သုံးပတ် နေ့စဉ်စိပ်ပါတယ်ဘုရား။ အဲသလိုစိပ်နေရင်း လူ့ဘဝတုန်းက ဆိုခဲ့တတ်ခဲ့တဲ့ ဘုရားရှိခိုးတွေနဲ့ စာတွေကိုပါ ပြန်သတိရ မှတ်မိလာ ပြီ တပည့်တော်မမှာ အခုမှ ရတနာသုံးပါးကိုပါ မြဲနေတော့



http://www.cherrythitsar.org

အရှင်ဘုရား ပြောခဲ့သလို ခုနစ်ရက်အတွင်းမှာ ဘဝပြောင်းလဲတိုး တက်လာလို့ အရင်ကလို အနေအစားဆင်းရဲတဲ့ ဘဝမှာ မနေရတော့ဘဲ ဘုမ္မစိုးနတ်ဆင့်ကို ရောက်လာပါပြီဘုရား။ အဲဒီအကြောင်းကို လျှောက်ချင်လို့ တပည့်တော်မရောက်လာရတာပါဘုရား”ဟုလည်း လျှောက်တင်သွားသည်ဟု ဆရာတော်၏ မှတ်တမ်းမှာ တွေ့ရပါသည်။

စာရေးသူ ၁၉၈၈ခုနှစ် တပေါင်းလပြည့်နေ့တွင် ထိုနေရာ ပြာပုံတောင် ရှင်မနတ်ကွန်းရှိရာစခန်းသို့ ရောက်ခဲ့ပါသည်။ ကလေးဘဝကတည်းက ရှင်မယ်ဖြူ အကြောင်းကို ဒဂုန်မဂ္ဂဇင်းတွင် သလ္လာဝတီတင့်အုံ (ဒဂုန် ဦးစန်းငွေ) ရေး၍ ဖတ်ခဲ့ဖူးသောကြောင့် မောင်ငုံနှင့် မယ်ဖြူသည် စာရေးသူ၏ ရင်ထဲမှာ စွဲငြိနေပါသည်။

ထို့ကြောင့် ကံအားလျော်စွာဖြင့် အလောင်းတော်ကဿပ တောင်ထိပ်သို့ ခြေလျင်ခရီးဖြင့် သွားလိုက်ရသောအခါမှာ ပြာပုံတောင်စခန်းသို့ ရောက်သည်နှင့် အတိတ်သည် အရိပ်ပမာမြင်ယောင်လာသည်။ နတ်ကွန်းကိုတော့ မတွေ့ခဲ့ရပါ။ အတွင်းဘက်မှာ ရှိသည်ဟု ပြောကြသည်။

ဆရာတော်၏ မှတ်တမ်းမှာ ရေးထားသကဲ့သို့ မယ်ဖြူသည် ရှင်မဘဝနှင့် မဟုတ်ဘဲ ဘုမ္မစိုးနတ် ဖြစ်သွားပြီဟုပဲဆိုဆို စာရေးသူကတော့ ဤပြာပုံတောင်စခန်းမှာ ကျကျနန၊ ရှည်လျားစွာဖြင့် အမျှပေးဝေခဲ့လေသည်။ ပြာပုံရှင်မနတ်ကို အမှူးထားပြီး ရှိရှိသမျှ မြင်ရသော မမြင်ရသော အားလုံးကို သာခုခေါ်ကြပါဟု

ဟစ်ကြွေးလိုက်သည်။

သို့သော် ဟောင်းလွန်းပြီဖြစ်သော ပြာပုံတောင်ရှင်မ ရှင်မယ်ဖြူ၏ အကြောင်းကိုကား ယခုတိုင် ယင်းမာနယ်တစ်ဝိုက်မှာ ပြောနေကြတုန်း၊ ယုံကြည်လက်ခံနေကြတုန်း ရှိပါသေးသည်။

* * * * *

# နှစ်ဘဝစံ

တဏှာသည် ဘဝကိုဖြစ်စေသည်ဟု ဗုဒ္ဓ၏တရားတော်များ တွင် မှတ်သားရလေသည်။ ဝတ္ထုပစ္စည်းကိုဖြစ်စေ၊ လူပုဂ္ဂိုလ်ကိုဖြစ်စေ တွယ်တာမိနေသောစိတ်ဖြင့် ဝိညာဉ်ချုပ်သွားလျှင် ထိုသို့တွယ်တာ နေမိသည့် တဏှာကြောင့် ဘဝအသစ်ကို ဖြစ်စေသည်ဟု ဆိုပါ သည်။

ဘုရားရှင်လက်ထက်တော်အခါက သင်္ကန်းကိုစွဲလန်းတွယ် တာမိသော အာရုံစွဲဖြင့် ပျံလွန်တော်မူသော ရဟန်းတစ်ပါးသည် ထိုသင်္ကန်းမှာပင် "သန်းမကြီး" အဖြစ်သို့ ဘဝအသစ်တစ်ဖန် ဖြစ်ရပြန် လေသည်ဟု ဓမ္မပဒဝတ္ထုတော်ကြီးတွင် ဖတ်ရလေသည်။

လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အပေါ်၌ စွဲလန်းမိသော တဏှာကြောင့် ဘဝအသစ်သို့ တစ်ဖန်ဖြစ်ရပြန်ကာ ဘဝဟောင်းဆီ ကိုလည်း အဖန်ဖန်အထပ်ထပ် မပြတ်သတိရလျက် တမ်းတမ်း တတ ဖြစ်နေရတတ်သူများကိုလည်း မကြာခဏ တွေ့ရတတ်၏။ ထိုသို့သောပုဂ္ဂိုလ်မျိုးများကိုကား "လူဝင်စား" များဖြစ်သည်ဟုဆိုစမှတ်

ပြုကြသည်။ သို့သော် လူဝင်စားဆိုသူတိုင်းလည်း မိမိတို့၏ လာရာ ဘဝဟောင်းဆီကို ပြန်ပြောင်း၍ အမှတ်ရတတ်ကြသည်။ မဟုတ်ပါ။ ဘဝဟောင်းဆီမှ ဝိညာဉ်ချုပ်သည်နှင့် ဘဝသစ်သို့ အမြန်ကူးပြောင်း ရောက်ရှိသွားသူများသာလျှင် မိမိတို့ဘဝဟောင်းတွင် ခင်မင်တွယ်တာခဲ့သူများအား သတိရှိရှိနှင့် ပြန်ပြောင်းပြောဆိုနိုင်ကြသည်ကို လေ့လာမိရလေသည်။

ကျွန်မ တွေ့ကြုံရင်းနှီးခဲ့ဖူးသည့် ယောဂီဒေါ်စိန်ရင်ဆိုသူ အမျိုးသမီးကြီးတစ်ဦး၏ အကြောင်းကို သာဓကထား၍ တင်ပြလိုပါသည်။ ယောဂီဒေါ်စိန်ရင်သည် ဝေါမြို့နယ် အဗျားကျေးရွာရှိ ကသစ်ပိုင်တရားရိပ်သာတွင် ဝိပဿနာတရားကို နေ့နေ့ညညမပြတ်တမ်း အားထုတ်နေသည့် သက်တမ်းရှည် ယောဂီအမျိုးသမီးကြီး ဖြစ်လေသည်။ ကျွန်မနှင့်သူ တွေ့ကြသည့်အချိန်တွင် သူ့အသက် (၆၄)နှစ် ရှိနေပါပြီ။

* * * * *

ဝေါမြို့နယ်အတွင်းတွင် "ရှမ်းစုရွာ"ဟူသော ကျေးရွာဟောင်းကြီးတစ်ရွာ ရှိ၏။ ရှမ်းအမျိုးသားများ နေထိုင်ခဲ့သည့် ရွာကြီးဖြစ်သောကြောင့် ရှမ်းစုရွာဟုခေါ်ကြောင်းကို ဘိုးဘွားအစဉ်အဆက်က ပြောခဲ့ကြသည်။ ဝေါမြို့နယ်၏ ဆင်ခြေဖုံးနေရာတွင်လည်း "ရှမ်းစု"ဟူသော ရွာကြီးတစ်ရွာရှိသေး၏။ ရှမ်းစုအမည်နှင့် ရွာနှစ်ရွာဖြစ်နေသောကြောင့်ဝေါမြို့နယ်ထဲရှိသောရှမ်းစုကို"ဝေါရှမ်းစု" ဟုသီးခြားခေါ်တွင်လာကြ၏။ အထက်မှာဆိုခဲ့သည့် ဒေါ်စိန်ရင်သည် ဝေါရှမ်းစုရွာကြီး၏ ဇာတိဖြစ်လေသည်။

ဝေါ်ရမ်းစုနှင့် မနီးမဝေးတွင် “လက်ပံကုန်း”ရွာရှိသည်။ ထိုလက်ပံကုန်းရွာ၌ ကြေးရတတ်များဖြစ်ကြသည့် ကိုဖိုးအောင်နှင့် မစိန်ဆိုသော ဇနီးမောင်နှံရှိသည်။ သူတို့တွင် မောင်ကြီး၊ မောင်ငယ် အမည်ရှိသည့် သားနှစ်ယောက်ရှိသည်။ မောင်ကြီး၏ အသက် ခြောက်နှစ်၊ မောင်ငယ်မှာ . ° . ° . အသက်သုံးနှစ်တွင် မစိန်သည် အပြင်းဖျားသော ရောဂါဖြင့် သုံးရက်အတွင်း၌ ကွယ်လွန်သွားလေ၏။ မစိန်တွင် ကိုယ်ဝန်ခြောက်လရှိနေပြီဖြစ်၍ ရပ်ရွာ၏ ဓလေ့ထုံးစံများအရ ကိုယ်ဝန်ထဲမှ ကလေးငယ်ကို အပြင်သို့ ထုတ်ယူကာ မိခင်ဖြစ်သူနှင့် တစ်နေရာစီခွဲ၍ သင်္ဂြိုဟ်ကြရသည်။ (အဘယ်ကြောင့်ဆိုသော် အောက်လမ်းဆရာများ သိလျှင် ပီယဆေးအတွက် သေသူ၏အလောင်းကို မြေတွင်းထဲမှ တူးဖော်၍ ယူထုတ်ကာ သူတို့၏ပညာနှင့် သေသူ၏ဝိညာဉ်ကို ချုပ်ကိုင်စီရင်စေခိုင်းထားတတ်ကြသည်ဟု ရှေးလူကြီးများ ယုံကြည်လက်ခံခဲ့ကြ၏။)

မစိန်သည် ဝိညာဉ်ချုပ်ကာနီးဆဲဆဲတွင် ခင်ပွန်းဖြစ်သူအား မောင်ငယ်ကို ဂရုစိုက်ပါ။ မောင်ငယ်ကို စိတ်မချဘူးဟု အထပ်ထပ်မှာရှာသည်။ သားငယ် မောင်ငယ်မှာ မွေးကတည်းကပင် ပန်းနာရင်ကျပ်ရောဂါ ပါလာသည်။ ဆေးအမျိုးမျိုးနှင့် ကုသနေပါသော်လည်း ထိုပန်းနာရောဂါက မကြာခဏထသည်။ ထို့ကြောင့် သားငယ်အား စိတ်မချစွာဖြင့် မှာကြားရင်း မစိန်ကွယ်လွန်သွားတော့သည်။

* * * * *

ပဲခူးကျောက်တန်းမှ စီးဆင်းလာသည့် ချောင်းရေအလျဉ်သည် မော်ဝန်းချောင်းကြီးသို့ ရောက်လာ၏။ မော်ဝန်းချောင်းကြီးထဲမှ တစ်ဆင့် ခွဲထွက်သွားသော ချောင်းလက်တက်တစ်ခုသည် လက်ပံကုန်းရွာ သုသာန်နှင့် ဝေါရှမ်းစုရွာ နှစ်ခုအကြားသို့ အလျဉ်မပြတ်စီးဆင်းလျက်ရှိလေသည်။

မော်ဝန်းချောင်း ကမ်းစပ်တွင် သမဲ့ပင်ကြီးတစ်ပင်ရှိသည်။ ထိုသမဲ့ပင်၏ အကိုင်းတစ်ခုသည် ချောင်းရေနှင့် ထိလုမတတ်အောက်သို့ ကိုင်းညွတ်ကျလျက်ရှိပေ၏။ မစိန်သည် ထိုကိုင်းညွတ်ကျလျက်ရှိသည့် သမဲ့ပင်၏ အကိုင်းခွဆုံဆီသို့ ရောက်ရှိနေသည်။ ချောင်းထဲ၌ လှေလှော်ရွက်တိုက် လွင့်သွားကြသူများ၏ သီချင်းသံများနှင့် အော်ဟစ် စကားပြောသွားကြသည်များကို အတိုင်းသားကြားနေရသည်။ ဤလှေကလေးများ သူ့မျက်စိအောက်မှ ပျောက်သွားသောအခါတွင် သူ့စိတ်ထဲ၌ ငိုချင်သလိုလို၊ လွမ်းဆွတ်သလိုလိုခံစားရသည်။

"အဲသလို ဖြစ်နေတော့ အမေစိန့်ကိုယ်ကြီးက ဘယ်လိုပုံစံဖြစ်နေလဲ"

ကျွန်မ သူ့စကားကိုကြားဖြတ်ပြီး သိချင်နေသောအချက်ကိုမေးလိုက်လေ၏။ အမေစိန်၏ အသက်သည် ထိုစဉ်အခါက ⁘ ကျွန်မထက် အသက်ဆယ့်ငါးနှစ်ခန့်သာ ကြီးပါသော်လည်း ရိပ်သာရှိယောဂီများက ခေါ်ဝေါ်နေကြသည့်အတိုင်း ကျွန်မကလည်း အမေ

စိန်ဟုပဲ သူ့ကိုခေါ်ခဲ့လေသည်။

"အမေစိန်မှာ . . . ခ်န္ဒာလည်းမရှိဘူး။ အသိစိတ်လို့ခေါ်ရမလား၊ ခံစားစိတ်ဆိုတဲ့ နာမ်တရားလို့ ခေါ်ရမလား အဲဒါတစ်ခုပဲ ရှိနေတယ်။သမဲ့ကိုင်းပေါ်မှာ အဲသလိုလွှမ်းလွှမ်းဆွတ်ဆွတ်နဲ့ အချိန်ရှိသမျှ . . . ခံစားနေရတုန်းမှာ ဟိုးဘက် လက်ပံကုန်းသုသာန် ရှိတဲ့နေရာဆီက မီးခိုးတွေအူပြီး တက်လာတာကို မြင်လိုက်ရ တယ်။ ဘယ်နေရာကလာတဲ့ မီးခိုးတွေလို့ မသိရပေမယ့် ချောင်းတစ်ဖက်ကမ်းဆီကလာတဲ့ မီးခိုးပဲဆိုတာကိုတော့ သိလိုက်တယ်လေ။ အို . . . မီးခိုးတွေကိုကြည့်ပြီး ငိုချင်လိုက်တာ။ ပြီးတော့ အဲဒီနေရာကို သွားချင်စိတ်တွေ ပေါ်လာတာနဲ့ သွားမယ်လို့လဲ ဖြစ်ရော . . . အားလုံးကို မေ့သွားတာပဲ" (ထိုမီးခိုးများသည် သူ့အလောင်းကို မီးသဂြိုဟ်နေရာမှ မီးခိုးများဖြစ်၏။)

* * * * *

မစိန် ကွယ်လွန်ရှာပြီးသည့်နောက်ပိုင်း သုံးပတ်ခန့်အကြာ၊ တစ်နေ့သော ဥပုသ်မှာ မစိန်၏ညီမနှင့် မစိန်၏အဒေါ်ဖြစ်သူတို့ ဘုန်းကြီးကျောင်းတွင် ဆုံဖြစ်ကြသည်။ ထိုအခါ အဒေါ်ဖြစ်သူက "ငါကွယ် မစိန်ကို အိပ်မက်မက်တယ်၊ အထုပ်တစ်ခုကို သူ့ခေါင်းပေါ်တင်ပြီး အိမ်ထဲဝင်လာတယ်၊ ညည်းတို့နေတဲ့ လယ်တဲကို သွားချင်လို့ ဘယ်လမ်းက သွားရမလဲ သိရအောင် ငါ့ကိုလာမေးတာတဲ့။ ငါက လယ်ထဲသွားတဲ့လမ်းကို ပြောပြလိုက်တော့ အဲဒီကို သွားမယ်ဆိုပြီး ငါ့အိမ်က ဆင်းသွားတာပဲ"

"ဟင် . . . ဟုတ်လား။ အဲဒီအိပ်မက်ကို အဒေါ်ဘယ်တုန်းက မက်တာလဲ"

"နေဦး . . . ငါစဉ်းစားလိုက်ဦးမယ်၊ သြော် . . . သတိရပြီ၊ သတိရပြီ၊ အဲဒီနေ့ဟာ မစိန်ကို မီးသဂြိုဟ်တဲ့နေ့ပဲ။ သုသာန်က ပြန်လာပြီး အိမ်ကိုရောက်တော့ မောမောနဲ့ ခဏလှဲလိုက်တာ အိပ်ပျော်သွားတယ်။ အဲဒီအချိန်မှာ မစိန်ကို အိပ်မက်မက်တာပဲ။ အိပ်ရာက ဖျတ်ခနဲ လန့်နိုးလာတော့ ငါ့မှာ စိတ်မကောင်းတောင် ဖြစ်ရတယ်။ အိပ်မက်ကလဲ အပြင်မှာလိုပဲ ထင်ရှားလိုက်တာကွယ်"

"ဟင် . . . ဒါဖြင့်ရင် အဒေါ်နဲ့ကျွန်မ အိပ်မက်တာချင်းတူနေပြီ။ ကျွန်မလဲ မမစိန်ဆုံးတဲ့ညကပဲ သူ့ကိုအိပ်မက်တယ်"

"ဘယ်လိုမက်သလဲဟယ် ပြောစမ်း။ ပြောစမ်း"

"မမစိန်ကလေ ကျွန်မအိပ်နေတဲ့ အိပ်ရာထဲကိုလာတယ်။ အဒေါ်ပြောပြသလို အထုပ်တစ်ခုကို ခေါင်းပေါ်တင်လို့။ ငါ . . . နင်တို့နဲ့အတူ နေချင်လို့ လာတာဆိုပြီး . . . ကျွန်မဘေးမှာ ဝင်အိပ်တယ်။ ကျွန်မတို့ဆီမှာ လာဝင်စားမလားမသိဘူးနော်။ ဝင်စားရင်တော့ ကောင်းမှာပဲ"

မစိန်ညီမသည် အိမ်ထောင်ကျသည်မှာ သုံးနှစ်ကျော်ကျော်ရှိပြီဖြစ်သော်လည်း ယခုထိ သားသမီးမရသေး၍ သားသမီးရချင်နေ

သူများဖြစ်သည်။ ထို့ကြောင့် အဒေါ်နှင့် တူမတို့ တစ်နေ့တည်းလည်း အိပ်မက်အတူတူ မက်သည်။ အိပ်မက်ထဲမှာ ခေါင်းပေါ်အထုပ်တစ်ခု ပါလာတာချင်းကလည်း တူနေသည်ဖြစ်၍ မစိန်ပြန်လည်ဝင်စား လာမည်လားဟူသော မျှော်လင့်ချက်ဖြင့် ဝမ်းသာလျက်ရှိနေကြ၏။

ဤကဲ့သို့ အိပ်မက်ပြီးသည့် ကိုးလအကြာလောက်၌ မစိန်ညီမတွင် သမီးလေးတစ်ယောက် ဖွားမြင်သည်။ အင်္ဂါသမီး လေးဖြစ်၍ မစိန်ရင်ဟု အမည်ပေးသည်။ ယခင်ဘဝဟောင်းက လည်း အင်္ဂါသမီးပင်ဖြစ်သည်။ မစိန်ရင် စကားပြောတတ်သည့် သုံးနှစ်သမီး အရွယ်သို့ရောက်လျှင် “လက်ပံကုန်း”ကို သွားချင်တယ် ဟု မကြာခဏ ပူဆာသည်။ လက်ပံကုန်းသို့ ဘာသွားလုပ်မှာလဲဟု မေးလျှင် လက်ပံကုန်းမှာ သူ့ယောကျ်ားနှင့် သားနှစ်ယောက် ရှိ သည်ဟု ပြောပြသည်။ အမေဖြစ်သူနှင့် အဘွားဖြစ်သူက တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ အံ့သြနေကြသည်။

“ငါ့မြေးရဲ့ လက်ပံကုန်းက သားနှစ်ယောက်နဲ့ ယောကျ်ား ဆိုတာက ဘယ်သူတွေတုန်း၊ ငါ့မြေးသိလို့လား”ဟု အဘွားကမေး သည်။

“မောင်ကြီးနဲ့ မောင်ငယ်လေ၊ သူတို့ အဖေက ကိုဖိုး အောင်၊ ကိုယ့်ယောကျ်ားနဲ့ ကိုယ့်သားတွေရဲ့ နာမည်ကို မသိဘဲ နေမလား”

ဟု မစိန်ရင်က ဆောင့်အောင့်၍ပြောလျှင် အဘွားနှင့်

အမေက ပြုံးသည်။ တစ်နေ့တွင် အကြောင်းသိရအောင်ဟု အဘွား ဖြစ်သူကိုယ်တိုင် မစိန်ရင်ကို လှည်းနှင့်လိုက်ပို့သည်။ မစိန်ရင် မှာ အလွန်ပျော်လျက်ရှိသည်။ ဝေါရှမ်းစုနှင့် လက်ပံကုန်းရွာသည် ဝေးလှသည်မဟုတ်၍ မစိန်သည် သူ့ညီမဝမ်းတွင် ဝင်စားနေသည် ဟူသော . . . သတင်းကို ကြားနေကြရပါသော်လည်း ကိုဖိုးအောင် သည် နောက်အိမ်ထောင်နှင့်ဖြစ်၍ အတိတ်ဘဝအား ဘာမှ စိတ် ဝင်စားခြင်း မရှိတော့ချေ။

လက်ပံကုန်းရွာဆီသို့ရောက်လျှင် အဘွားဖြစ်သူသည် မစိန် ရင်တစ်ယောက်တည်းကိုပဲ ရွာထိပ်မှလွှတ်လိုက်ကာ "ကိုဖိုးအောင် အိမ်ကို အဘွားမသိဘူး။ ငါ့မြေးသိရင် တစ်ယောက်တည်းပဲသွား။ အဘွားနေခဲ့မယ်"ဟု လွှတ်လိုက်၏။ မစိန်ရင်သည် ကိုဖိုးအောင် အိမ်သို့ ခြေလှမ်းသွက်သွက်နှင့် အပြေးတစ်ပိုင်းဖြင့် လျှောက်သွား သည်။ သူ့အဘွားက နောက်ဆီမှ ကွယ်ဝှက်ပြီး လိုက်သည်။

ကိုဖိုးအောင်အိမ်သို့ ရောက်လျှင် . . . မိစိန်ရင်သည် အိမ်ပေါ်သို့ အပြေးတက်သွားကာ "မောင်ကြီးရေ၊ မောင်ငယ်ရေ" ဟု အော်ခေါ်လေသည်။ ထိုအခါ ကိုဖိုးအောင်၏ နောက်မိန်းမက အိမ်ထဲမှ ထွက်လာလေ၏။ ကိုဖိုးအောင်ရော၊ သားနှစ်ယောက်ပါ ထိုအချိန်က အိမ်မှာမရှိကြချေ။ သုံးနှစ်အရွယ် ကလေးမတစ်ယောက် က ဆယ်နှစ်ကျော်ကျော် ရှိနေသည့် မောင်ကြီးကို ရွယ်တူလို သဘောထားပြီး "မောင်ကြီးရေ"ဟု တကြော်ကြော်ခေါ်ရင်း ရဲတင်းစွာ



http://www.cherrythitsar.org

အိမ်ထဲဝင်လာသည့် မစိန်ရင်ကိုမြင်လျှင် အံ့သြစိတ်ဖြင့် ငေးကြည့်လျက်ရှိသည်ကို မစိန်ရင်က စူးစူးရှရှပြန်ကြည့်ကာ "ငါ့နားကပ်ကို ဘာဖြစ်လို့ ပန်ထားရသလဲ၊ ချွတ်...ချွတ်...အခုချွတ်"ဟု ရန်တွေ့သလို ပြောလိုက်စဉ် ကိုဖိုးအောင်နှင့် သားငယ်နှစ်ယောက်တို့ ရောက်လာကြသည်။ သူတို့နှင့်အတူ အဘွားပါလိုက်လာ၏။

မစိန်ရင်သည် မောင်ငယ်ကို ပြေးဖက်လိုက်လေ၏။ ခြေဖျားကလေးထောက်၍ မောင်ငယ့်လက်ကိုကိုင်သည်။ "မောင်ငယ် ပိန်လိုက်တာ၊ နေမကောင်းဘူးလား"မေးသည်။ မောင်ငယ်ရော၊ မောင်ကြီးပါ မစိန်ရင်ကို ငေးကြည့်နေကြ၏။ သူတို့နှစ်ယောက်က ဘာမှ မသိရှာ။ သူတို့အဖေ ကိုဖိုးအောင်ကသာလျှင်...အံ့သြစွာဖြင့် ဟိုကြည့်သည်ကြည့် ဖြစ်နေလေ၏။ မစိန်ရင်သည် မောင်ငယ်ကို ယုယစွာဖြင့်ကိုင်တွယ်နေရင်းမှ သူ့မျက်လုံးများက အိမ်ခန်းဝမှာချိတ်ထားသည့် ဓာတ်ပုံကြီးနှစ်ပုံဆီသို့ ရောက်သွားကာ"ဒီနေရာက ငါ့ဓာတ်ပုံ ဘယ်ရောက်သွားလဲ"ဟု ဒေါသသံနှင့် မေးသည်။ မစိန်ဘဝက ချိတ်ဆွဲထားခဲ့သည့် သူ့ဓာတ်ပုံနေရာတွင် ကိုဖိုးအောင်၏ နောက်ဇနီးဓာတ်ပုံက နေရာယူထားသည်ကို သူမကျေနပ်။

ထို့နောက်တွင် မစိန်ရင်သည် သူငယ်ခင်က နေခဲ့အိပ်ခဲ့သည့် ကိုဖိုးအောင်နှင့် သူ၏လက်ရှိဇနီးတို့ နေကြသည့် အိပ်ခန်းထဲသို့ ဝင်သွားသည်။ အိပ်ခန်းထဲရှိ မှန်တင်ခုံတွင် သူငယ်ခင်က သုံးစွဲလိမ်းခြယ်ခဲ့ဖူးသည့် "ကြက်ဥပေါင်ဒါ"ထည့်ထားသော တရုတ်ပြည်



http://www.cherrythitsar.org

မှ လာသည့် ...ငွေရည်သုတ် ပေါင်ဒါဘူးကလေးကို မြင်လိုက်ရသည်နှင့်"ငါ့ပေါင်ဒါဘူး"ဟု ဆိုကာ ယူပြီးလျှင် ပိုက်ပွေ့ထားလေသည်။ ကိုဖိုးအောင်တို့ ဇနီးမောင်နှံနှင့် အဘွားကပါ ဘာမှမပြောကြဘဲ မှင်တက်မိသလို ရှိနေကြ၏။

ကိုဖိုးအောင်သည် မစိန်ရင်၏ လှုပ်ရှားမှုများကို ကြည့်ကာ ကွယ်လွန်သွားရှာသည့် သူ၏ဇနီး မစိန်ဝင်စားလာခြင်းပင် အမှန်ဖြစ်သည်ဟု ယုံကြည်လက်ခံလိုက်လေ၏။ ထို့ကြောင့် မစိန်ဘဝက နှစ်သက်စွာ ပန်ဆင်လာခဲ့ဖူးသည့်အပြင် ယခုတိုင်လည်း သူ့နားကပ်ကို စွဲလန်းမှုရှိနေသည့် ရွှေလေးပဲသားနှင့် ပြုလုပ်ထားသော နီလာတာတစ်လုံးပန် နားကပ်ကို သူ၏ဇနီးအသစ်ထံမှ ပြန်ယူပြီးလျှင် မစိန်ရင်ကို ပေးလိုက်၏။

မစိန်ရင် အသက်ရှစ်နှစ်တွင် မောင်ကြီးနှင့်မောင်ငယ်တို့ကို ကိုဖိုးအောင်က သာသနာ့ဘောင်သို့ သွင်းပေးသောအခါ မစိန်ရင်၏ အဘွားနှင့် အမေဖြစ်သူတို့က ဦးစီးဦးဆောင်၍ ကူညီဆောင်ရွက်ပေးကြပါသည်။ ကျေးရွာ၏ စုပေါင်းရှင်ပြုပွဲဖြစ်လေသောကြောင့် ရှင်လောင်းဆယ့်သုံးပါးကို သူ့ထက်ငါ ပိုမိုလှပအောင် အပြိုင်အဆိုင် အလှပြင်ပေးကြပါသည်။ ထိုအခါ မစိန်ရင်မှာလည်း သနပ်ခါးဖွေးဖွေး၊ ဂါဝန်လှလှကလေးနှင့် သူ့အမေဖြစ်သူက အစွမ်းကုန်အလှပြင်ထားပေးပေသည်။ အဘွားဖြစ်သူကလည်း ရွှေဒင်္ဂါး ငါးမူးပြားပန်းဝိုင်းလောကတ်နှင့် ရွှေဆွဲကြိုး နှစ်ပြန်ကြိုးလှလှကြီး မစိန်ရင်ကို

ဆွဲပေးကြသည်။ ရွှေကြိုးဆစ်လက်ကောက်များကို တစ်ဖက်မှာ သုံးကွင်းဆီ ဝတ်ပေးလိုက်သေး၏။

မောင်ရှင်လောင်းများကို နံနက်စာကျွေးပြီးလျှင် မြင်းကိုယ်စီနှင့် ရှင်လောင်းလှည့်လည်ကြမည်ဖြစ်၍ ရှင်လောင်းလှည့်လည်လိုက်ပါကြမည့် မိန်းကလေးများ၊ ယောကျ်ားကလေးများကို ရှင်လောင်းများနှင့်အတူ တစ်ချိန်တည်းမှာပဲ ထမင်းကျွေးကြလေ၏။ ထို့ကြောင့် ထမင်းရုံထဲမှာ တာဝန်ယူထားကြသည့် မစိန်ရင်၏ အဘွားနှင့် အမေမှာလည်း အလုပ်များလျက်ရှိနေကြသည်။ ပရိသတ်ကလည်း ရွာလုံးကျွတ် မီးခိုးတိတ်အလှူကြီးဖြစ်၍ စည်ကားလွန်းလှ၏။ ထမင်းစား ပရိတ်သတ်များ နည်းပါးသွားသောအချိန်တွင်းမှ မစိန်ရင်ကို အဘွားနှင့် အမေတို့က သတိရလာကြသည်။ ထမင်းကိုလည်း လာမစားဘူး ဘယ်ဆီရောက်နေပါလိမ့်ဟုပြောကာ လိုက်ရှာကြသည်။ ကိုယ်ပေါ်မှာ ညွတ်နေအောင် ရွှေများဆင်ထားသည်ဖြစ်၍လည်း စိတ်များပူလာသည်။

ထို့ကြောင့်“မစိန်ရင်ရေ . . . မစိန်ရင်ရေ”ဟု အော်ခေါ်ရင်းနေရာအနှံ့လိုက်ကာ လှည့်ခွဲ၍ ရှာကြလေ၏။ တွေ့ကြပါပြီ။ တွေ့မယ့် တွေ့တော့ ငိုရအခက်၊ ရယ်ရခက်သည့်အဖြစ်။

မောင်ကြီးနှင့် မောင်ငယ်ရှင်လောင်းနှစ်ပါးအား အလှပြင်ဆင်ပေးနေကြသည့် နေရာရှေ့နားတွင် မစိန်ရင်ကလေးသည်ပုံ့ပုံ့ထိုင်လျက် သူ့လည်ပင်းမှ ဆွဲကြိုးကိုချွတ်ကာ မောင်ငယ်အား

ဆွဲပေးသည်။ ပေါင်ဒါကွက်နေသည်ဟု တို့ဖတ်ထပ်ရိုက်ပေးသည်။ မောင်ငယ်ကလည်း မစိန်ရင်လုပ်ပေးနေသမျှကို လုံးဝမငြင်းဆန်ဘဲ ငြိမ်လျက်ရှိနေသည်ကို မစိန်ရင်အား လိုက်ရှာကြသူများက တွေ့ကြလျှင် အံ့သြဖွယ်ရာ မြင်ကွင်းတစ်ခု ဖြစ်သွားရလေတော့၏။ ဘဝဟောင်းက သားအမိတော်စပ်ခဲ့ဖူးကြသည်ကို မောင်ကြီး၊ မောင်ငယ်တို့ အာရုံမထားမိသော်လည်း ယခုဘဝတွင် မစိန်ရင်နှင့် မောင်နှမတစ်ဝမ်းကွဲ တော်စပ်နေကြသည်ကိုမူ မောင်ကြီး၊ မောင်ငယ်တို့ အာရုံပြုမိကြလေသည်။

ဤသို့ဖြင့် ကာလတွေပြောင်း၍ အချိန်ကြာညောင်းလာသောအခါတွင် မစိန်ရင်သည်လည်း အိမ်ထောင်ပြုပြီး၍ သားတစ်ယောက်ရလေပြီ။ ကိုဖိုးအောင်တို့ ဇနီးမောင်နှံသည်လည်း ကွယ်လွန်လေပြီ၊ မောင်ကြီး၊ မောင်ငယ်တို့မှာလည်း အသီးသီးပင် အိမ်ထောင်ရှင်များ ဖြစ်ကြကုန်ပြီ၊ ဤအချိန်အခါတွင် မစိန်ရင်၏ ဇာတိဖြစ်သော ရှမ်းစုရွာကြီးနှင့်တကွ ကွင်းရွာများအားလုံးသည် မငြိမ်မသက်၊ ကျီးလန့်စာစား ဖြစ်လာသည်။ ခရမ်းမြို့တွင် ဌာနချုပ်လုပ်ထားသည့် ပြည်သူ့ရဲဘော်ဖြူများနှင့် ကွင်းရွာများဆီတွင် မင်းမူနေကြသည့် ကွန်မြူနစ်တပ်နီများက တိုက်ပွဲများမကြာခဏဖြစ်ပွားသည်။ ရွာတွေမှာ ဆက်ကြေးများတောင်းသည်။ ဤဒုက္ခများခံစားနေကြရရှာသည့် ရွာသားများသည် အရပ်တစ်ပါးသို့ ပြောင်းရွှေ့ကြသည်။ ဆွေမျိုးများရှိရာသို့ မှီခိုကြသည်။

မုဆိုးမဘဝသို့ ရောက်နေရသည့် မစိန်ရင်မှာလည်း အရွယ်

မရောက်သေးသည့် သားလေး၏ လက်ကိုဆွဲကာ ဆွေမျိုးများရှိသည့် ရန်ကုန်သို့ ပြောင်းရွှေ့လာသည်။ ရန်ကုန်ဂွတ္တလစ်မှာ ညီမဝမ်းကွဲရှိသည်။ ထိုအိမ်မှာ အရိပ်ခိုပြီး သူတတ်ထားသည့် စက်ချုပ်ပညာဖြင့် ဘဝကိုရပ်တည်ခဲ့ရသည်။ သားကိုလည်း ဆယ်တန်းအောင်မြင်သည်အထိ ကျောင်းဆက်ထားနိုင်ခဲ့သည်။ မောင်ကြီး၊ မောင်ငယ်တို့၏ သတင်းကိုစုံစမ်းလျှင် မောင်ကြီးသည် ရွာမှာပဲ ကွယ်လွန်ခဲ့သည်။ မောင်ငယ်နှင့်သူ၏မယားမှာ ရန်ကုန်နတ်ချောင်းဘက်မှာနေသည်ဟူသော သတင်းသံကို ကြားရသည်။

ထိုအခါ သမုဒယနှောင်ကြိုးတွေများလှသည့် မစိန်ရင်မှာ မောင်ငယ်ကို တွေ့ချင်သည့်စိတ်များ တဖွားဖွားပေါ်နေတော့၏။ မောင်ငယ်နေမှကောင်းရဲ့လား၊ လုပ်ကိုင်ရှာစားလို့မှ အဆင်ပြေရဲ့လား ဟူသော သောကမီးသည် သူ့ရင်မှာ အမြဲပူလျက်ရှိသည်။ သူ့ဘဝကတော့ အေးစပြုလာလေပြီ။ သားကဆယ်တန်းအောင်သွားပြီးသည့်နောက် ဇာတိမြေဖြစ်သော ဝေါမြို့သို့ပြန်ကာ အစိုးရအလုပ်ဝင်လုပ်လေသည်။ အိမ်ထောင်လည်းကျသွားလေပြီဖြစ်၍ မစိန်ရင်စိတ်အေးရလေပြီ။ ရန်ကုန်မှာပဲ တရားအားထုတ်ရင်း ဘဝကိုနိဂုံးချုပ်ချင်သည့်ဆန္ဒရှိသည်။ သားဖြစ်သူက "အမေလာနေပါ၊ သားတစ်လှည့်လုပ်ကျွေးပါရစေ"ဟု ခေါ်ပါသော်လည်း သူခေါင်းခါခဲ့သည်။

တစ်နေ့မှာတော့ မောင်ငယ်တို့ ရှိနေသည့်နေရာကို မစိန်ရင်

ထွက်လာခဲ့သည်။ နံနက်စောစော ထမင်းစားပြီး နေမပူခင်မှာ ဂွတ္တာလစ်မှ နတ်ချောင်းသို့ထွက်လာခဲ့ခြင်းဖြစ်သော်လည်း နတ်ချောင်းဘက်သို့ မရောက်မီမှာပင် နေကအလွန်ပူလာလေပြီ။ ထို့ကြောင့် လမ်းဘေးမှ ပေါက်နေသည့် ကုက္ကိုပင်ကြီး၏ အရိပ်အောက်သို့ ဝင်ခိုမည်ဟု ဆောင်းလာသောထီးကို ပိတ်လိုက်စဉ် ကုက္ကိုပင်အောက်၌ မျက်နှာကို ပုဆိုးနှင့်အုပ်ကာ သစ်မြစ်ကို ခေါင်းအုံးလျက် လဲလျောင်းသည့် လူတစ်ယောက်ကို မြင်လိုက်ရသည်။ ထိုလူ၏ ခြေရင်း၌မူ ကနစိုးထင်းခြမ်း နှစ်ဆယ်လောက် ပါလာသည့် လက်တွန်းလှည်းတစ်စီး ရှိသည်။

"ဩော် . . . ထင်းလည်ရောင်းရင်းက အပြန်မှာ မောလို့ ဝင်နားနေတယ်ထင်ပါရဲ့"ဟု တွေးကာ မစိန်ရင်သည်လည်း မလှမ်းမကမ်းရှိ ကုက္ကိုပင်အမြစ်ပေါ်သို့ ထိုင်ချလိုက်စဉ်မှာပဲ လဲလျောင်းနေသည့်လူသည်လည်း လျောင်းနေရာမှ ထထိုင်ကာ မျက်နှာပေါ် အုပ်ထားသည့် ပုဆိုးနှင့် သူ့ကိုယ်သူ ယပ်ခတ်သလို လှုပ်ခါလျက်ရှိသည်။ မစိန်ရင်ကြည့်မိလျှင် "ဟင် . . . မောင်ငယ်နဲ့ တူလိုက်တာ "ဟင် မောင်ငယ်များလား"ဟု တွေးလိုက်သည်။ ထို့နောက် မကျေနပ်၊ မဝေခွဲတတ်စွာဖြင့် ထပ်ကြည့်လိုက်မိပြန်သည်။ "ဟုတ်ပါတယ်၊ မောင်ငယ်အစစ်ပါပဲ"ဟု ပိုင်နိုင်စွာဆုံးဖြတ်လိုက် ပြီးလျှင် အနားသို့တိုးကပ်သွား၍ "မောင်ငယ်လား၊ မောင်ငယ် လားဟင်"ဟု မေးလိုက်လေ၏။

"အဲသလို အမေစိန်က မေးလိုက်တော့ မောင်ငယ်ဟာ

မျက်မှောင်ကိုကပ်ပြီး အမေစိန်ကို သေသေချာချာ ပြန်ကြည့်တယ်။ ခဏကြာမှ "ဟုတ်ပါတယ် . . .မောင်ငယ်ပဲ၊ မင်းကဘယ်သူလဲ" ဆိုပြီး ပြန်မေးတယ်။ သူ့စိတ်ထဲမှာ သူ့ထက်အင်မတန် ငယ်ရွယ်နေတဲ့ မိန်းမတစ်ယောက်က သူ့ကို မောင်ငယ်လို့ ခေါ်လိုက်တာ မခံချင်ဖြစ်သွားတဲ့မျက်နှာမျိုးပဲ၊ အမေစိန်လည်း သိပ်ဝမ်းသာသွားပြီး "မောင်ငယ် ငါ မစိန်ရင်လေ၊ မမှတ်မိဘူးလား၊ နင့်ကို တွေ့ချင်လို့ ငါစုံစမ်းလိုက်ရတာဟယ်" လို့ ပြောလိုက်တော့မှ သူ့မျက်နှာ ပျော့သွားပြီး ဝွတ္တလစ်မှာ နေကြတယ်လို့တော့ . . .သိတင်းကြားတယ်။ အခု ဘယ်သွားမလို့လဲ။ အိမ်ကို လိုက်ခဲ့ဦးလေ" လို့ အမေစိန်ကို ပြန်ပြောတယ်။

မောင်ငယ်တို့နေရတာ သိပ်ဒုက္ခရောက်တာပဲ။ ချောင်းကမ်းစပ်နားဖွက်တွေ၊ ရေတွေထဲမှာ ဆောက်ထားတဲ့ တဲကုပ်ကလေး။ အမိုးအောက်ရောက်တော့ မောင်ငယ့်မိန်းမက ထွက်လာတယ်။ "မစိန်ရင်ပါလား၊ ကိုမောင်ငယ်နဲ့ ဘယ်မှာတွေ့ခဲ့တာလဲ" တဲ့။ မောင်ငယ်ကတော့ အမေစိန်အနားမှာထိုင်ချပြီး ချောင်းဆိုးနေလိုက်တာဟာ အကြာချည်းပဲ။ အမေစိန်က "မောင်ငယ်ရယ်၊ ချောင်းဆိုးလှချည်လား၊ ဆေးခန်းလေး ဘာလေးသွားမပြဘူးလား" လို့မေးတော့ "ဘယ်ပြနိုင်ပါ့မလဲ မစိန်ရင်ရယ်၊ စားဖို့တောင်အနိုင်နိုင် ရှာနေရတာ၊ ဒီလိုဆို လျက်ဆားလေး၊ ကွမ်းရွက်လေး အရည်ညစ်သောက်နေရတာပဲ၊ ဒီရောဂါက မွေးကတည်းက ပါလာတဲ့ရောဂါ သေမှ ပျောက်မှာ" ပဲတဲ့။



http://www.cherrythitsar.org

သူ့စကား ကြားလိုက်ရတာ စိတ်တော်တော်ထိခိုက်သွားတယ်။ ကိုယ်မွေးလာခဲ့တဲ့ သားမဟုတ်လား။ ဒီတော့ သူ့ရောဂါအမြစ်တွယ်နေတာကို အမေစိန် ကောင်းကောင်းသိနေတာပေါ့၊ ဒါကြောင့်မို့ "အို . . .မိဟုတ်တာ ဘာလို့မပျောက်ရမှာလဲ၊ နင့်ရောဂါပျောက်အောင် ငါကုပေးမယ်မောင်ငယ်။ ပျောက်စေရမယ် စိတ်ချ" ဆိုပြီး သူ့မိန်းမဆီမှာ ရေတစ်ခွက်တောင်းယူပြီး ဘုရားထံမှာ သစ္စာပြုမယ်လို့ ဘုရားဆောင်ကို ကြည့်လိုက်တယ်။ ဆင်းရဲလိုက်တာများ သူတို့မှာ ဘုရားတောင် ကိုးကွယ်စရာမရှိဘူး။ ဘုရားပုံတော်ပါတဲ့ စာရွက်ကို တဲခေါင်းရင်းမှာ ဝါးစတစ်ခုနဲ့ ညှပ်ထားတာပဲရှိတယ်။

အမေစိန် အဲဒီဘုရားပုံတော်ကိုပဲ စိတ်ညွတ်ပူဇော်ပြီး ကန်တော့လိုက်တယ်။ ငါးပါးသီလယူတယ်။ "**တပည့်တော်မသည် အသက် သုံးဆယ်မှစပြီး ယနေ့အထိ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းခဲ့ပါသည်ဘုရား။ တပည့်တော်မသည် ဘဝဟောင်းမှ တော်စပ်ခဲ့ဖူးသည့် သားဖြစ်သူ မောင်ငယ်နှင့် ယခုဘဝမှာ တပည့်တော် မွေးဖွားခဲ့သည့် သားကို ထပ်တူထပ်မျှ မေတ္တာထားခဲ့ ပါသည် ဘုရား။ မည်သည့် သားအပေါ်ကိုမျှ မေတ္တာမပိုခဲ့ပါ။ ဤမှန်ကန်သော သစ္စာစကားကြောင့် တပည့်တော်မကိုင်ထားသည့် ခွက်ထဲမှရေကို မောင်ငယ်သောက်ပြီးသည်နှင့် စွဲကပ် နေသော ပန်းနာဝေဒနာသည် ချက်ချင်း ပျောက်ကင်းစေပါစေသတည်း**" လို့ တိုင်တည်သစ္စာပြုပြီး မောင်ငယ်ကို တိုက်တယ်။



http://www.cherrythitsar.org

မောင်ငယ်အတွက်ဆိုပြီး ယူလာတဲ့ ဘီပီဘမ်း ပရုတ်ဆီ အဖြူကိုလည်း သူ့ကိုလိမ်းပေးလိုက်တယ်။ အနားပြာ ပိတ်ငါးတောင်ကိုလည်း သူ့မိန်းမလက်ထဲ ထည့်ပေးလိုက်တယ်။ ရတနာသုံးပါး တန်ခိုး၊ သစ္စာတန်ခိုးဆိုတာ အင်မတန် စူးရှထက်မြက်ပါပေတယ်။ အဲဒီကတည်းက မောင်ငယ်ထံမှာ စွဲကပ်နေတဲ့ ဝေဒနာလည်း လုံးဝ ပျောက်ကင်းသွားတယ်။ မစိန်ရင်ရဲ့ ကျေးဇူးကြောင့် ငါ့ရောဂါ ပျောက်ကင်းသွားပြီလို့ . . . ပြောမဆုံးတော့ဘူး။ ခုတော့ လက်ပံကုန်းကို ပြန်သွားကြပြီး မနှစ် တန်ခူးလလောက်က မောင်ငယ်ဆုံးသွားပြီလို့ စာရောက်လာတယ်။ ရိပ်သာတရားပတ်နဲ့ ဆုံနေလို့ အမေစိန် မသွားနိုင်ခဲ့ဘူး။ အားလုံးဟာ ကံစီမံရာအတိုင်းပဲလေ အဲသလို နှလုံးသွင်းနိုင်မှ ဘဝဟာ အေးချမ်းလိမ့်မယ်”

အမေစိန်၏ နှစ်ဘဝစုံ လူဝင်စားအဖြစ်သည်ကား ပြီးဆုံးသွားပါလေပြီ။ အမေစိန်သည်လည်း တရားအားထုတ်နေဆဲကာလ အသက်ရှစ်ဆယ်အရွယ် (၁၉၉၆)ခုနှစ်အတွင်းမှာ ကွယ်လွန်သွားလေပြီ။ သို့ပေတည့် ထူးဆန်းလှစွာသော အမေစိန်၏ဘဝကိုကား ကျန်ရစ်သူများသည် ယနေ့တိုင် မမေ့နိုင်အောင် ပြောဆိုနေကြဆဲပင် ရှိပါသေးသည်။

* * * * *



http://www.cherrythitsar.org

# ဘယ်မှာမှန်းသိနိုင်ပါ

အေးသည် ဖျတ်ခနဲအိပ်ရာမှ နိုးလာသည်နှင့် ထထိုင်မိသည်။ သူတစ်ဦးတည်းအိပ်နေသည့် သူ့အိပ်ခန်းကို တစ်ခါမျှ မမြင်ဘူးခဲ့သလို အိပ်ခန်းအနှံ့ကို မျက်စိကစားကာလည်း လှည့်ပတ်ကာ ကြည့်နေမိသည်။ ပြီးတော့မှ အိပ်ရာထက်သို့ ပြန်၍ လှဲချလိုက်ကာ ထူးဆန်းလှစွာသော သူ့အိပ်မက်ကို ပြန်တွေးသည်။

မျက်လုံးကို စုံမှိတ်လိုက်သည်နှင့် အိပ်မက်ထဲမှ မြင်ကွင်းအားလုံးတို့သည် ရုပ်ရှင်ပိတ်ကားပေါ်တွင် မြင်နေရသည့်အတိုင်း ပီပြင်ထင်ရှားစွာ ပေါ်လာသည်။

*ရွှေရောင်တိုင်လုံးကြီးများဖြင့် လှပစွာ ပြင်ဆင်ထားသည့် ခန်းမဆောင်ကြီးတစ်ခု၊ ရုပ်ရှင်ကားများတွင်မြင်ခဲ့ဖူးသော ရွှေသလွန်နှင့် အနီရောင်မှီအုံးကြီးများ၊ ပြီးတော့ ရွှေရေတကောင်း၊ ရွှေဖလားနှင့် သစ်သီးများ ထည့်ထားသည့် ရွှေကလပ်၊ အားလုံးသည် ရွှေရောင် ရွှေအဆင်းဖြင့် ဝင်းဝင်းဝါနေသည်။*

အေးသည် ခြေလှမ်းဖွဖွဖြင့် ခန်းမဆောင်ကြီးထဲသို့ တရွေ့ရွေ့ လျှောက်လှမ်းဝင်သွားသည်။ တိတ်ဆိတ်လျက်ရှိသော ထိုနေရာတွင် သူတစ်ယောက်တည်းပါကလား . . . လူရိပ်လူယောင်ဟူ၍ လည်း မည်သူ့ကိုမျှ . . . မိမြင်တွေ့ရသဖြင့် သူ့ရင်ထဲ၌ ထိတ်ခနဲ ခံစားမိလိုက်စဉ် . . .

"အို . . . နို့မကလေး မြစိမ်းနွယ်ပါလား။ ဝမ်းသာလိုက်တာ နှမတော်ရယ် . . . လာ . . . လာ"

နန်းတွင်းသား မင်းညီမင်းသားများလို ဆင်ယင်ထုံးဖွဲ့ထားသည့် ယောကျ်ားပျိုတစ်ဦး၊ ပန်းဆီရောင်အသွေးချိပ်ပုဆိုးနှင့် ပန်းဆီသွေးဖျော့ဖျော့ ခေါင်းပေါင်းကို ပေါင်းထားသည့်သူသည် "အေး"ကို မြင်လိုက်သည်နှင့် ဝမ်းမြောက်ကြည်နူးသွားသည့် မျက်နှာဖြင့် "အေး"ရှိရာသို့ ခြေလှမ်းသွက်သွက်လှမ်းကာ လျှောက်လာရင်း "အေး"၏ ပခုံးကလေးကို ယုယညင်သာစွာဖြင့် ဖက်ကာဆီးကြိုလိုက်၏။

"အေး"သည် ရှက်ရွံ့စွာ "အို"ဟုဆိုကာ နောက်သို့ဆုတ်လိုက်မိစဉ် "နှမတော်ရယ် . . . ဘယ်လိုဖြစ်တာလဲ။ မောင်တော့်ကိုများ သူစိမ်းကျနေတာပဲ၊ လာစမ်းပါကွယ်။ သလွန်တော်ပေါ် ထိုင်ကြရအောင်ပါ။ မောင်တော့်မှာ . . . နို့မတော်လေး မြစိမ်းနွယ် တစ်နေ့တော့ ပေါ်လာနိုးနိုးနဲ့ . . . မျှော်လှမ်းနေရတယ်"ဟု တွတ်တွတ်ထိုးပြောရင်းဖြင့် သလွန်ပေါ်သို့ ထိုင်မိသွားသည်။ "အေး"

သည် ထိတ်လန့်ကြောက်ရွံ့နေသောစိတ်ကြောင့် သူနှင့်အနည်းငယ် ခွာ၍ ထိုင်လိုက်မိပါ၏။ သို့သော် သူက "အေး"ကိုယ်ကလေးနှင့် နီးကပ်သွားအောင် ရွှေ့၍လာကာ. . . "အေး"၏ လက်ကလေးနှစ် ဖက်ကို ဆုပ်ကိုင်လျက်–

"နှမတော် မောင်တော့်ဆီ ဘယ်တော့ပြန်လာမှာလဲဟင်၊ ပြန်လာပါတော့ နှမတော်ရယ်။ မောင်တော်လွမ်းလှပါပြီ။ ပြောသွား တုန်းကတော့ ခဏပါဆို၊ ခုတော့ မောင်တော့်အပြင် ချစ်ကြင်ရမယ့် သူများရှိနေပြီလားဟင်"

"အေး"သည် နှုတ်ဆွံ့နေသလို သူ့ကိုဘာမှ ပြန်မပြောနိုင် ဘဲ အငေးသားဖြစ်လျက်ရှိနေသည်ကို သူက အားမလိုအားမရဖြစ်သွား သည့်ပမာ–

"မောင်တော် မေးနေတာကိုဖြေလေ။ ဘာဖြစ်လို့ မဖြေ တာလဲ။ မောင်တော့်အပြင် ချစ်ကြင်သူအသစ်ကိုများ ထအားမယ်လို့ စိတ်မကူးလေနဲ့ နှမတော်။ မောင်တော် ဘယ်နည်းနဲ့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး"

သူသည် ချက်ချင်းပင် ဒေါသသံစွက်ကာ ပြောရင်းမှ "အေး"ကိုယ်ကလေးကို သူ့ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်လေရာ "အေးမှာလည်း ထိတ်လန့်စွာဖြင့် "အို . . . "အေး"ကို လွှတ်ပါ. . . လွှတ်ပါ"ဟု သူ့ရင်ခွင်ထဲမှ ရုန်းကန်ထွက်လိုက်စဉ်မှာ ပဲ အိပ်ရာမှ နိုးလာလေသည်။

အိပ်မက်၏အရှိန်ဖြင့်"အေး"ကိုယ်ကလေး တုန်လှုပ်လျက်ရှိသည်ကို "အေး"သတိပြုလိုက်မိပါ၏။မိုးလင်းတော့ပေမည်။ "အေး" အိပ်ရာခေါင်းရင်းရှိ ပြတင်းတံခါးကို အုပ်မိုးထားသည့် စကားဝါပင်ကြီးပေါ်မှာ နားနေကျငှက်ကလေးများ၏ "ပိညှက် . ိ . ိ .ပိညှက်" ဟူသော ချစ်စရာ တွန်ကျူးသံကလေးများကို ကြားလိုက်ရလျှင် "အေး"သည် ရင်ထဲ၌ ကြည်နူးသွားစမြဲမို့ လန်းဆန်းစွာနှင့်ပင် အိပ်ရာမှ ထလိုက်သည်။

အိပ်ခန်းတံခါးကို ဖွင့်လိုက်လျှင် ဖေဖေ့ဘုရားရှိခိုးနေသံကို "အေး" ကြားလိုက်ရ၏။ နံနက်တိုင်းပင် ဖေဖေသည် ငါးနာရီထိုးသည်နှင့် ဘုရားဝတ်ပြုစမြဲ၊ အသက်ခြောက်ဆယ့်ငါးနှစ် ဟူသော ဇရာဒုဗ္ဗလအရွယ်ပေမင့် ဖေဖေ့အသံသည် လူအိုလူမင်းအသံကဲ့သို့ တုန်ခါခြင်းမရှိဘဲ တည်ငြိမ်ချိုသာစွာဖြင့် ရွတ်ဖတ်သရဇ္ဈာယ်နိုင်ဆဲဖြစ်ပါ၍ ဖေဖေ့ဘုရားရှိခိုးသံကို ကြားရတိုင်း ကြည်ညိုဖွယ်ရာရှိလှသည်ဟု "အေး"သာဓုခေါ်မြဲ ဖြစ်သည်။

ဖေဖေ ဘုရားဝတ်ပြုနေချိန်တွင် မေမေသည် မီးဖိုထဲတွင် "အေး"တို့သားအဖ၏ နံနက်စာအတွက် ပြင်ဆင်နေပေပြီ။ "အေး" တို့ နံနက်စာပြီးသည်နှင့်မေမေသည် အိမ်နှင့်မဝေးလှသည့် ဈေးရှိရာသို့ ဆွဲခြင်းတစ်လုံးကိုဆွဲပြီး သွားတော့သည်။ "အေး"တာဝန်က တစ်အိမ်လုံးရှင်းလင်းသန့်စင်သွားအောင် လှည်းကျင်းပြီးလျှင် မေမေ ဈေးမှ ပြန်ရောက်လာချိန်တွင် အဆင်သင့်ချက်ပြုတ်နိုင်ရန်အတွက်

ပြင်ဆင်ထားပေးရတာလောက်ပဲ ရှိပါလေသည်။ ဖေဖေ့ထက် အသက်ငါးနှစ်လောက် ငယ်ရွယ်သည့် မေမေသည်လည်း ကျန်းမာရေးက ကောင်းဆဲဖြစ်၍ "အေး"က ဝင်ရောက်ကူညီပေးသည်ကိုပင် လိုအပ်သည်ဟု ဘယ်ခါမထင်၊ "သမီး. . .မီးဖိုထဲမှာ ဘာမှ လုပ်စရာမရှိပါဘူး"ဟု နှင်ထုတ်တတ်မြဲ။

အသက်လေးဆယ်ကျော်လာမှ သမီး"အေး"ကို ရလာသည်ဖြစ်၍ "အေး"သည် မိဘတို့၏ နှလုံးသည်းပွတ်ပမာ ဖြစ်လာရ၏။ အလုံးအရပ် ထွားကျိုင်းသန်မာသည့် မိဘနှစ်ပါးက မွေးလာသည့် သမီးကလေးဖြစ်ပေသည့် "အေး"သည် မိဘများနှင့် လုံးဝမတူဘဲ ဝါဂွမ်းတောင့်ကလေးလို ဖြူဖြူနုနု ဥဥထွေးထွေးမို့ မိတ်ဆွေများက "အေး"ကိုကြည့်ပြီး မွေးစားထားတာလားဟုပင် မေးတတ်သည်ဟု မေမေသည် "အေး"ကို မကြာခဏ ပြောပြတတ်၏။

"သမီးလေးကို တနင်္ဂနွေသမီးမို့ သမီးလေးရဲ့ဖေဖေက သူ့နာမည် ကိုထွန်းခင်နဲ့ တွဲပြီး အေးခင်ခင်လို့ မှည့်မိတာကြောင့် သမီးဟာ သိပ်အေးဆေးလာတာလား မသိဘူး။ နို့စို့အရွယ်တုန်းကလဲ အိမ်မှာ ကလေးရှိတယ်လို့ ငိုသံတစ်ချက် မကြားရဘူး"ဟု ကျေနပ်သလိုလည်း တည်ငြိမ်လွန်းသော "အေး"ကို ပီတိသံနှင့် ဆိုသည်။

"အေး"သည် အသက်ခြောက်နှစ်လောက်မှာ မကြာခဏ

တက်တတ်သောရောဂါစွဲကပ်လာ၏။ ငွေကြေးတတ်နိုင်သော မိဘများဖြစ်၍ ကလေးရောဂါ အထူးကုသမားတော်ကြီးများနှင့် သမီး "အေး"ကို ကုသခဲ့၏။ မြန်မာသမားတော် သူငယ်နာ အထူးကုဆရာများနှင့်လည်း ကုခဲ့သည်။ သို့သော်...အေး၏ ရောဂါကား မသက်သာခဲ့။ ပိုးသာကုန် မောင်ပုံစောင်းမတတ်ဆိုသကဲ့သို့ ငွေသာကုန်ခဲ့ရ၏။

နောက်ဆုံး၌မူ အေးခင်ခင်၏ ကံကုသိုလ်ပါပဲ။ ထွက်ရပ်လမ်းကို ကျင့်ကြံနေသည်ဟု သတင်းကြီးနေသည့် ဆရာကြီးတစ်ဦးထံသို့ "အေး"၏ဖေဖေ ရောက်သွားသောအခါမှ "အေး"အတွက် ဖေဖေမေမေတို့ ရင်အေးသွားရသည်။ ဆရာကြီးသည် "အေး"၏ ဖေဖေပြောနေသည့် "အေး"၏ ရောဂါအခြေအနေကို နားထောင်ပြီးသောအခါမှာ–

"ကလေးကို ခေါ်လာခဲ့ပါ"

ဟု တစ်ခွန်းတည်းဆိုသည်။ တွေ့လျှင် "အေး"ကို စမ်းသပ်ကြည့်ရှုပြီး "ပယောဂလဲမရှိ၊ ရောဂါလဲမရှိ၊ စုန်းနတ် ပယောဂတို့၏ ဖမ်းစား နှိပ်စက်ခြင်းကို ခံရသူသည် ကလေးဖြစ်စေ၊ လူကြီးဖြစ်စေ၊ နေ့ခင်းနေ့လည်များတွင် ကြည်ကြည်လင်လင်နေ ထိုင်တတ်ကြကာ ညပိုင်းဘက်သို့ ရောက်လာသောအခါမှ ခြေ လက်များ ကုပ်လာခြင်း၊ ယမ်းခါလာခြင်းနှင့် အတွင်းတက်တက်သကဲ့သို့ တက်လာတတ်ကြသည်။ ဤကလေးမှာကား ဤသို့

မဟုတ်ဘဲ ခြေလက်များ တုန်ယမ်းခါခြင်းမျိုးလဲ လုံးဝမရှိ။ အတွင်း တက် သဘောမျိုးနှင့်သာ မိန်းမော သတိလစ်နေခြင်းမျိုး ဖြစ်၍ အစွဲတစ်ခုခုကြောင့် တက်နေခြင်းဖြစ်သည်။ ရှင်းရှင်း ပြောရလျှင် ဤကလေးသည် "ဘဝဟောင်းမှ လာသည့် ကလေးဖြစ်သည်" ဟု ရှင်းပြလေသည်။

"ဒါဖြင့် . . . ကျွန်မတို့ ဘာလုပ်ရပါ့မလဲ ဆရာကြီးရယ် ကျွန်မတို့ သမီးကလေးကို ကယ်ပါရှင်"

"အေး"၏ မေမေသည် ဘဝဟောင်းက လာသည်ဟု ကြားရသည်နှင့် အလွန်အမင်း ထိတ်လန့်သွားသည်။ ဘဝဟောင်းမှ လာသူများသည် လူ့ဘဝတွင် အသက်ရှည်ကြာစွာ မနေရဟု ကြားဖူးနားဝ ရှိထားသောကြောင့်လည်း တုန်လှုပ်သွားရခြင်းဖြစ်၏။

"ဒီလောက် မစိုးရိမ်ပါနဲ့။ ကလေးရဲ့ ကုသိုလ်ကံကလဲ ရှိပါသေးတယ်။ ဒါကြောင့် ကလေးအတွက် ယတြာ စီစဉ်ပေးလိုက်မယ်၊ မိဘတွေက ဂရုတစိုက်နဲ့ လုပ်ပေးပါ"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ လုပ်ပေးပါ့မယ်။ အမိန့်ရှိပါ ဆရာကြီး" "အေး"၏မိဘများက ပျာပျာသလဲ ကတိပေးကြလျှင် ဆရာကြီးက ယတြာကို ပြောပြလေသည်။

"ရှေးခေတ် ဘုရင့်သမီးတော်တွေ ဆင်ယင်ထုံးဖွဲ့သလို အင်္ကျီ၊ ထဘီ၊ ဆံပင်ကအစ ရွှေကတော့စွပ်နဲ့ ကလေးကို မကြာခဏ ဝတ်ဆင်ပေးပါ။ သူ့အရွယ်နဲ့ လဲလျောင်းနေထိုင်

လို့ဖြစ်တဲ့သလွန် ဒါမှမဟုတ် ညောင်စောင်းလိုမျိုးကို ရွှေရောင်နဲ့ လုပ်ပေးပါ။ မှိအုံးလိုမျိုးကိုလဲ တတ်နိုင်ရင် သူ့အရွယ်နဲ့ လိုက်အောင် လုပ်ပေးပါ။ အဲသလို လုပ်ပေးပြီးတဲ့အခါကို ဓာတ်ပုံကြီးကြီးရိုက်ထားပြီး သူမြင်သာတဲ့နေရာမှာ ထားပါ”

“အေး”ကို ဆရာကြီး ခိုင်းလိုက်သည့်အတွက် ဆင်ပြင်ကာ ဓာတ်ပုံရိုက်ပေးလိုက်သည်။ဓာတ်ပုံထဲတွင် သမီးကလေး“အေး”သည် မှိအုံးသုံးဆင့်ကိုမှီကာ သိမ်မွေ့စွာဖြင့် ပြုံးပြုံးကလေး ထိုင်လျက်ရှိသည်ကိုကြည့်၍ မေမေသည် “လှလိုက်တဲ့သမီးကလေး။ တကယ့်နန်းတွင်းသူ မင်းသမီးကလေးလိုပါပဲ”ဟု ပီတိဖြစ်ရလေသည်။ ထိုသို့ ပြုလုပ်ပေးပြီးသည့် အချိန်မှစ၍ အေးမှာ စွဲကပ်နေသည့် ဝေဒနာသည်လည်း ပျောက်ကင်းသွားခဲ့ရလေ၏။ မိဘနှစ်ပါးမှာ ဝမ်းသာလိုက်ရလေသည့်အဖြစ်၊ ဘုရားဝတ်ပြု၍ပြီးတိုင်း ဆရာကြီးကို ရည်မှန်း၍ပါ ပူဇော်ကန်တော့ခဲ့ပါ၏။ ပြုသမျှကုသိုလ် အစုစုကိုလည်း အမြဲပင် ဆရာကြီးအား အမျှပေးဝေခဲ့လေသည်။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်နှင့် သမီးကလေး အေးခင်ခင်၏ ကံကုသိုလ်ပါပဲ။ အေးသည် အသက်ခြောက်နှစ်မှ ဆယ့်ရှစ်နှစ်ကျော်ကျော်သို့ ရောက်လာသည့်တိုင် တက်တတ်သည့် ဝေဒနာကား လုံးဝပေါ်လာခြင်း မရှိတော့ပေ။

သို့ပါသော်လည်း . . . မေမေသည် “အေး”ကို ကိုယ်ဝန်

မရမီ တစ်နေ့သော ညအခါ၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေချိန်တွင် ထူးဆန်းသော အိပ်မက်တစ်ခုကို မက်ခဲ့ဖူးပါသည်ဟု ... "အေး"၏ ဖေဖေကိုထွန်းခင်ကို ပြောပြခဲ့ဖူးပါ၏။

*အထက်နှင့်အောက် အဝတ်ဖြူဝတ်ထားသည့် အဘိုးအိုတစ်ယောက်သည် အသက်သုံးလေးနှစ်အရွယ် ချစ်စဖွယ်ကလေးမလေးတစ်ယောက်ကိုခေါ်ပြီး အိမ်ပေါ်သို့ တက်လာသည်။ ကလေးမလေးသည် ဘုရင့်သမီးတော်ကလေးတစ်ပါးလို ဝတ်ဆင်လာသည့်အပြင် ကိုယ်ပေါ်မှာလည်း ရွှေလက်ကျပ်၊ ရွှေလက်စွပ်များနှင့်ဘယက်ဒွါဒရာအစုံကို ဆင်မြန်းထားပေသောကြောင့် ရွှေရောင်ကျောက်ရောင်များနှင့် ဝင်းဝင်းတောက်လျက်ရှိနေသည်။ အဘိုးသည် အိမ်ဦးခန်းတွင် ထားရှိသည့် ဖုံတစ်ခုပေါ်တွင် တင်ပျဉ်ခွေထိုင်သည်။ ကလေးမလေးက အဘိုးအို၏ တင်ပျဉ်ခွေထားသည့်ပေါင်ကိုမှီပြီး၍ နွဲ့နွဲ့ကလေး ထိုင်နေ၏။*

*"ဘာကိစ္စများ ရှိလို့ပါလဲ အဘိုး"*

*"အေး"၏ မေမေသည် ချစ်စဖွယ် ကလေးမငယ်ကိုမြတ်နိုးဖွယ်ဖြင့် ကြည့်ရင်းမှ အဘိုးကို မေးသည်။*

*"ဟောဒီ ကလေးကို သမီးတို့ဆီ အပ်ထားချင်လို့ကွယ့်။ လက်ခံနိုင်မလား"*

*အဘိုးစကားမှ မဆုံးခင် "အေး"၏ မေမေသည် ဝမ်းသာ*

*စွာဖြင့် "အို. . .လက်ခံနိုင်ပါတယ် အဘိုးလက်ခံပါ့မယ်၊ ဒါပေမယ့် ကလေးကိုယ်ပေါ်က ရတနာတွေကိုတော့. . ."*

*အဘိုးက ချက်ချင်းပင် လက်ကာပြလိုက်၏။ "အေး"၏ မေမေ စကားပြီးပြတ်အောင်ပင် မပြောရသေးမီမှာပဲ. . .*

*"ထား. . .ထား. . .ဒါတွေအားလုံးနှင့်အတူ ကလေးကို သမီးတို့ဆီ အပ်ထားခဲ့မှာ၊ သတ္တဝါတွေဟာ မိမိတို့ပဋ္ဌာန်းဆက်ရှိရာ မှာသာ နေထိုင်လို့ဖြစ်တာကွယ့်။ အကျိုးပေးမှလဲ အကြောင်းထင် တတ်တယ်။ ကဲ-အဘိုးသွားမယ်"*

"အေး"၏ မေမေသည် ရှင်လန်းတက်ကြွစွာဖြင့် အိပ်ရာမှ နိုးလာလျှင် ကိုထွန်းခင်က နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ။ ထို့ကြောင့် ဘုရားဆောင်သို့သွားကာ ကိုထွန်းခင် ဘုရားဝတ်ပြုလျှင် ထိုင်နေကျဖြစ်သည့် ဖုံကို လှမ်းကြည့်လိုက်သည်။

အို. . .လူတစ်ယောက် ထိုင်သွားခဲ့သလို . . .ဖုံသည် အလယ်တည့်တည့်မှာ ချိုင့်လျက် နက်ဝင်နေပါကလား။

ကိုထွန်းခင်ကို အိပ်မက်အကြောင်းပြောပြတော့ "အိပ်မက် မှန်ပါစေလို့ ဆုတောင်းပေါ့ကွာ၊ မင်းအိပ်မက်ထဲက ချစ်စရာ သမီးကလေးဟာ တို့များရဲ့သမီးကလေး ဖြစ်လာမယ်ဆိုရင် အတိုင်း အထက်အလွန် ဝမ်းသာစရာ အဖြစ်တွေပေါ့"ဟု ကိုထွန်းခင်ကိုပါ အပျော်များကူးသွားပြီး ဝမ်းမြောက်ဝမ်းသာ ပြောသည်။

သမီးကလေးကို ဤသို့ အိပ်မက်ပေးပြီး မကြာခင် မွေးလာ



http://www.cherrythitsar.org

လေသည်။ အိပ်မက်ထဲကအတိုင်း သမီးကလေးဟာ ဘုရင့်သမီးတော်ကလေးလိုပါပဲလားဟု "အေး"၏ အနေအထိုင် အပြောအဆိုနူးညံ့မှုများကို ကြည့်ကာ "အေး"၏မေမေမှာ ရင်ဖိုနေမိသည်က အကြိမ်ကြိမ်။

ဩော် . ° . ° .သမီးကလေး အေးခင်ခင်ရယ်။

ဤကဲ့သို့ ထူးဆန်းစွာသော အိပ်မက်ဆန်းနှင့်အတူ ရလာသည့် သမီးလေးကို မေမေသည် အရိပ်တကြည့်ကြည့်သာ နေခဲ့လေသည်။ အိပ်မက်နှင့် ပတ်သက်၍တစ်ခွန်းတစ်ပါဒမျှ အသိမပေးခဲ့ပေ။ သမီး"အေး" သိနားလည်တတ်သည့် ရှစ်နှစ်ကိုးနှစ်ကျောင်းနေ၍ ဒုတိယတန်းသို့ရောက်နေပြီဖြစ်မှ "အေး"က မေမေ့ကို မေးလေသည်။

"မေမေ . ° . ° .သမီးငယ်ငယ်က သလွန်တွေ မှိုအုံးတွေဘာဖြစ်လို့ လုပ်ပေးတာလဲဟင်၊ ပြီးတော့ ဟိုရှေးရှေးက ရှင်ဘုရင့်သမီးတော်တွေလို အဝတ်အစားတွေဝတ်ပြီး ဓာတ်ပုံရိုက်ထားပေးတာလဲ"

ဟု သိချင်သလို မေးလာသောကြောင့် "သမီး ဖေဖေပေါ့ကွယ်၊ သမီးကို အဲသလိုဆင်ပြီး ဓာတ်ပုံရိုက်ချင်လို့တဲ့"ဟု မေမေသည် မုသားလွတ်သောစကားဖြင့် ပေါ့ဆစွာ ဖြေခဲ့လေသည်။

"သမီးကို သူငယ်ချင်းတွေကလဲ မေးကြတယ် မေမေ"

"အေး"၏ မေမေသည် ရင်ကိုလက်ဝါးနှင့်ဖိကာ"ဘုရား"



http://www.cherrythitsar.org

တနေရင်းမှ "ဘာတွေမေးလဲသမီး"ဟု အသံကိုထိန်းချုပ်ပြီး ပြန်မေးလျှင် "အေး"တို့က ဘုရင်မျိုးတွေလားတဲ့"ဟု ပြုံးလျက်ဖြေသည်။ "သမီးက ဘယ်လိုပြောလိုက်လဲ"

"မဟုတ်ပါဘူးလို့ ပြောလိုက်တာပေါ့၊ မဟုတ်ဘူး မဟုတ်လား မေမေ"

"အေး"၏မေမေသည် သမီးစကား အဆုံးသတ်လိုက်တော့မှပင် သူ့ရင်ထဲ၌တထိတ်ထိတ်ခုန်နေသည့် နှလုံးအိမ်မှအသံ ငြိမ်သက်သွားတော့သည် ထင်ပါ၏။ ထို့ကြောင့် သမီးလေးကိုဖက်ကာ"သမီးပြောတာမှန်တယ်။ မေမေတို့က ကုန်သည်မျိုးရိုးတွေပါ၊ ဘုရင်မျိုးတွေနဲ့ ဘာမှမဆိုင်ပါဘူး၊ အဝေးချည်း"ဟု ရှင်းပြလိုက်သည်။

* * * * *

"အေး"သည် ထူးဆန်းစွာသော သူ့အိပ်မက်ကို ရင်ထဲမှာပဲ သိုဝှက်ထားလိုက်၏။ မေမေ့ကိုလည်း ပြောမပြချင်။ မေမေသိလျှင် စိတ်ပူနေဦးမည်။ သမီး "အေး"နှင့် သတ်သက်သမျှသောအကြောင်းအရာအားလုံးကို အပ်ကျသည်ကအစ သိထားချင်သောမေမေဖြစ်လေသည်။

အရွယ်ကလေး ရလာသည်နှင့်အမျှ တစ်နေ့တစ်ခြား အလှသွေးကြွလာသည့် "အေး"သည် ကလေးဘဝတုန်းကလို ဝေဒနာရှင်ကလေးမဟုတ်တော့ပေသည့် တစ်ခါတစ်လေတွင် ခေါင်းမူးတတ်သည်။ မူးသည်ဟုဆိုသည်နှင့် သတိပါလစ်သွားတတ်၍ မေမေသည်

"အေး"ကို အရိပ်ကြည့်နေရ၏။ ဆရာဝန်များက အေးမှာသွေးအားနည်းသည်။ ကြက်အမြစ်အသည်းကို မကျက်တကျက်ပြုတ်ပြီးလျှင်သုပ်၍ကျွေးပါ။ ပျားရည်စစ်စစ်ကိုသောက်ပါဟု ညွှန်ကာ သွေးအားတိုးစေသည့် ဆေးဝါးများကို ပေးသည်။

ဤဝေဒနာကြောင့် ဘဏ်ကောင်းပါသော်လည်း "အေး"သည် ဆယ်တန်းအထိသာကျောင်းနေခဲ့ရ၏။ အထူးသဖြင့် ပူအိုက်သော နွေရာသီသို့ရောက်တိုင်း "အေး" နေထိုင်မကောင်းဖြစ်တတ်ပါ၍ အေးမြသော သစ်ကြီးဝါးကြီးများဖြင့်အုပ်မိုးထားသည့် အိမ်ကြီး၏ အရိပ်အောက်မှာပဲ "အေး"သည် အပေါင်းအသင်းနည်းပါးစွာဖြင့် မိဘများ၏ မေတ္တာရိပ်မှာ မှေးမှိတ်နေထိုင်လာခဲ့သည်။

မေမေ့ထံမှ ဓာထိုးပန်းထိုး၊ သိုးမွေးထိုးစသည့် လက်မှုပညာများကို "အေး"စိတ်ပါဝင်စားပါသည်။ ဒါပေမယ့် မေမေသည်တတ်သည်ဆိုရုံမျှသာ သင်ပေးသည်။ သမီး"အေး" အညောင်းမိမည်စိုး၍ အားတက်သရောမရှိလှ။ ဖေဖေကမူ သူကိုယ်တိုင်မှာလည်း ကာလသားဘဝတွင် ဘင်ဂျိုအတီးကောင်း ဖြစ်ခဲ့၍ ဂီတမျိုးစေ့ပါလာသူပီပီ သမီးအေးကို "စန္ဒရားအတီးသင်ပါလားသမီး"ဟု တိုက်တွန်းသည်။

"အေး"က ဟုတ်တယ် ဖေဖေ။ သမီးလဲ စန္ဒရားတီးတတ်ချင်တယ်"ဟု ဆိုရုံနှင့်ပင် ဖေဖေသည် သူနှင့်အလွန်ရင်းနှီးသည့် စောင်းဆရာကြီး ဦးဘသန်း အကူအညီဖြင့် ဆရာကြီး၏



http://www.cherrythitsar.org

နှမဖြစ်သူ စန္ဒရားဆရာမ ဒေါ်တင်အုံးထံမှာ "အေး"စန္ဒရားအတီး သင်ခဲ့ရသည်။ သည်လိုတော့လည်း . ° . ° . ိ "အေး"သည် တကျတကျ ကြွကြွ ရှိလှသည်။ ဝါသနာပါသော အလုပ်ကို လုပ်နေရသည့်အတွက် သမီး"အေး"ကို ကြည့်ရသည်မှာ အခါတိုင်းထက်ပင် တက်ကြွနေ သည်ဟု မေမေအကဲခတ်မိပါ၏။

* * * * *

ဘဝတွင် ပူပန်ကြောင့်ကြဖွယ်ရာ ဘာတစ်ခုမှမရှိဘဲ အရွယ်ရောက်လာခဲ့ရသည့်"အေး"သည် သူ့အသက်နှစ်ဆယ်ပြည့် သွားသည့် ကဆုန်လဆန်းတစ်ရက်နေ့ညသို့ ရောက်ခါမှ ထူးဆန်းလှ စွာသော အိပ်မက်ကို မက်မိကာ တည်ငြိမ်နေသော စိတ်ကလေး သည် ရေအလျဉ်ထဲသို့ ခဲတစ်လုံးပစ်လိုက်သလို ရေမြှုပ်ကလေးများ ဗလုံစီထလာပြီးလျှင် ရေဂယက်ကလေးများ လွင့်စင်ကြဲပက်သွား ရသကဲ့သို့ မတည်မငြိမ် ခံစားနေရလေ၏။ ပျံ့လွင့်နေသည့် အာရုံ ကို မည်သို့မျှ ငြိမ်သက်သွားအောင် မစွမ်းဆောင်နိုင်ခဲ့။

"နှမတော်လေး မြစိမ်းနွယ်"

ဟူသော သူ၏ဆွေးလျစွာဖြင့် ခေါ်နေရှာသောအသံကိုသာ "အေး"သည် အချိန်တိုင်း ကြားယောင်နေမိလေသည်။ "အသား ရောင်ကဝင်းဝင်း မျက်ခုံးနှစ်ဖက်ကထင်းထင်း၊ သူ့မျက်နှာကို အပြင်မှာလဲ တစ်ခါမျှ မမြင်ဖူးပါဘူး။ ဘယ်လိုပါလိမ့်"ဟု မမေ့ နိုင်အောင် မှတ်မိနေ၏။



http://www.cherrythitsar.org

"နမတော်ရယ် ပြန်လာပါတော့ကွယ်၊ မောင်တော်လွမ်းလှပါပြီ"တဲ့။ "သူနဲ့ငါ ဘာတော်ကြပါလိမ့်၊ ချစ်သူတွေလား၊ ဒါမှမဟုတ် ဇနီးမောင်နှံလား၊ စဉ်းစားရခက်လိုက်တာနော်"

စိတ်ရှုပ်ထွေးစွာဖြင့် အေးသည် စန္ဒရားခုံမှာ သွားထိုင်လိုက်သောအခါ ပန်းသွေးရောင် နှင်းဆီပွင့်ကလေးများကို ဝေဆာအောင် ထိုးထားသည့် ကြွေပန်းအိုးလှလှကလေးက "အေး"ကို ဆီးကြိုနေ၏။ "အင်း...ပိန်းကလေးကလဲ ပန်းရောင်သွေး" ဟု"အေး"သည် အိပ်မက်ထဲမှ ပန်းဆီသွေးရောင် ချိပ်ပုဆိုးနှင့် သူ့ကို ဖျတ်ခနဲ မြင်ယောင်လိုက်ပြန်သည်။

စန္ဒရားခလုတ်ကလေးများပေါ်သို့ တို့ထိလိုက်ပြန်လျှင် ဆရာမသင်ထားပေးသည့် သီချင်းကြီးများစွာရှိပါသော်လည်း မဟာဂီတထဲမှ သူအနှစ်သက်ဆုံးဖြစ်သည့် သီချင်းတစ်ပုဒ်ထဲမှ သီချင်းသံစဉ်များက လွမ်းဆွတ်ဖွယ်ရာ ပေါ်လာပြန်သည်။

"ဟေမဝန်ချာ...သီတာတောင်တောသာတယ်ကို...ကြော့ဆုံးမေ့စံရာ...ဘယ်မှာမှန်း သိနိုင်ပါ။ အို...တိုင်းရွှေပြည် ငယ်လေ ကွာလှမ်းဝေး သည်မြိုင်စွန်းက တစ်ခွန်းငယ်ခေါ်ယောင် ကြားပြန်ပြီ မောင့်မှာလေ..."

"အေး"သည် မသိစိတ်များဖြင့် ဤအပိုဒ်ကိုပဲ ထပ်ကာကျော့ကာ တီးနေမိရင်းဖြင့် သူ့အာရုံတွင် ကျောက်တောင်သေလာ၊

ရေတံခွန်ဖြာလျက်ရှိသည့် ပန်းစုံပေါ်သော တောတစ်ခုကို မြင်လာ၏။ ထိုအခါ၌ သူ့ရင်ထဲမှာ ဟိုက်ဖိုမောလာသလိုပင်။ ဘယ်လိုဟာတွေ ပါလိမ့်ဟူသော အတွေးကြောင့် စိတ်ထဲ၌ မအီမသာဖြစ်လာသည်။ ငိုချင်နေတာလားဟု သူ့စိတ်ကို ဆန်းစစ်မိပြန်သည်။ ငိုချင်တာလည်း မဟုတ်ပေ။ စိတ်နှလုံးနောက်ကျို ရှုပ်ထွေးနေတာမျိုး ဖြစ်ပါလိမ့်မည်ဟု "အေး" ထင်၏။

* * * * *

*ထိုညမှာပဲ "အေး" သည် ခေါင်းပေါင်းဖြူ၊ အဝတ်ဖြူများ ဝတ်ထားသည့် အဘိုးတစ်ဦးကို အိပ်မက်ထဲတွင် မြင်ရပြန်သည်။ အဘိုးကို မြင်ရသည်မှာ ကြည်ညိုလေးစားဖွယ်ရာ ရှိလှပါ၏ဟု "အေး" သည် နဖူးပေါ်လက်တင်၍ ပုဆစ်တုပ်ထိုင်ကာ ရှိသေစွာဖြင့် တအောင့်မျှ ကြည့်နေပြီးမှ "အေး" ကို စကားတွေ အများကြီး ပြောလေသည်။ အဘိုး၏ စကားသံသည် ကြည်လင်ပြတ်သားလှပါ၍ "အေး" သည် နားထောင်နေရင်းမှ နားဝမှာကြားနေရသည်များ အား ရင်ထဲမှလိုက်သိကာ မှတ်မိနေပါတော့၏။*

*"သမီး . . . အပူတွေများနေသလား။ ရတနာသုံးပါးကို မပြတ်ဆည်းကပ်၊ သောကဗျာပါဒဆိုတဲ့ အပူမီးကို ငြိမ်းသတ်နိုင်တဲ့ နည်းက ဒီတစ်နည်းပဲရှိသကွယ့်။ တစ်နေ့တော့ သမီးအပူတွေ အားလုံး အေးချမ်းသွားကုန်ကြမှာပါ။ လူအဖြစ်ကို ရတဲ့နေ့ကစပြီး*

အပူအမျိုးမျိုးကို တွေ့ကြုံခဲ့ရတဲ့ အဘိုးဘဝမှာ သမီးထက်အများကြီး ပိုဆိုးခဲ့ဖူးတယ်။ လူမိုက်လူညစ်လို ဒုက္ခကြီးတွေဖြစ်ခဲ့ရပေါ့။ စင်စစ်မှတ်ဖွယ်၊ အကုသိုလ်အလွန်များသူကို ဘုရားတောင် ကယ်နိုင်ဖူးကွယ့်၊ မြော်ရွယ်ဆင်ခြင်း၊ ကုသိုလ်ထောက်ပင့်၊ ကျိုးပေးချိန်သင့်တော့မှ၊ ဆွဲမြှင့်၍တင်တတ်သည်”ဟု အဘိုးရွတ်နေ၏။

“အဘိုးက ဘယ်သူလဲဟင်၊ အဘိုးကို သမီးလဲ မသိပါလား”

“အိမ်း– အေးကွယ့်၊ သမီး အဘိုးကို ဘယ်သိနိုင်ပါ့မလဲလေ။ သမီးမှမဟုတ်ဘူး။ အဘိုးကို သိသူရယ်လို့ အခုအခါမှာ မရှိနိုင်ဘူး။ သမီးကိုသာ ဟိုး . . . အစဉ်အဆက်က အနွယ်မပြတ်ခဲ့တာမို့ အဘိုးစောင့်ရှောက်ခဲ့တာ။ အဘိုးရှင်းပြမယ်။ ပထမံအတတ်နဲ့ ထွက်ရပ်ပေါက်သွားတဲ့ ဘိုးဘိုးအောင်ဆိုတာကို သမီးကြားဖူး သလား”

“ဟုတ်ကဲ့ ကြားဖူးပါတယ်”

“အဲဒါ အဘိုးပဲကွယ့်။ အမရပူရဘုရင် ဦးဝိုင်း လက်ထက်မှာ **“မမလေးရင်ခွင်ကြား၊ လေးရွာသားတဲ့ ဆုံလိမ့်မယ်၊ ဘယ်သူ မျက်ချိုဖမ်းလို့၊ မှန်းပါရမယ်”ဆိုတဲ့** တဘောင်ပေါ်လာတယ်။ တဘောင်ဆိုတာ နားလည်ရဲ့လား ရပ်ထဲ ရွာထဲမှာ သူ့အလိုအလျောက် သဘင်သည်၊ အရူး၊ ကလေးသူငယ်တွေက

သူတို့ပါးစပ်ထဲမှာပေါ်လာပြီး ဆိုကြ၊ ပြောကြတာတွေကို တဘောင် လို့ခေါ်တယ်ကွယ့်။

အဲသလို တဘောင်မျိုး အမရပူရ မြို့တော်ပေါ်မှာ အဆိုအပြော များလာတဲ့အခါ နန်းတွင်းပညာရှိတွေက ဘုရင်ဦးဝိုင်းကို သံတော်ဦးတင်ကြတယ်။ ဒီတော့ တဘောင်ရဲ့အဓိပ္ပာယ် ဘယ်လိုရှိသလဲလို့ ဘုရင်ကမေးတယ်။ ပညာရှိတွေက အရှင်မင်းမြတ်လက်ထက်တော်မှာ နိုင်ငံတော်ကို ပုန်ကန်ရန်ပြုသူများ ပေါ်လာမည်ဖြစ်ကြောင်း၊ ရန်ပြုသူတွေဟာ တစ်ဦးတစ်ယောက်တည်းမဟုတ်ဘဲ ရွာပေါင်းလေးရွာမှ နေကြတဲ့ လူလေးဦးက ခေါင်းဆောင်ကြမှာဖြစ်ပါကြောင်းလို့ ပညာရှိတွေက တဘောင်ကို နိမိတ်ဖက်လို့ ရထားသမျှ ဘုရင်ကို လျှောက်ထားကြတယ်။

ဒီတော့ ဘုရင်ဖြစ်သူက အထောက်တော်တွေကို စေလွှတ်ပြီး စုံစမ်းစေတယ်။ ရပ်ထဲရွာထဲမှာ လူသိများတဲ့သူ၊ ဒါမှမဟုတ် လှုပ်လှုပ်ရှားရှားနဲ့ သွားလာနေတဲ့သူဆိုရင် ဘုရင်ကို ပုန်ကန်မယ့်သူတွေလို့ အထောက်တော်တွေက ယူဆတယ်။ ဒါ့ကြောင့် ရပ်ထဲရွာထဲမှာ လူသိများတဲ့ ပြည်မြို့က မောင်ဂေါင်း၊ ပန်းတောင်းက မောင်ကြန်၊ နဝင်းက မောင်စောလှိုင်တို့ သုံးဦးကို အထောက်တော်တွေက ဖမ်းသွားကြတယ်"

"ဟင် . . . သိမီးကြားဖူးတာက အဘိုး ဘိုးဘိုးအောင်ကိုပါ ဖမ်းတယ်ဆို . . ."



http://www.cherrythitsar.org

*"အင်း . ° . ° . ဖိမ်းတယ်လေ၊ မောင်အောင်ဆိုတာကလဲ ပြည်မြို့တစ်ဝိုက်မှာလှည့်ပြီး ခွေးပေါင်းတစ်ထောင်လောက်ကို ဆန်နှစ်လုံးချက်လောက်သာဝင်တဲ့ စလယ်ဝင်အိုးထဲက ထမင်းတွေ ကိုနှိုက်နှိုက်ပြီး ကျွေးလိုက်တာ မကုန်နိုင်ဘူးလေ။ ဒီတော့ မောင်အောင်နာမည် သိပ်ကြီးနေတော့ တဘောင်နဲ့ကိုက်တယ်ဆိုပြီး ပြည်မြို့ဝန်က ဘုရင့်ဆီ ဖမ်းပို့လိုက်တာပေါ့ကွယ်။*

*အဲဒီတော့ . ° . ° . အဘိုးက လုပ်ရတ်မှာ အောင်မြင်နေပြီ။ ဘုရင်ဦးဝိုင်းကို ပညာပြချင်လို့ အင်္ဂလိုက်သွားတာကွယ့်။ ပညာ မပြည့်စုံခင်ကတော့ ပြည်တစ်မြို့လုံးက ခွေးတစ်အုပ်နဲ့ ရှုပ်ထွေးနေတဲ့ အဘိုးကို အထင်မြင်သေးပြီး အရူးလို့တောင် သတ်မှတ်ကြသေးရဲ့။*

***"အရပ်လျှောက်၊ မွေနှောက်လည်၊ အတည်မကျ၊ ဗာဟီလိုက်၊ မိုက်လေစွဟု၊ မောဟချိန်ဝင်၊ အရူးလို့ပင် ထင်ကြလေတယ်"*** *ဆိုသလိုပေါ့။ ဦးဝိုင်းဆီ လိုက်သွားရတဲ့ အချိန်မှာတော့–*

***သိသက်သည့်ဝိပါက်၊ ဂငယ်ပညတ်နှင့် သုဒဿန၊ ကျောင်းတော်ကလျှင်၊ ရာရှစ်ကွက်ရွေ၊ ထိန်ထိန်ဝေရာတွင်*** *ဆို သလို အဘိုးအတွက် စေလိုရာ စေနိုင်ပြီမို့ သုဒဿနတောင်ပေါ်မှာ မနေတော့ဘဲ ဒုက္ခရောက် အားငယ်နေသူတွေကို ကယ်တင်စောင့်ရှောက်ချင်လို့ နယ်တကာ လှည့်နေတဲ့အချိန်ကွယ့်"*

*"အဘိုးရယ် အဘိုးတို့ သူတော်စင်တွေက ကယ်မနေ*

တယ်သာဆိုရင် သမီးမြင်ရတာမှာတော့ ဒုက္ခဆင်းရဲရောက် နေသူတွေဟာ အများကြီးပါလား။ အဘိုးတို့  ကယ်ဆယ်စောင့်ရှောက်နေတာက ဘယ်လိုလူတွေကိုလဲ”

“သမီးရယ် အဘိုးရှင်းပြမယ်၊ သေသေချာချာ နားထောင်ကွယ့်၊ သမီးကျောင်းမှာ စာသင်ရတော့ အတန်းတက်ချင်ရင် စာကျက်ရတယ် မဟုတ်လား”

“ဟုတ်ပါတယ်အဘိုး”

“အေးကွယ့် စာကျက်မှ စာမေးပွဲ အောင်တတ်သလို အဘိုးတို့ သူတော်စင်များကလည်း အဘိုးတို့ချမှတ်ထားတဲ့ ကျင့်စဉ်နဲ့ ညီညွတ်အောင် ဆောက်တည်နေထိုင်သူများကိုမှ ကူညီစောင့်ရှောက်တယ်။ သမီးတို့လောကမှာ အစိုးရအမှုထမ်းတွေဟာ လခလိုချင်ကြလို့ အမှုထမ်းနေကြတာ မဟုတ်လား”

“ဟုတ်ပါတယ် အဘိုး”

“အင်း. . . အဘိုးတို့မှာလဲ အဲဒီအတိုင်းပဲပေါ့။ အမှုကိုထမ်းမှ လခကိုပေးနိုင်မှာပေါ့။ မိမိကို မကူညီလို့ မိမိဆန္ဒမပြည့်ဝလို့ လောကမှာ သူတော်စင်တွေ၊ ဝိဇ္ဇာတွေ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေ မရှိဘူးလို့ မထင်ကြ မပြောကြနဲ့။ သမီးတို့ ပတ်ဝန်းကျင်မှာ အဘိုးတို့လို ပုဂ္ဂိုလ်တွေ အများကြီးရှိကြတယ်။ အဘိုးပြောတာတွေကို မှတ်မိနေအောင် မှတ်ထား. . . သမီးအတွက် အသုံးဝင်လာလိမ့်မယ်။ သောကတွေကို ဖျောက်၊ အလိုက်သင့်နေ၊ ရတနာသုံးပါးကို မပြတ်ဆည်းကပ်”

* * * * *



http://www.cherrythitsar.org

အေးသည် ကျောင်းနေစဉ်အခါက ဉာဏ်ကောင်းသည်ဟု ဆရာ၊ ဆရာမများ၏ ချီးကျူးခြင်းကို အကြိမ်ကြိမ် ခံခဲ့ရပါသည်။ ဖေဖေသင်ပေးသမျှသော ပရိတ်ကြီးဆယ့်တစ်သုတ်ကို အကုန်ရအောင် ကျက်မှတ်နိုင်ခဲ့စဉ်ကလည်း "သမီးတော်တယ်ဟေ့ . . . ဖေဖေ့ထက်တောင် ဉာဏ်တော်တယ်" ဟု အားရပါးရ ဖေဖေ ပြောဖူးလေသည်။

သို့ပေသည့် အိပ်မက်ထဲမှာ တွေ့လိုက်ရသည့် အဘိုး၏ စကားအားလုံးကို တစ်လုံးမကျန် မှတ်မိနေသည်မှာတော့ အမှန်ပဲ အံ့ဩဖို့ကောင်းလှသည်ဟု အေးခင်ခင်သည် သူ့ကိုယ်သူ ထင်မိခဲ့လေသည်။ အဘိုးပြောသွားခဲ့သည်မှာ အများကြီးပင်၊ မှတ်မှတ်သားသားလည်း ရှိသင့်သည်ထင်၍ ဤတစ်ကြိမ်၌ အိပ်မက်ကိုတော့ မေမေ့ကို "အေး" ပြောပြသည်။ မေမေသည် "အေး" စကားအားလုံးပြီးဆုံးသည်အထိ "အေး" မျက်နှာလေးကို ငေးစိုက်လျက်ရှိသည်။ ခေါင်းမငဲ့ လည်မလှည့်ဘဲ အသက်ပင်မရှူမိဟု ထင်သည်။ နားထောင်ရင်းဖြင့်လည်း သမီး "အေး" ကို . . . ခေါ်လာပေးတဲ့ အဘိုးပဲ ဖြစ်လိမ့်မည်ဟု သိလိုက်ပါသည်။

"ဩော် . . . သမီးလေးအဖြစ်က ထူးဆန်းပြီးရင်း ထူးဆန်းလှပါကလား" ဟုလည်း ရင်ထဲမှာ ရေရွတ်နေမိလေသည်။

"အေး" သည် အိပ်မက်များ၏ ထူးဆန်းစွာ ကြုံတွေ့ရမှုများအား နှစ်ကြိမ်တိုင်တိုင် ကြုံဆုံလိုက်ရပြီးသည့်နောက် တစ်နှစ်



http://www.cherrythitsar.org

လောက် ကြာသည်အထိ မက်ရိုးမက်စဉ် အိပ်မက်များမှလွဲ၍ မည်သည့်ထူးဆန်းစွာသော အိပ်မက်ကိုမျှ မမက်တော့ပါ။ ထို့ကြောင့် “အေး”စိတ်များ အနယ်ထိုင်သွားကာ ပိုမိုအေးချမ်း၍ လန်းဆန်း လာသည်ဟု ထင်လေသည်။

မိသားစု သုံးဦးသာနေထိုင်သည့် “အေး”တို့အိမ်သည် တရားရိပ်သာတစ်ခုလို အမြဲပင် တိတ်ဆိတ်အေးချမ်းလှပါသည်။ “အေး”၏ စန္ဒရားသံကလေးများ လွင့်ပျံ့လာသောအခါမျိုးနှင့် တစ်ခါ တစ်ရံ“အေး” ဆွယ်တာထိုးလေ့ရှိသည့် စက်သံကလေးမှလွဲ၍ အိမ်ကြီးသည် မည်သည့်အသက်အသံကိုမျှ မကြားရတတ်ပေ။

သို့ပေသည့် “အေး”မေမေ၏ညီမ ဒေါ်လေးမြတစ်ယောက် ဖျာပုံမှနေ အလည်ရောက်လာတတ်သည့် အခါမျိုး၌မူ အေးတို့ အိမ်ကြီးသည် ဆူညံသွက်လက် လှုပ်ရှားလာလေသည်။ ဒေါ်လေးမြသည် အချက်အပြုတ် ဝါသနာပါလာသူဖြစ်၍ သူရောက်လာလျှင် နေ့လယ်စာကို မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ငါးထမင်းချဉ်သုပ် စသည်ဖြင့် တစ်နေ့တစ်မျိုး လုပ်ကျွေးသည်။ နေ့လယ်စာ စားကြရင်း ဟိုအကြောင်း၊ ဒီအကြောင်းစုံအောင် ပြောပြတတ်သည့် ဒေါ်လေးမြကြောင့် စကားဝိုင်း စိုပြည်လှသည်။ “အေး”၏ဖေဖေက “အင်း...မိခင်မြ ရောက်လာမှပဲ တို့မှာ အစားကောင်းလဲစားရ သတင်းစုံလဲကြားရတယ်”ဟု သြဘာစကားပြောလျှင် မေမေက ပြုံးလျက်ရှိ၏။



http://www.cherrythitsar.org

ဒေါ်လေးမြသည် ဖျာပုံနှင့် ရန်ကုန် မဝေးလှသည်ဟု "အေး"တို့ဆီသို့ မကြာမကြာ ရောက်လာတတ်လေသည်။ ရောက်လာလျှင်လည်း အေးဆေးစွာဖြင့် လေးရက်ငါးရက် ကြာနေသွားသည်။ ထိုသို့ နေသွားသောရက်များတွင် ဒေါ်လေးမြနှင့် မေမေသည် တိုးတိတ်စွာဖြင့် စကားလက်ဆုံ ကျတတ်သည်။ ထိုအခါမျိုးတွင် အေးခင်ခင်အတွက် အားကိုးစောင့်ရှောက်ရမည့် အိမ်ထောင်ရှင်ကောင်း လိုအပ်ကြောင်းများကိုပါ ဒေါ်လေးမြက သတိပေးတတ်လေသည်။

အေးသည် အသက်နှစ်ဆယ်မှ ကျော်လာပြီးဖြစ်၍ အိမ်ထောင်ပြုသင့်သော အရွယ်ဟု မေမေကလည်း သိပါသည်။ မေမေသည်လည်း သမီး "အေး" အတွက် အားကိုးထိုက်သည့် သမက်ကောင်းတစ်ယောက် ရနိုင်ရန် မျက်စိကိုလည်း ဖွင့်ထားသည်။ နားကိုလည်း စွင့်ထားပါသည်။ သို့သော်. . .ခက်နေသည်က "အေး"ဖြစ်သည်။ "အေး"သည် မိန်းမသားပီသစွာဖြင့် ချစ်မှုချစ်ရေးကိစ္စများတွင် စိတ်ဝင်စားမှုရှိသည်ကို လုံးဝမတွေ့ရသောကြောင့် မေမေသည် မိဘဟူသော အခွင့်အရေးကြီးနှင့် သမီး"အေး" ကို လုံးဝ မချုပ်ချယ်လိုပါ။ သမီး"အေး" စိတ်ချမ်းသာသလိုသာ နေပါစေဟု အရိပ်အကဲကြည့်ကာ နေခဲ့၏။

"အေး"သည် မိန်းမသားဖြစ်နေပါ၍ မိန်းမသားတို့၏ သဘာဝအတိုင်းတော့ ရှိခဲ့လေသည်။ ကျောင်းနေခဲ့စဉ် ကိုးတန်းကျောင်းသူလေးဘဝ၌ ကျောင်းနေဘက်ဖြစ်သည့် မြတ်စိုးထွန်းကို

တွယ်တာခဲ့ဖူး၏။ မြတ်စိုးထွန်းနှင့် "အေး"သည် သူငယ်ချင်း ဘဝ ငယ်ကာလကတည်းက သံယောဇဉ်တွယ်ငြိလာကြသူများ ဖြစ်သည် ကို အတန်းဖော်များကလည်း သိရှိထားကြလေသည်။ သို့သော် ဆက်ဆံမှုတည်ကြည်သည့် သူတို့နှစ်ဦးကို မည်သူကမျှ နောက် ပြောင် ကျီစယ်ခြင်း မရှိခဲ့ပါ။ ဆယ်တန်းများ ဖြေဆိုခဲ့ကြသည့် နှစ်မှာပဲ စာမေးပွဲ ဖြေဆိုပြီးသည်နှင့် မြတ်စိုးထွန်းသည် သူငယ် ချင်းများနှင့် ကျောင်းဘေးရှိ ရေကူးကန်တွင် ရေဆင်းကူးရင်း ကွယ်လွန်ခဲ့ရသည်။ သားကြီး၊ သားဦးဖြစ်သော မြတ်စိုးထွန်း ကွယ်လွန်သွားရှာခြင်းကြောင့် မုဆိုးမဖြစ်သော မိခင်မှာ သောက ပရိဒေဝမီးကို ရှူးမတတ် ခံစားလိုက်ရသည်ကိုကြည့်ကာ "အေး" သည်လည်း ချစ်ဦးသူအတွက် အိပ်မပျော်သော ညပေါင်းများခဲ့ရ ပါသည်။

"အေး"မေမေသည် ဤအကြောင်းများကို ဘာမျှမသိပါ။ အနေအထိုင် သိုသိပ်လွန်းသည့်သမီး ခုတလော အစားအသောက် နည်းပါးနေသည်ကိုသာ ... အကဲခတ်ပြီး "သမီး ထမင်းစားတာ သိပ်နည်းတာပဲ၊ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"ဟု စိုးရိမ်ကြီး စွာ မေးတတ်၏။ "အေး"ကျောင်းမှထွက်ပြီး သုံးနှစ်လောက်အကြာ တွင် "အေး"ဖေဖေ၏ မိတ်ဆွေက "အေး"ကို သူ့သားနှင့် လက်ဆက်လိုသည်ဟု စကားကမ်းလှမ်းလာသည်။ ဆွေကောင်းမျိုး ကောင်း၊ အတွင်းသိအပြင်သိများ ဖြစ်ကြသောကြောင့် ဖေဖေသည် ထိုကိစ္စကို လက်ခံလိုသည်။ မေမေကလည်း ခေါင်းညိတ်သည်။



http://www.cherrythitsar.org

သို့သော် "အေး"က ခေါင်းခါလိုက်၏။ "သမီး . . .ဒီလိုပဲ နေပါရစေ"ဟူသော စကားတစ်ခွန်းကိုသာ ပြန်ပြောခဲ့၏။

မှတ်မှတ်ရရ ဒေါ်လေးမြ ဖျာပုံသို့ ပြန်သွားသည့် နောက် တစ်နေ့တွင် "အေး"သည် ထူးဆန်းအံ့ဖွယ်သော အဖြစ် တစ်ခုနှင့် ကြုံရပြန်၏။ ထိုကြုံရချက်သည် ရင်ဖိုရမည်လား။ ထိတ်လန့်ရမည်လားဟု "အေး" သည် ယနေ့တိုင်အထိ တွေး၍ မရနိုင်ခဲ့ပါ။

နံနက်စာ စားသောက်ပြီးစ အချိန်များတွင် "အေး"သည် သူ့အိပ်ခန်းတွင်းရှိ ခုတင်ပေါ်တွင် နားနေလဲလျောင်းလေ့ရှိသည်။ တစ်ခါတစ်ရံ အိပ်လျက်အနေအထားဖြင့် စာဖတ်သည်။ စာဖတ် နေရင်း အိပ်ချင်သလို ဖြစ်လာလျှင် စာအုပ်ကို ဘေးမှာချထား၍ ခေတ္တမျှ မှေးမှိတ်နေလိုက်လေသည်။

ထိုနေ့ကတော့ "အေး"သည် စာမဖတ်ပါ။ ပက်လက် အနေအထားဖြင့် လက်နှစ်ဖက်ကို ဘေးတွင်ချထားလျက် မျက် တောင်များကို မှေးစင်းကာ ငိုက်မျဉ်းသလိုဖြစ်သွားစဉ် "အေး"၏ ချထားသော ညာဘက်လက်၊ လက်ဖမိုးခုံအနီးသို့ လူတစ်ယောက် လာရောက်၍ ထိုင်ချလိုက်သကဲ့သို့ "အိခနဲ" ဖြစ်သွား၏။ "အေး" သည် လန့်သွားသောစိတ်ဖြင့် မျက်လုံးကို ဖွင့်လိုက်လျှင် အိပ်ရာ ခုတင်ဘေးနားမှ ရုတ်ခြည်း ပျောက်ကွယ်သွားသည့် အရိပ်တစ်ခု . . .။

"ပန်းဆီရောင် . . . ချိပ်ပုဆိုးနှင့်သူ . . ."

"အေး"သည် အိပ်မက်ထဲမှ သူပါကလားဟု သိလိုက်ရ၍ အံ့ဩမိသည်မှလွဲ၍ ထိတ်လန့်မိသောစိတ်များ ပေါ်လာခြင်းမရှိပါ။ "အေး"ဘဝမှာ ဘယ်လိုများ သူနှင့် ဆက်သွယ်နီးနွှယ်မှု ရှိနေပါလိမ့်ဟု အဖြေကိုသာ သိချင်နေသည်။ သူက "နှမလေး . . . မြစိမ်းနွယ်"ဟု ဆွေးမြည့်စွာဖြင့် ခေါ်လိုက်သည့်အသံကိုလည်း "အေး"၏ နားထဲတွင် ထာဝစဉ် ကြားယောင်လျက်ရှိ၏။

ဤသို့ဖြင့် "အေး"အနားယူတတ်သည့် နေ့ခင်းချိန်များတွင် သူရောက်လာသည်မှာ သုံးကြိမ်ရှိသွားလေပြီ။ သူ့ကိုထင်ထင်ရှားရှား "အေး"တွေ့ချင်မြင်ချင်ပါသည်။သို့သော် မြင်ခွင့်မရခဲ့ပါချေ။သူသည် "အေး"အိပ်ရာခေါင်းရင်းဘက်သို့ မျက်နှာမူ၍ ထိုင်နေခြင်းကြောင့် သူ၏မျက်နှာသည်"အေး"မျက်နှာနှင့် နီးကပ်စွာ ရှိနေပါလိမ့်မည်။ "အေး"သည် အိပ်မောကျဟန် ပြုနေရာမှ ပြုန်းခနဲ မျက်စိဖွင့်လိုက်လျှင်တော့ သူ့မျက်နှာကို ထင်ရှားစွာ မြင်နိုင်ရုံမျှမက အကြည့်ချင်းပင် ဆုံသွားနိုင်ပေလိမ့်မည်။ အကြည့်ချင်းဆုံမည်ကိုတော့"အေး"သည် အမှန်ပဲ မလိုလားပါ။ ဤမျှလောက်အထိ နီးကပ်နေသည့် သူ့ပုံရိပ်ကို "အေး"သည် ဘယ်လိုမှ ရင်မဆိုင်ဝံ့ပါ။ ရင်ဆိုင်လိုသော ဆန္ဒလည်းမရှိပါ။

ထို့ကြောင့် သူရောက်လာမည့် အချိန်ကို အေးသည် ဆန္ဒစောစွာဖြင့် စောင့်မျှော်ရင်း အိပ်ချင်ယောင်ဆောင်ခဲ့သည့် တစ်နေ့တွင် သူ့ခုတင်ခြေရင်း၌ ထောင်ထားသည့် ကိုယ်လုံးပေါ်



http://www.cherrythitsar.org

မှန်ကြီးကို သူလာထိုင်တတ်သည့် နေရာနှင့် တည့်တည့်သို့ ရွှေ့ပြောင်း၍ ထောင်လိုက်သည်။ ပြီးတော့ မှန်ကြီးကိုလည်း အနည်းငယ်မတ်၍ ထောင်ထားမှ သူ့ရုပ်သွင်ကို ပိုမိုပီပြင်အောင် မြင်ရမည်ဟူသော စိတ်ကူးဖြင့် စနစ်တကျ စီစဉ်ပြီးမှ အိပ်ရာပေါ်တွင် အိပ်စက်လိုက်သည်။ မကြာမီ သူရောက်လာလျှင် ဝေ့ဝဲလိုက်ပါလာတတ်သည့် ရနံ့သင်းသင်းကလေးသည် သူ့အိပ်ရာဘေးသို့ ရောက်လာတော့၏။ သူသည် "အေး"အနားတွင် ကြာကြာမနေပါ။ အလွန်ဆုံး ငါးမိနစ်လောက်သာ နေတတ်ပါ၏။

ထို့ကြောင့် အေးသည် သူကြိုတင်ပြင်ဆင်ထားသည့် မှန်ကြီးကို မျက်လုံးမပွင့်တစ်ပွင့်ဖြင့် လှမ်းကြည့်လိုက်သောအခါတွင် သူ့ပုံရိပ်၏ နောက်ပိုင်းကျောပြင် လက်တံတောင်ဆစ်ကွေးလောက်မှစ၍ အောက်ပိုင်းပုဆိုးစလေးနှင့် ဝေ့ဝဲနေသည့် ခြေဖမိုးအထိကို ပြတ်သားစွာ မြင်လိုက်ရလေသည်။ "အေး"သည် အမှန်ပင်ရင်ဖိုသွားမိ၏။ တဒိတ်ဒိတ် ခုန်လာသည့် နှလုံးသားမှအသံကို နားဝမှာ ပြတ်သားစွာ ကြားလိုက်ရပါသည်။ ထိုအချိန်မှာပဲ "အေး"သည် မျက်လုံးကို စုံမှိတ်လိုက်လျှင် အိပ်မောကျသွားလေသည်။

အိပ်မက်ထဲမှ သူ့ကို ဤသို့ဖြင့် မကြာခဏ တွေ့နေရသော အဖြစ်ကို "အေး"သည် ရင်မှာသိုဝှက်ထားရင်းဖြင့် မိဘနှစ်ပါး၏ အေးမြသောအရိပ်မှာ နားခိုလာခဲ့ရင်း အသက်သုံးဆယ်ကျော်လာခဲ့သည်။ "အေး"အသက်သုံးဆယ် . ° . ° . ပြည့်သောနှစ်တွင် ဖေဖေ

ကွယ်လွန်သွားသည်။ ထိုအခါ ဒေါ်လေးမြသည် ရန်ကုန်သို့ ပြောင်းရွှေ့ရောက်လာ၏။ သူ့မှာလည်း မေမေ့ထက် စောစွာကပင် သမီးကလေးတစ်ယောက်နှင့် မုဆိုးမဘဝသို့ ရောက်ခဲ့ရသူ ဖြစ်လေရာ "မခင်မြရယ် တို့နဲ့ပဲ အတူလာနေလိုက်ပါ။ ညည်းသမီးကိုလဲ ရန်ကုန်ကျောင်းတစ်ခုခုမှာရအောင် အလုပ်ပြောင်းလျှောက်လွှာ တင်ကြည့်ပေါ့"ဟု မေမေက ခေါ်ယူလိုက်လေသည်။ ဒေါ်လေးမြ၏ သမီးက အလယ်တန်းပြ ကျောင်းဆရာမဖြစ်လေသည်။

ဤသို့ဖြင့် "အေး"တို့အိမ်ကြီးသည် သက်ဝင်လှုပ်ရှားလာပြန်သည်။ ဒေါ်လေးမြ၏သမီး ကျောင်းဆရာမကလည်း သူ၏တပည့်များကို အိမ်မှာ စာပြပေးသောအခါ "အေး"တို့အိမ်သည် အဝင်အထွက် ပရိတ်သတ်တို့ဖြင့် စည်ကားလာ၏။ သို့သော် ထူးဆန်းသည်မှာကား ဒေါ်လေးမြတို့ ရောက်လာကြသည့်နေ့မှစ၍ အိပ်မက်ထဲမှသူသည် အေးထံသို့ ရောက်လာခြင်း လုံးဝ မရှိတော့ပေ။ စောစောပိုင်းအချိန်ကမူ အေးသည် သူ့ကို မျှော်နေမိပါသေးသည်။ လွမ်းတစ္စာဖြင့်လည်း သတိတရ ရှိနေပါသည်။ ခုတော့ "အေး" သည် တမ်းတခြင်းနှင့် လွမ်းရခြင်းများ မရှိတော့ပါ။ မေမေနှင့်အတူ ဝိပဿနာတရားများ အားထုတ်ခြင်းတွင် ပျော်မွေ့နေလေပြီ။ အဘိုးဆုံးမသွားသကဲ့သို့ အလိုက်သင့်နေ၊ ရတနာသုံးပါးကို မပြတ်ဆည်းကပ်ဟူသော ဘဝထဲမှာပဲ အထုံပါလျက်ရှိပါပြီ။

* * * * *

ဒေါ်လေးမြတို့သားအမိနှင့်အတူ ဝါတွင်းကျောင်းပိတ်သော ဥပုသ်နေ့တစ်နေ့တွင် “အေး”သည် ရွှေတိဂုံဘုရားကြီးသို့ ရောက်သွားလေသည်။ ရင်ပြင်တော်သည် ကျောင်းပိတ်ရက်နှင့်ဆုံနေသောကြောင့် ဘုရားဖူးများနှင့် စည်ကားစွာရှိနေ၏။ ထို့ကြောင့် ဒေါ်လေးမြသည် “အေး”၏ လက်ကိုဆွဲကာ လူရှင်းသည့်နေရာကိုသွားပြီး ဘုရားအာရုံပြုရအောင်ဟု ဘုရားကြီး၏ အရှေ့ဘက်မုခ်ရှိ တန်ဆောင်းကြီးထဲသို့ ခေါ်သွားသည်။

ထိုတန်ဆောင်းကြီးကို ဘိုးဘိုးအောင် တန်ဆောင်းခေါ်သည်။ တန်ဆောင်းထဲရှိ ရုပ်ပွားတော်ကြီးကိုလည်း ဘိုးဘိုးအောင်တည်သွားသည့် ဘုရားဖြစ်သည်ဟု ဒေါ်လေးမြက ပြောပြလေလျှင် အသွားအလာ အရောက်အပေါက် နည်းပါးလှသည့် “အေး”သည် သြော်. . .အိပ်မက်ထဲ၌ တွေ့လိုက်ရသည့် အဘိုး ဘိုးဘိုးအောင်၏ ကောင်းမှုကို သူဖူးမြော်နေရပါကလားဟု . . .ဝမ်းသာသွား၏။ မမျှော်လင့်ဘဲ ဖူးခွင့်ကြုံလိုက်ရသည်ကိုလည်း “အေး”မှာ ကျေနပ်လွန်းလှပါသည်။

ထိုတန်ဆောင်းကြီးထဲရှိ ညာဘက်ထောင့်တစ်နေရာတွင် ဒေါ်လေးမြ၏ အသိဆိုသော ရသေ့မကြီး ဒေါ်စန္ဒီမာလာဆိုသူရှိ၏။ အကြားအမြင်နှင့် ဟောသည်မှာ အလွန်မှန်ကန်သည်ဟု ဒေါ်လေးမြသည် သူ့သမီးနှင့်“အေး”ကို ရသေ့မကြီးနှင့် မေးကြည့်ချင်သည်။ “အေး”သည် စိတ်ဝင်စားမှု မရှိပါသော်လည်း ဒေါ်လေးမြ၏ အလိုသို့လိုက်လျောကာ ဒေါ်စန္ဒီမာလာ၏ ရှေ့ဆီသို့ ရောက်ရှိသွား

၏။ ရသေ့မကြီးသည် "အေး"ကို စူးစိုက်စွာဖြင့် အတန်ငယ်ကြာသည်အထိ ကြည့်ပြီးမှ ဒေါ်လေးမြကိုမေးသည်။

"ဘာတော်လဲ"

"ကျွန်မအစ်မရဲ့သမီး။ ကျွန်မတူပါ မယ်တော်ကြီး"

"သြော်...သြော်...သိတာမြင်တာကို ပြောမယ်။ ပြောတဲ့အပေါ်ကို မူတည်ပြီး စိတ်စွဲလန်းတာမျိုး၊ ထိတ်လန့်တာမျိုး မဖြစ်ရဘူးနော်၊ ရတနာသုံးပါးကို မပြတ်ဆည်းကပ်နေရင် ဘယ်လိုပုဂ္ဂိုလ်ကမှ မနှောင့်ယှက်နိုင်ဘူး...ကြားလား"

"ဟုတ်ကဲ့"

"အေး"သည် ဟုတ်ကဲ့ဟုဆိုကာ ဘာများဆက်လက်၍ ပြောဦးမှာလဲဟု နားစိုက်လိုက်လေ၏။

"မိန်းကလေးဟာ ဘဝဟောင်းကလာတာ၊ သုဝဏ္ဏဘူမိက မနူဟာအဆက်၊ မနူဟာမင်းဟာ မိဖုရား၊ သားတော်သမီးတော်တွေနဲ့ အတူ ပုဂံကိုပါသွားရတော့ မြင်းကပါဆိုတဲ့ ရွာကလေးမှာ နေရတယ်။ သူ့မှာ ပါသွားတဲ့ လက်ဝတ်ရတနာတွေကို ရောင်းပြီး ဘုရားတည်တယ်။ တန်ဆောင်းဆောက်တယ်။ ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်ခဲ့တယ်။ အဲသလို ကုသိုလ်ကောင်းမှုတွေကို ပြုခဲ့ပေမယ့် သူ့လက်အောက်မှာ နေရလေခြင်း၊ သူ့နှိပ်စက်ကလူပြုမှုချက်ကို ခံရလေခြင်းဆိုတဲ့ မခံချင်စိတ် ဒေါမနဿလွှမ်းမိုးနေတဲ့

စိတ်ကြောင့် ကောင်းမှုတွေ အားလုံးမပြီးခင် ကွယ်လွန်သွားခဲ့ရာမှာ သုဝဏ္ဏပြည် သထုံကို ဝိညာဉ်က ပြန်လည်ရောက်လာပြီး မြသပိတ်တောင်နေမိန္ဒရကုန်းမှာ နတ်ဘီလူးကြီး လာဖြစ်ရတယ်။ သူ့ကောင်းမှု မပြီးပြတ်တာတွေကို သားတော်တစ်ပါးက ပြီးစီးတဲ့အထိ ဆက်လက်လုပ်ခဲ့တယ်။

အဲဒီ မနူဟာမင်းနဲ့အတူ သမီးတော်လေးပါးပါ ပုဂံကို လိုက်ခဲ့ရတယ်။ မနူဟာမင်း မရှိတော့တဲ့နောက်ပိုင်း သမီးတော်များ လေးပါးအနက်က တတိယသမီးတော်ဖြစ်တဲ့ “မြစိမ်းနွယ်”မင်းသမီးလေးက အင်းဝကို ရောက်သွားတယ်။ သူကလည်း အင်းဝမြို့အရှေ့အရပ်မှာ ဘုရားတစ်ဆူတည်တယ်။ မြစိမ်းနွယ်မင်းသမီးဟာ ဘဝအဆက်ဆက် ပြောင်းလာခဲ့ရာ နောက်ဆုံးဘဝမှာ “နွယ်”အမည်တွေပါတဲ့ ညီအစ်မတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်ခဲ့ပြီး ဗိုလ်တထောင်ဘုရားကြီးမှာ...ရတနာတွေ လှူသွားတယ်။ ကောင်းမှုအမျိုးမျိုးတွေ ပြုသွားခဲ့တယ်။ အဲဒီဘဝက လွန်လာတော့မှ မိန်းကလေးဖြစ်လာတာ၊ ဒါပေမယ့်...

“အေး”သည် ရင်ထဲမှ လှိုက်ကာ လှိုက်ကာ ဆို့တက်လာသည်။ ငိုချင်လာသည့်စိတ်ကို မည်သို့မျှ ထိန်းချုပ်၍မရနိုင်တော့ဟု သိသောအခါတွင် တအစ်အစ်နှင့် အသံထွက်ကာ ငိုလိုက်မိတော့လျှင် ဒေါ်လေးမြ လန့်သွားသည်။ “အေး...အေး”ဟု ခေါ်ရင်း “အေး”၏ လက်ကလေးကို ကိုင်ဆုပ်လိုက်ရာ “အေး”



http://www.cherrythitsar.org

၏လက်များ အေးစက်လျက်ရှိသည်ကို သိလိုက်ရသည်။

“နေပါစေ . . . ဒီဘာမှမဖြစ်ပါဘူး။ သူ့ဘဝအဆက်ဆက်ကို ပြန်လည်သတိရပြီး ဝမ်းနည်းနေတာ”

ဟု မယ်တော်ကြီး ဒေါ်စန္ဒီမာလာက ပြောလေသည်။ “အေး”သည် အိပ်မက်ထဲမှ သူ့မျက်နှာကို မြင်ယောင်ရင်းမှ ဘိုးဘိုး . . . ဆုံးမသွားခဲ့သည့် သောကတွေကို ဖျောက်ဟူသော စကားကို သတိရလိုက်သောအခါ ရင်မှာပေါ့သွားပြန်လေသည်။ ထိုအချိန်မှာပဲ မယ်တော်ကြီးက ခေါ်သည်။

“မိန်းကလေး”

“ရှင်”

“မိန်းကလေး အိမ်ထောင်ဘယ်တော့မှမပြုနဲ့ ကြားလား။ မိန်းကလေး ဘယ်သူ့ကိုမှလဲ သံယောဇဉ်မတွယ်နဲ့။ မိန်းကလေး ဘဝမှာ အိမ်ထောင်ပြုမယ် စိတ်ကူးရင် တစ်ဦးတစ်ယောက်ကို သံယောဇဉ်တွယ်မယ်လို့ စိတ်ကူးရင် သူတို့အတွက်မှာ အန္တရာယ်တွေချည်းပဲ”

မြတ်စိုးထွန်းကို အေးသတိရလိုက်သည်။ မြတ်စိုးထွန်း ရုတ်တရက် ရေနစ်သေသွားရခြင်းမှာ သူ့ပယောဂပါနေသလားဟု စိတ်ထိခိုက်နေပြန်သည်။ “အေး”သည် ထိုညက အိပ်မပျော်။ အရုဏ်ပေါ်သည်အထိ သတိမလစ် မျက်စိကပ်လျက် တရားအာရုံ



http://www.cherrythitsar.org

နှင့် နေလိုက်လေသည်။ "အေး"အသက်သည် လေးဆယ် နားကပ် နေပါပြီ။ သူ့အတွက် မေမေ့ကိုပြုစုရန် တာဝန်မှလွဲ၍ မည်သည့် တာဝန်မျှ မရှိခြင်းသည်ကပင် သူ့အတွက် အခွင့်ကောင်းဖြစ်နေသည် ကို ခုမှသတိပြုမိတော့၏။ မေမေသည်လည်း အသက်ရှစ်ဆယ်။ မှည့်နေပြီဖြစ်သည့် ဘဝနိဂုံး၏ တံခါးဝသို့ပင် ဆိုက်ရောက်နေသည့် အချိန်။

အေးခင်ခင်သည် သူလျှောက်လှမ်းရမည့် ခရီးကို မြင်သွားလေပြီဖြစ်၍ တစ်ကြိမ်တစ်ခါမျှ မကြုံဘူးပါသော ပီတိစိတ်ဖြင့် သူ့တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသည်ကို သတိပြုမိလိုက် သောအချိန်တွင် အဘိုးပြောပြခဲ့သည့် ရတနာ သုံးပါးကို မပြတ်ဆည်းကပ်ဟူသော စကားသံသည် သူ့နားဝတွင် လျှံတက်လာ သည်ဟု ထင်လိုက်ပါသတည်း။

(ပဲခူး ကျောက်တန်း၊ ကျားတက်တရားစခန်းတွင် တရားအားထုတ်နေသည့် ဆရာမလေး ဒေါ်ဥမ္မာရီသို့ ...)

* * * * *



http://www.cherrythitsar.org